# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## မိတ်ဆွေကောင်းနှင့်ပေါင်းသင်း

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်း ဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဏိတဝဂ် (ဓမ္မပဒ - ၇၈)


၁၃၈၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၉ ရက် | ၂၀၂၄ ခုနှစ်၊ မေ ၂ ရက်၊ ကြာသပတေးနေ့ | အတွဲ (၆၃)၊ အမှတ်(၂၁၀)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မြင်စိုင်းမြို့ဟောင်းအနီးတွင် တည်ရှိသည့် ဝါစေ့တောင်၌ ယခင်က မွန်ဂိုများကို တိုက်ခိုက်စဉ် အသုံးပြုခဲ့သည်ဟု ယူဆရသော ကျောက်လိုဏ်ဂူများ ရှိနေ

ကျောက်ဆည် မေ ၁

မန္တလေး တိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် မြင်စိုင်းမြို့ဟောင်းအနီးတွင် တည်ရှိသည့် ဒေသခံများက တောင်ကျွန်းဟု ခေါ်သော ဝါစေ့တောင်၌ ယခင်က မွန်ဂိုများကို တိုက်ခိုက်စဉ် အသုံးပြုခဲ့သည်ဟု ယူဆရမည့် ကျောက်လိုဏ်ဂူများရှိနေကြောင်းသိရသည်။

လိုဏ်ဂူအချို့သာ လူဝင်၍ရသော အနေအထားရှိပြီး ကျန်လိုဏ်ဂူများမှာ ပြိုကျခြင်း၊ ဝင်ပေါက်ပိတ်ဆို့ခြင်းများ ဖြစ်နေကြောင်း အဆိုပါ လိုဏ်ဂူများ အကြောင်းကို လူမှုကွန်ရက်စာမျက်နှာတွင် တင်ခဲ့သူ ဒေသခံတစ်ဦးဖြစ်သည့် ကိုအေးမင်းထံမှ သိရသည်။


*စာမျက်နှာ ၃ ကော်လံ ၁* ❒

ဝါစေ့တောင်မှတွေ့ရသည့် စေတီပျက်တစ်ဆူ၏ ကျောက်ဖိနပ်။

စိတ္တဂုတ်ဂူအတွင်း၌တွေ့ရသော နံရံဆေးရေး ပန်းချီများ။

# တရုတ်ဈေးကွက်အနေအထားကို သိရှိနိုင်ရန် သရက်သီးစမ်းသပ်တင်ပို့နေ ၁၆ ကီလိုတစ်ခြင်းလျှင် ယွမ် ၁၄၀ အထိ ဈေးရရှိ

ရန်ကုန် မေ ၁

တရုတ်နိုင်ငံရှိ ဈေးကွက်အနေအထားကို သိရှိနိုင်ရန် သရက်သီးစမ်းသပ်တင်ပို့နေပြီး ၁၆ ကီလိုတစ်ခြင်းလျှင် ယွမ် ၁၄၀ အထိ ဈေးရရှိနေကြောင်း သရက်တင်ပို့နေသည့် သစ်သီးပွဲရုံတစ်ရုံမှ သိရသည်။

လက်ရှိတွင် ၎င်းတို့အနေဖြင့် ပြည်တွင်းထွက် သရက်သီး တန် ၃၀ ခန့် တရုတ်ဘက်သို့စမ်းသပ်တင်ပို့ထားပြီး လက်ရှိပေါက်ဈေးအရ ဈေးနှုန်းမှာ ၁၆ ကီလိုတစ်ခြင်းကို ယွမ် ၁၀၀ မှ ၁၄၀ အတွင်း ရောင်းနေရကြောင်းလည်း အဆိုပါ သစ်သီးပွဲရုံမှ တာဝန်ရှိသူက ပြောသည်။

"အခုကတော့ တရုတ်ကို သရက်စမ်းသပ်ပို့နေတဲ့ အနေအထားမှာရှိတယ်။ ဈေးနှုန်းကတော့ ၁၆ ကီလိုတစ်ခြင်းကို ယွမ် ၁၀၀ ကနေ ၁၄၀ အတွင်း ရောင်းရတယ်။ တစ်ခြင်းကို အလုံး ၅၀ လောက် ပါတယ်။


*စာမျက်နှာ ၃ ကော်လံ ၄* ❂



ယနေ့ *ဖတ်စရာ*

**အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့ အထိမ်းအမှတ် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်ဖွင့်ပွဲများ နေပြည်တော်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်များ၌ ကျင်းပ** — ပြည်တွင်းသတင်း စာ ၆

**တန်ဖိုးရှိသောဘဝနှင့် ဘဝကို အဓိပ္ပာယ်ရှိရှိ နေကြရအောင်ပါ** — ဆောင်းပါး စာ ၁၀

**ဂျပန်ကုမ္ပဏီ ၄၀၀ ကျော်က မြန်မာ အလုပ်သမား ၁၁၀၀ ကျော် ခေါ်ယူမည်** — ပြည်တွင်းသတင်း စာ ၁၄

# လိုသလိုပုံဖော်ထားသည့်သတင်းနှင့် ပကတိအခြေအနေအမှန်

ယခုနှစ် ဖေဖော်ဝါရီလဆန်းပိုင်းကာလ အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား သုံးဦးကို အီဂျစ်နိုင်ငံ ကိုင်ရိုမြို့ရှိ မြန်မာသံရုံးက အီရတ်အာဏာပိုင်များနှင့် ညှိနှိုင်းပြီး နိုင်ငံတော်အစိုးရ အစီအစဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့သည်။ ရခိုင်ပြည်နယ်မှ အမျိုးသမီးငယ်များဖြစ်ကြသည့် ၎င်းတို့သုံးဦးကို ပွဲစားများက ဒူဘိုင်းတွင် အလုပ်ရရှိမည်ဟူ၍ လိမ်လည်ခေါ်ဆောင်ကာ အီရတ်သို့ပို့ဆောင်ခဲ့ကြခြင်းဖြစ်ပြီး အီရတ်တွင်လည်း အလုပ်အကိုင်အေဂျင်စီပွဲစားများ၏ ခေါင်းပုံဖြတ်နှိပ်စက်ညှဉ်းပန်းမှုများနှင့်ကြုံတွေ့ခဲ့ကြရခြင်းဖြစ်သည်။ ယင်းမတိုင်မီက အစ္စရေးနှင့်ဟားမားစ် ပဋိပက္ခဖြစ်စဉ်အတွင်း ပိတ်မိနေခဲ့သည့် မြန်မာနိုင်ငံသားများကို နိုင်ငံတော်အစီအစဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ပြည်ပရောက် မိမိနိုင်ငံသားများ အခက်အခဲကြုံတွေ့နေရပါက မိမိနိုင်ငံသားများအပေါ် အလေးအနက်တန်ဖိုးထားမှုဖြင့် ကယ်တင်ခြင်း၊ ပြန်လည်ခေါ်ဆောင်ခြင်းတို့ကို ကြိုးပမ်းဆောင်ရွက်ပေးနေခြင်းကြောင့်ပင် ဖြစ်သည်။

လွန်ခဲ့သည့်ရက်သတ္တပတ်တစ်ခုကျော်အတွင်း "အီရတ်တွင် ရောင်းစားခံရသည့် အမျိုးသမီး (၆)ဦး အကူအညီမရသေး" ဟူသောခေါင်းစဉ်ဖြင့် သတင်းတစ်ပုဒ်ကို ပြည်ဖျက်မီဒီယာတစ်ခုက အွန်လိုင်းတွင် ထုတ်လွှင့်ဖော်ပြခဲ့ရာတွင် အဆိုပါသတင်းမှာ နိုင်ငံတော်အစိုးရနှင့် မြန်မာသံရုံးများအပေါ်တွင် ပြည်သူလူထု အထင်အမြင်လွဲမှားစေရန်ရည်ရွယ်၍ သတင်းကိုလိုသလိုဖန်တီးပုံဖော်ထားခြင်းဖြစ်ပြီး မြေပြင်အခြေအနေများနှင့် ကွဲပြားမှုများရှိနေသည်။ အဓိကအချက်မှာ အီရတ်နိုင်ငံတွင် အလုပ်လုပ်ကိုင်နေထိုင်လျက်ရှိပြီး အခက်အခဲကြုံတွေ့နေရသည့် နော်လေးလေးဖော၊ မစုမွန်၊ မအေးအေးသန်း၊ မအိသူ၊ မနွဲ့ယဉ်ဝင်းနှင့် မရီရီချိုတို့ကို မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ယူနိုင်ရေးအတွက် အီဂျစ်နိုင်ငံ ကိုင်ရိုမြို့ရှိ မြန်မာသံရုံးက အီရတ်နိုင်ငံမှ သက်ဆိုင်ရာအာဏာပိုင်၊ လူမှုကူညီရေးအဖွဲ့အစည်းတို့နှင့် ဆက်သွယ်ဆောင်ရွက်နေဆဲဖြစ်ခြင်း၊ မြန်မာသံရုံးနှင့် အမျိုးသမီးခြောက်ဦးတို့မှာ လူမှုကွန်ရက် Viber Messenger တို့မှတစ်ဆင့် ပုံမှန်ထိတွေ့ဆက်သွယ်မှုများ ရှိနေခြင်းပင်ဖြစ်သည်။

ထို့အပြင် ၎င်းတို့ခြောက်ဦးသည် သက်ဆိုင်ရာအလုပ်သမားအေဂျင်စီများနှင့် နှစ်နှစ်အလုပ်လုပ်ကိုင်ရန် ကန်ထရိုက်စာချုပ်များတွင် သဘောတူလက်မှတ်ရေးထိုးချုပ်ဆိုထားရာ စာချုပ်သက်တမ်းမပြည့်မီ အလုပ်မှ နုတ်ထွက်လိုပါက စာချုပ်ပါ သတ်မှတ်လျော်ကြေးပေးမှသာလျှင် အလုပ်မှ နုတ်ထွက်ခွင့်ရမည်ဟု ပြောကြားသဖြင့် မြန်မာသံရုံး၏ မေတ္တာရပ်ခံချက်အရ အီရတ်တွင် အလုပ်သမားအရေးကူညီဆောင်ရွက်ပေးနေသော လူမှုရေးအဖွဲ့အစည်းက အလုပ်ရှင်အား ပြန်လိုသည့် မြန်မာနိုင်ငံသားများကို လျော်ကြေးကင်းလွတ်ခွင့်ပြုပြီး နေရပ်သို့ပြန်နိုင်ရေး ညှိနှိုင်းဆောင်ရွက်လျက်ရှိသော်လည်း အလုပ်ရှင်၏ သဘောတူညီချက်မရသေးကြောင်း၊ မြန်မာသံရုံး၏ ထပ်မံမေတ္တာရပ်ခံချက်အရ မြန်မာအလုပ်သမားများ အလုပ်လုပ်ကိုင်မှုအဆင်ပြေရေး၊ လုပ်ခလစာရရှိရေး၊ အကြမ်းဖက်မှုမရှိရေးတို့ကို အဆိုပါလူမှုရေးအဖွဲ့အစည်းက ဝင်ရောက်ညှိနှိုင်းဆောင်ရွက်ထားကြောင်းနှင့် ၎င်းတို့မှာ အီရတ်နိုင်ငံ၏ နယ်ဝေးမြို့များသို့ရောက်ရှိနေကြခြင်းကြောင့် ကယ်ဆယ်ရေးလုပ်ငန်းများမှာ အခက်အခဲများကြားမှ စဉ်ဆက်မပြတ်ဆောင်ရွက်နေရခြင်းဖြစ်ကြောင်းတို့ကို သိရသည်။

အထက်ဖော်ပြပါဖြစ်ရပ်ကို သင်ခန်းစာယူကာ ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်ကြရာတွင် တရားဝင်အေဂျင်စီများနှင့်သာ ဆက်သွယ်ဆောင်ရွက်ရန်၊ စာချုပ်ချုပ်ဆိုရာတွင် စာချုပ်ပါအချက်များကို ဂရုတစိုက်ဖတ်ရှုစိစစ်ပြီး ရှင်းလင်းစွာ သိနားလည်မှသာ လက်မှတ်ရေးထိုးကြရန်၊ အလုပ်အကိုင်အေဂျင်စီများ၊ ပွဲစားများ၏ လိမ်လည်မှုမခံရစေရေး သတိပြုရန်၊ မိမိသွားရောက်မည့်နိုင်ငံတွင် မြန်မာသံရုံး၊ ကောင်စစ်ဝန်ရုံးတို့ ရှိ၊ မရှိလေ့လာရန်နှင့် စဉ်ဆက်မပြတ်ဆက်သွယ်သတင်းပို့ကြရန် အကျိုးမျှော်ကာ နှိုးဆော်တိုက်တွန်းလိုက်ရပါကြောင်း။ ။

## ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင် ဦးဆောင်သော တပ်မတော်(လေ) ကိုယ်စားလှယ်အဖွဲ့ ထိုင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီးစဉ် သွားရောက်

**နေပြည်တော် မေ ၁**

မြန်မာနှင့်ထိုင်း လေတပ်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်နိုင်ရန်အတွက် ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင် ဦးဆောင်သော တပ်မတော်(လေ)ကိုယ်စားလှယ်အဖွဲ့သည် ထိုင်းဘုရင့်လေတပ်ဦးစီးချုပ် Air Chief Marshal Punpakdee Pattanakul ၏ ဖိတ်ကြားချက်အရ ချစ်ကြည်ရေးခရီးသွားရောက်ရန် ဧပြီ ၃၀ ရက် ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ထိုင်းနိုင်ငံသို့ ထွက်ခွာသွားသည်။

ကာကွယ်ရေးဦးစီးချုပ် (လေ) ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ကို ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဇော်ဟိန်း၊ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ **(အပေါ်ပုံ)**

အဆိုပါ ထိုင်းနိုင်ငံချစ်ကြည်ရေးခရီးစဉ်တွင် ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့်အတူ တပ်မတော်(လေ)မှ အရာရှိကြီးများ လိုက်ပါသွားပြီး ခရီးစဉ်တွင် နှစ်နိုင်ငံလေတပ်အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်နိုင်ရေး ကိစ္စရပ်များနှင့်ပတ်သက်၍ တွေ့ဆုံဆွေးနွေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ကြေညာချက်

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့စာတိုက်လုပ်ငန်းမှ မြန်မာနိုင်ငံတစ်ဝန်းရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ စာဖတ်နှုန်းမြင့်တက်စေရန်ရည်ရွယ်၍ တစ်ဖက်တစ်လမ်းမှ ပါဝင်ဝန်ဆောင်မှုပေးသည့်အနေဖြင့် ပြန်ကြားရေးဝန်ကြီးဌာနမှ ဖွင့်လှစ်ထားသော လူထုအခြေပြုဗဟိုဌာန (စာကြည့်တိုက်) များသို့ စာအုပ်များ ပေးပို့လှူဒါန်းလိုပါက မြန်မာ့စာတိုက်လုပ်ငန်းရှိ စာတိုက်များတွင် **(အခမဲ့)** ပေးပို့နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

မြန်မာ့စာတိုက်လုပ်ငန်း
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားစျေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီစျေးနှုန်းများ

၂-၅-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီစျေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၈၄၅ | ၂၉၁၀ | ၂၈၉၅ | ၂၈၅၅ | ၂၉၁၀ | ၂၉၃၀ | ၂၉၃၅ | ၂၈၉၅ | ၃၀၃၀ | ၃၀၅၅ | ၂၉၀၀ | ၂၉၁၅ | ၂၉၄၅ | ၂၉၄၀ | ၂၉၅၀ | ၃၃၇၅ | ၃၄၅၀ |
| 95 Ron | ၂၉၆၀ | ၃၀၂၅ | ၃၀၁၀ | ၂၉၆၅ | ၃၀၂၅ | ၃၀၄၀ | ၃၀၄၅ | ၃၀၀၅ | ၃၁၄၅ | ၃၁၇၀ | ၃၀၁၅ | ၃၀၃၀ | ၃၀၆၀ | ၃၀၅၅ | ၃၀၆၅ | ၃၄၉၀ | ၃၅၆၀ |
| HSD (500 ppm) | ၂၄၃၀ | ၂၄၈၀ | ၂၄၆၅ | ၂၄၂၀ | ၂၄၈၀ | ၂၄၉၅ | ၂၅၀၀ | ၂၄၆၀ | ၂၆၀၀ | ၂၆၂၅ | ၂၄၇၀ | ၂၄၈၀ | ၂၅၁၅ | ၂၅၁၀ | ၂၅၁၅ | ၂၉၄၀ | ၃၇၂၅ |
| HSD (50 ppm) | ၂၄၆၀ | ၂၅၂၅ | ၂၅၁၀ | ၂၄၇၀ | ၂၅၂၅ | ၂၅၄၅ | ၂၅၄၅ | ၂၅၁၀ | ၂၆၄၅ | ၂၆၇၀ | ၂၅၁၅ | ၂၅၃၀ | ၂၅၆၀ | ၂၅၅၅ | ၂၅၆၅ | ၂၉၉၀ | ၃၇၈၅ |
| HSD (10 ppm) | ၂၄၆၀ | ၂၅၂၅ | ၂၅၁၀ | ၂၄၇၀ | ၂၅၂၅ | ၂၅၄၅ | ၂၅၄၅ | ၂၅၁၀ | ၂၆၄၅ | ၂၆၇၀ | ၂၅၁၅ | ၂၅၃၀ | ၂၅၆၀ | ၂၅၅၅ | ၂၅၆၅ | ၂၉၉၀ | ၃၇၈၅ |

ကျပ်/လီတာ

| Fuel (လက်ကားစျေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၇၀၈ | ၂၇၉၆ |
| 95 Ron | ၂၈၀၈ | ၂၉၀၈ |
| HSD (500 ppm) | ၂၂၈၉ | ၂၃၆၄ |
| HSD (50 ppm) | ၂၃၃၅ | ၂၄၁၁ |
| HSD (10 ppm) | ၂၃၃၅ | ၂၄၁၁ |

မှတ်ချက်။
(၁) MOPS စျေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။
(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# (၇၈)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးဒုတိယဗိုလ်ချုပ်ကြီးရာပြည့် မီးသတ်တပ်ဖွဲ့ဝင်များ သွေးလှူဒါန်းမှုနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်နေမှု ကြည့်ရှုအားပေး

**နေပြည်တော် မေ ၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်သည် ၂၀၂၄ ခုနှစ် မေ ၅ ရက်တွင် ကျရောက်မည့် (၇၈)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယနေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင် ၁၀၀၀) တွင် သန္နေ့နှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်းသွေးလှူဒါန်းခြင်းနှင့် ဆေးရုံဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုအားပေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင် ၁၀၀၀)တွင် မီးသတ်တပ်ဖွဲ့ဝင် ၆၃ ဦး စုပေါင်းသွေးလှူဒါန်းမှုနှင့် ဆေးရုံဝင်းအတွင်း တပ်ဖွဲ့ဝင်အင်အား ၃၀၀ တို့ဖြင့် သစ်ပင်ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ ရေမြောင်းများ သန့်ရှင်းရေးပြုလုပ်ခြင်း၊ အမှိုက်များရှင်းလင်းခြင်း စသည့် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးပြီး စုပေါင်းသွေးလှူရှင်များနှင့် သန့်ရှင်းရေး ဆောင်ရွက်နေကြသည့် တပ်ဖွဲ့ဝင်များကို ခွန်အားပြည့်အာဟာရ အစားအစာများ ထောက်ပံ့ပေးအပ်သည်။

ယနေ့အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်း၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ မီးသတ်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူနှင့် အရာရှိကြီးများ၊ သန္နေတပ်ဖွဲ့ဝင်များနှင့် အရန်တပ်ဖွဲ့ဝင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ပတွင် အလုပ်ရုံဆွေးနွေးပွဲများနှင့် သင်တန်းများ တက်ရောက်ခဲ့သည့် အတွေ့အကြုံများကို လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ကြရန် မှာကြား

**နေပြည်တော် မေ ၁**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်လျက်ရှိကြသည့် နိုင်ငံ့ဝန်ထမ်းများ၏ ပြည်ပအစည်းအဝေး၊ အလုပ်ရုံဆွေးနွေးပွဲများနှင့် သင်တန်းအတွေ့အကြုံများ ပြန်လည်ရှင်းလင်းပွဲကို ယမန်နေ့ နံနက်ပိုင်းက ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**

အခမ်းအနားတွင် ဒုတိယဝန်ကြီး ဒေါက်တာ အောင်ကြီးက စိုက်ပျိုးရေး၊ မွေးမြူရေး ပညာရှင်များ အနေဖြင့် ပညာရပ်အသီးသီး၏ အတွေ့အကြုံနှင့် ပညာရပ်ဗဟုသုတများ ပြန်လည်မျှဝေခြင်းဖြင့် မိမိတို့ကိုယ်တိုင်သာမက လုပ်ဖော်ကိုင်ဖက် ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြင့်မားရေးအတွက် အထောက်အကူပြုနိုင်ကြောင်း၊ သက်ဆိုင်ရာ ကဏ္ဍအလိုက် ဗဟုသုတများပြန့်ပွားစေခြင်းနှင့် နည်းပညာအသစ်များအား မျှဝေအသုံးပြုနိုင်စေရေး ဆောင်ရွက်ခြင်းဖြင့် လယ်ယာကဏ္ဍနှင့် မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု ပိုမိုအားကောင်းလာစေရေး ကြိုးပမ်းကြစေလိုကြောင်း ပြောကြားသည်။

အဆိုပါအတွေ့အကြုံရှင်းလင်းပွဲတွင် ဗီယက်နမ်နိုင်ငံ၌ ၂၀၂၃ ခုနှစ် အောက်တိုဘာ ၁၉ ရက်မှ ၂၃ ရက်အထိ ကျင်းပခဲ့သည့် နည်းပညာဖလှယ်ရေးညီလာခံနှင့် အာဖရိကဝက်တုပ်ကွေး ကာကွယ်ဆေးမိတ်ဆက်ခြင်း တိုက်ရိုက်ထုတ်လွှင့်ပွဲအခမ်းအနား၊ အိန္ဒိယသမ္မတနိုင်ငံ ကော်လ်ကတ္တားမြို့တွင် ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၆ ရက် မှ ၁၉ ရက်အထိ ဖွင့်လှစ်ခဲ့သည့် ရေရှည်တည်တံ့သောရေလုပ်ငန်းနှင့် မွေးမြူရေးဆိုင်ရာသင်တန်း၊ ထိုင်းနိုင်ငံတွင် ၂၀၂၄ ခုနှစ် မတ် ၂၀ ရက်မှ ၂၁ ရက်အထိ ကျင်းပခဲ့သည့် အရှေ့တောင်အာရှဒေသတွင် တရားမဝင်ငါးဖမ်းဆီးမှု တိုက်ဖျက်နိုင်ရန်အတွက် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှု အားကောင်းလာစေရေးနှင့် နိုင်ငံအဆင့် စွမ်းဆောင်ရည်မြှင့်တင်ရေးဆိုင်ရာ စီမံကိန်းအပြီးသတ်အလုပ်ရုံဆွေးနွေးပွဲနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ၂၀၂၃ ခုနှစ် အောက်တိုဘာ ၁၁ ရက်မှ ၃၁ ရက်အထိ ကျင်းပခဲ့သည့် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးထွက်ကုန်များ ထုတ်လုပ်မှုနည်းပညာဆိုင်ရာ နီးနှောဖလှယ်ပွဲ အတွေ့အကြုံများကို သက်ဆိုင်ရာကဏ္ဍအလိုက် ကိုယ်စားလှယ်များနှင့် ပညာတော်သင်အမှုထမ်း၊ အရာထမ်းများက ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တက်ရောက်လာကြသူများက ဝိုင်းဝန်းဆွေးနွေးသုံးသပ်ခဲ့ကြပြီး ဒုတိယဝန်ကြီးက လယ်ယာကဏ္ဍဖွံ့ဖြိုးရေး၊ တောင်သူများ၏ ဝင်ငွေနှင့် လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် မိမိနိုင်ငံနှင့် လိုက်လျောညီထွေမည့် နည်းပညာများကို တောင်သူများထံသို့ ပြန်လည်ဆင့်ပွားပညာပေးရန် ဖြည့်စွက်ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❒ *ရှေ့ဖုံးမှ*

မြင်စိုင်းဒေသတွင် ရှေးလက်ရာစေတီပုထိုးများ၊ ဘုရား၊ ကျောင်းကန်များ ရှိနေဆဲဖြစ်ကာ အဆိုပါဒေသသည် မွန်ဂိုတို့ကို ဥမင်တူးကာ ခုခံခဲ့သည်ဟု ကျော်ကြားသည့်နေရာဖြစ်ပြီး ရွှေဥမင်တောင်တန်းရှိ ရွှေဥမင်ဂူနှင့် စိတ္တာဂုတ်ဂူအတွင်း၌ မြင်စိုင်းခေတ်လက်ရာနံရံဆေးပန်းချီများ ကျန်ရှိနေသေးကြောင်းလည်း သိရသည်။ “မြို့ရိုးနန်းတော်ရာလို့ ယူဆတဲ့နေရာက အခု ကုလားကျောင်းဆိုတဲ့ရွာဖြစ်နေတယ်။ အဲဒီရွာတစ်ရွာလုံးက မြို့ရိုးကြီးထဲမှာပဲ ရှိတယ်။ မြို့ရိုးနေရာက သမိုင်းပညာရှင်တွေ ပြောပြတာက တောင်မတ်မတ်တွေကြောင့် သဘာဝခံတပ်ကြီးလို ဖြစ်နေတာပေါ့။ အဲဒီတောင်က ကုလားကျောင်းရွာ အရှေ့ဘက်ပါ။ တောင်မှာ လိုဏ်ဂူတွေတူးထားတာ။ ဝင်ပေါက်တွေက ကျဉ်းကျဉ်းလေးတွေ။ ဒါပေမယ့် အထဲကို ဝင်သွားပြီဆိုရင် ဂူတွေက ကျယ်တယ်။ လူတွေကလည်း ဝင်ကြတယ်။ အရင်တုန်းကလည်း လာတူးကြတယ်လို့ ပြောဖူးတယ်။ ဂူတွေ ပြိုကုန်တာလည်း ရှိတယ်။ စုစုပေါင်း လိုဏ်ဂူ အလုံး ၂၀ လောက်ရှိတယ်။ တချို့ဂူဆို အဲဒီဂူအပေါ်ကို ရောက်နေပေမယ့် အဲဒီဂူကို မမြင်ရဘူး။ နယ်ခံတွေတောင် မျက်စိလည်နေတာ။ အတွင်းထဲမှာ အကျယ်ကြီးဖြစ်သွားတာ။ မြွေအကြီးကြီးတွေလည်းရှိတော့ အရင်က မဝင်ရဲဘူး။ အခု ဝါစေ့ တောင်မှာရှိတဲ့ ဂူတော်တော်များများက ပြိုကျကုန်တယ်” ဟု ၎င်းက ဆိုသည်။

ထိုသို့ပြိုကျရသည့် အကြောင်းအရင်း များစွာထဲတွင် ကျောက်မိုင်းခွဲခဲ့ခြင်း၊ ရာသီဥတုအခြေအနေကြောင့်ဖြစ်ကြောင်း ၎င်း၏ ရေးသားထားမှုအရ သိရသည်။ “လူဝင်လို့ ရတာက ဆယ်ခုမှာ တောင် လွတ်လွတ်လပ်လပ်ဝင်လို့ ရတာက လိုဏ်ဂူက သုံးဂူလောက်ပဲ ရှိတယ်။ ခါးလေးကုန်းပြီး ဝင်ရတာ။ တခြားဂူတွေက ဝမ်းလျားမှောက်ပြီး ဝင်ရတာလည်းရှိတယ်။ အမိုးလိုက်ကြီး ပြိုကျတဲ့ ဂူတွေလည်းရှိတယ်။ တောင်ရဲ့အရှေ့ဆုံး အဖျားလေးမှာ ညာဘက်ခြမ်းက ဂူမှာ ရေးရေးလေးပဲရှိတဲ့ ကနုတ်ပန်းတွေနံရံမှာ ရေးထားတာလည်း တွေ့တယ်”ဟု ကိုအေးမင်းက ဆိုသည်။ **Htet Oo Maung**

❂ *ရှေ့ဖုံးမှ*

ဈေးနှုန်းကတော့ ပုံမှန်လောက်တော့ရှိတယ်။ တစ်ခုက လမ်းခရီးကြန့်ကြာမှုတွေလည်းရှိတော့ အသီးက မလတ်ဆတ်တာတွေဆိုရင် ရေရှည်အတွက်တော့ အန္တရာယ်ရှိတယ်။ အသီးမှည့်လာပြီဆိုရင်တော့ ဈေးနှုန်းကမရနိုင်ဘူး”ဟု ၎င်းက ပြောသည်။

လက်ရှိ တရုတ်ဘက်သို့ မိုင်းလားဘက်လမ်းကြောင်းမှ သရက်သီးတင်ပို့နေရပြီး လမ်းခရီးအနေဖြင့် လေးရက်ခန့်အထိ ကြာမြင့်၍ သရက်သီးအရည်အသွေးကောင်းမွန်မှုသာ ဈေးကောင်းရရှိနိုင်ပြီး ကုန်ကျစရိတ်၊ ရာသီဥတုအပူချိန်၊ လမ်းခရီးကြန့်ကြာမှုကြောင့် ပြည်ပသို့တင်ပို့ရန် ဈေးကွက်အခြေအနေကို စောင့်ကြည့်မှုများရှိနေသည်။

မြန်မာ့သရက်သီးကို ဧပြီလမှစ၍ ပြည်ပသို့ နှစ်စဉ်တင်ပို့လျက်ရှိပြီး တရုတ်ဘက်သို့ ပြီးခဲ့သည့်နှစ်များတွင် တစ်ရက်လျှင် တန်ချိန် ၂၀၀၊ ၃၀၀ ခန့်အထိ တင်ပို့မှုများရှိခဲ့သော်လည်း ယခုနှစ်အတွင်း လမ်းခရီးကြန့်ကြာမှု၊ ခရီးစရိတ်မြင့်မားမှုများ အစရှိသဖြင့် အကြောင်းအမျိုးမျိုးကြောင့် အနည်းငယ်သာ တင်ပို့နိုင်ကြောင်း သိရသည်။

“အခုကတော့ အရင်နှစ်တွေကလို တစ်ရက်ကို တန်ချိန် ၂၀၀၊ ၃၀၀ သွားတာမဟုတ်ဘူး။ တန်ချိန်နည်းနည်းစီပဲ ပို့နိုင်တယ်။ ဈေးကွက်ကလည်း မဆိုးပါဘူး၊ ကောင်းပါတယ်”ဟု ၎င်းက ပြောသည်။

သရက်စိုက် တောင်သူများအနေဖြင့်လည်း မြေဩဇာ၊ အိတ်စွပ်ခ၊ အလုပ်သမားငှားရမ်းခအပြင် အဘက်ဘက်မှ ကုန်ကျစရိတ်မြင့်မားလာမှုကြောင့် သရက်ဈေးကောင်းရရှိစေလိုသည့် ဆန္ဒရှိကြောင်း သိရသည်။

ယခုနှစ်အတွင်း ပြည်ပသို့တင်ပို့ရန် ခရီးစရိတ်မြင့်မားမှုများရှိသလို နယ်စပ်မှ တင်ပို့မည်ဆိုလျှင်လည်း လမ်းခရီးကြန့်ကြာမှုများရှိသဖြင့် ဈေးကွက်ထဲသို့ရောက်ရှိချိန်တွင် အသီးမလှတော့ဘဲ နာသွားပါက ဈေးကောင်းမရရှိနိုင်တော့၍ ပြည်တွင်းဈေးကွက်ပိုဖြစ်ရန် အလားအလာရှိသည်ဟု ထင်မြင်မိကြောင်း မြန်မာနိုင်ငံ သရက်သီးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားထားသည်။ **MT**

# မြန်မာနိုင်ငံပုဂ္ဂလိကဆေးရုံများအသင်း၏ (၂၀၂၄) ခုနှစ် သင်းလုံးကျွတ် နှစ်ပတ်လည်အစည်းအဝေး ကျင်းပ

**နေပြည်တော် မေ ၁**

မြန်မာနိုင်ငံ ပုဂ္ဂလိကဆေးရုံများအသင်း၏ (၂၀၂၄) ခုနှစ် သင်းလုံးကျွတ် နှစ်ပတ်လည်အစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် Virtual စနစ်ဖြင့် ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း၊ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဗဟိုအဖွဲ့ အဖွဲ့ဝင် ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံ ဆေးကောင်စီ၊ မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားကောင်စီ၊ မြန်မာနိုင်ငံ ဆေးပညာရှင်များအဖွဲ့တို့မှ ဥက္ကဋ္ဌများ၊ မြန်မာနိုင်ငံ ပုဂ္ဂလိကဆေးရုံများအသင်းဥက္ကဋ္ဌ ဒေါက်တာထင်ပေါ် နှင့် အလုပ်အမှုဆောင် အဖွဲ့ဝင်များ၊ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြန်မာနိုင်ငံ ပုဂ္ဂလိကဆေးရုံများအသင်းဝင် ဆေးရုံများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိ**

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းများဥပဒေနှင့်အညီ စည်းကမ်းတကျ နိုင်ငံတကာအဆင့်မီ ဖွံ့ဖြိုးတိုးတက်စေရန် ဝန်ကြီးဌာနအနေဖြင့် ကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအခါ ပုဂ္ဂလိကဆေးရုံ ၂၉၅ ရုံကို လုပ်ငန်းလိုင်စင်ခွင့်ပြုထားရှိပြီး အဆိုပါဆေးရုံများအားလုံး မြန်မာနိုင်ငံ ပုဂ္ဂလိကဆေးရုံများအသင်း အသင်းဝင်များဖြစ်စေရန် စည်းရုံးဆောင်ရွက်ရန် လိုအပ်သောကြောင့် ဝန်ကြီးဌာနအနေဖြင့် နှိုးဆော်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ လုပ်ငန်းလိုင်စင် စည်းကမ်းများကို လိုက်နာရန်ပျက်ကွက်သည့် ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းများကို ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိကြောင်း။

ကျန်းမာရေးစောင့်ရှောက်မှု ပေးနေသူများ သက်တမ်းရှိ သတ်မှတ်လိုင်စင်ရှိစေရေး၊ တည်ဆဲဥပဒေများနှင့် ငြိစွန်းထားသူများ မဖြစ်စေရေးအတွက် စိစစ်ဆောင်ရွက်လျက်ရှိသဖြင့် အသင်းဝင်များကလည်း အလေးထားလိုက်နာ ဆောင်ရွက်စေလိုကြောင်း၊ ပုဂ္ဂလိကဆေးရုံများအနေဖြင့် ပြည်တွင်း ပုဂ္ဂလိက ဆေးဝါးထုတ်လုပ်သောစက်ရုံများမှ ထုတ်လုပ်သည့် ဆေးနှင့်ဆေးပစ္စည်းများကို ဦးစားပေး ဝယ်ယူသုံးစွဲစေလိုကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် အရေးကြီးမရှိမဖြစ်ဆေးဝါးများ ဈေးကွက်အတွင်း စဉ်ဆက်မပြတ် လက်လှမ်းမီရရှိစေရေး၊ ဈေးနှုန်းတည်ငြိမ်မှုရှိစေရေး၊ အရည်အသွေးပြည့်မီစေရေး ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း။

**အရည်အသွေးကို ထိန်းသိမ်းမြှင့်တင်**

ယနေ့အစည်းအဝေးသည် မြန်မာနိုင်ငံ ပုဂ္ဂလိကဆေးရုံများအသင်း၏ သင်းလုံးကျွတ် နှစ်ပတ်လည်အစည်းအဝေးဖြစ်သဖြင့် (၂၀၂၄-၂၀၂၆)ခုနှစ်အတွက် ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အသစ်များ ရွေးချယ်တင်မြှောက်ခြင်းဖြစ်၍ အသင်းအတွက် အမှန်တကယ် ထောက်ပံ့ကူညီ ဆောင်ရွက်ပေးနိုင်မည့်သူများ ရွေးချယ်တင်မြှောက်နိုင်မည်ဟု ယုံကြည်ကြောင်း၊ ဥက္ကဋ္ဌအသစ်နှင့် အလုပ်အမှုဆောင်အသစ်များကိုလည်း ဝမ်းမြောက်စွာကြိုဆိုပြီး ဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံ ပုဂ္ဂလိကဆေးရုံများအသင်းနှင့် ပူးပေါင်းညှိနှိုင်းကာ လိုအပ်သည်များ ပံ့ပိုးကူညီသွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ ပုဂ္ဂလိကဆေးရုံများအသင်းအနေဖြင့် ကောင်းမွန်သော ရည်ရွယ်ချက်၊ လုပ်ဆောင်ချက်များဖြင့် ပုဂ္ဂလိကဆေးရုံများ၏ အရည်အသွေးကို ထိန်းသိမ်းမြှင့်တင်ကာ ပြည်သူများအတွက် မျှတသောစရိတ်ဖြင့် အရည်အသွေးပြည့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးနိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ထို့နောက် နှစ်ပတ်လည်အစည်းအဝေးကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ ပုဂ္ဂလိကဆေးရုံများအသင်းမှ တာဝန်ရှိသူများက ၂၀၂၃ ခုနှစ် နှစ်ပတ်လည် အစီရင်ခံစာများကို တင်သွင်းဖတ်ကြားကြပြီး (၂၀၂၄-၂၀၂၆)ခုနှစ် သက်တမ်းအတွက် ဥက္ကဋ္ဌ ဒေါက်တာအေးအေးစန်း ခေါင်းဆောင်သော အဖွဲ့ဝင် ၁၅ ဦးပါ ဗဟိုအလုပ်အမှုဆောင်ကော်မတီကို ရွေးချယ်တင်မြှောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# သုံးခွမြို့နယ် ရေပါကန်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများ၌ ကျန်းမာရေးစောင့်ရှောက်

**နေပြည်တော် မေ ၁**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် ရေပါကန်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံပြည်သူများအား ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေး အဖွဲ့က အဆိုပါကျေးရွာရှိ ရွာဦးကျောင်းတိုက်၌ ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။ **(အောက်ပုံ)**

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သာသနာ့နွယ်ဝင် သီလရှင် တစ်ပါးနှင့် ဒေသခံပြည်သူ စုစုပေါင်း ၇၀ တို့ကို သွားနှင့်ခံတွင်းရောဂါ၊ မျက်စိရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အရိုးအကြောရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။ ယင်းသို့ ဆောင်ရွက် ပေးနေမှုများကို သန်လျင်တပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# သာစည်မြို့နယ်၌ ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်

**သာစည် မေ ၁**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲအခမ်းအနားကို ဧပြီ ၃၀ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးသက်ကျော်က အမှာစကားပြောကြားပြီး မြို့နယ်စီမံကိန်းဦးစီးရုံးမှ ဦးစီးအရာရှိ ဒေါ်ကေသီစိုးက စီမံကိန်းတာဝန်ပေးအပ်မှုများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်းရည်မှန်းချက်များနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းစီမံကိန်းတာဝန်များကို မြို့နယ်စီမံကိန်း ရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာတာဝန်ရှိသူများထံ ပေးအပ်သည်။ **(အပေါ်ပုံ)** သာစည်မြို့နယ်၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုရန်ပုံငွေဖြင့် လုပ်ငန်း ၂၉ ခု၊ တိုင်းဒေသကြီးရန်ပုံငွေဖြင့် လုပ်ငန်း ၈၄ ခုတို့ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ပခုက္ကူမြို့နယ်၌ ပြည်သူများအား အပူဒဏ်ကာကွယ်ပေးနိုင်ရေး အပူရှောင်စခန်း စတင်တည်ဆောက်

**ပခုက္ကူ မေ ၁**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်အတွင်းရှိပြည်သူများအား အပူဒဏ်အန္တရာယ်မှ ကာကွယ်ပေးနိုင်ရေးအတွက် အမှတ်(၁၄) ရပ်ကွက် စနစ်သစ်ပုထိုးတိုက် ဘုန်းတော်ကြီး ကျောင်းဝင်း၌ မေ ၁ ရက် နံနက်ပိုင်းမှ စတင်ပြီး အပူရှောင်စခန်း တည်ဆောက်လျက်ရှိသည်။ **(ယာပုံ)**

အဆိုပါ အပူရှောင်စခန်း တည်ဆောက်နေမှုကို ပခုက္ကူမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်စိုးမိုး၊ အဖွဲ့ဝင်(၁) ဗိုလ်မှူး သက်ထွန်းနိုင်နှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး ကျောင်းထိုင်ဆရာတော်နှင့် တည်ဆောက်ရေး လုပ်ငန်း တာဝန်ခံများနှင့် တွေ့ဆုံကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြသည်။

အပူရှောင်စခန်းကို ယခုလဆန်းပိုင်းအတွင်း ဖွင့်လှစ်နိုင်ရေး စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပြီး မြို့ပေါ်ရပ်ကွက်နှင့်မြို့နယ်အတွင်းက အပူရှောင်နေထိုင်မည့် ပြည်သူများအား ဧည့်ခံကျွေးမွေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်ပေးခြင်းလုပ်ငန်းများကို အခမဲ့ စစ်ဆေးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အပူရှောင်စခန်း တည်ဆောက်ရေး လုပ်ငန်း တာဝန်ခံများထံမှ သိရသည်။

**ဆလိုင်းကိုကီး(၃၄၀)**

# နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာနိုင်

**နေပြည်တော် မေ ၁**

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် ကျောက်တံတားမြို့နယ် ကျန်းမာရေးဆိပ်ခံတံတား၌ ဆိုက်ကပ်ထားသည့် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ စစ်ဆေးရေးလုပ်ငန်းများတွင် အသုံးပြုမည့် ဌာနပိုင်ဇင်ယော်ရေယာဉ်များ ကြံ့ခိုင်မှုကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၁

**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် ပန်းဆိုးတန်းလမ်းရှိ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန၊ ပြည်ဝင်/ပြည်ပြန်ဝင်နှင့် နေခွင့်ပြုခြင်းဆိုင်ရာဌာနခွဲရုံးခန်းသို့ ရောက်ရှိစစ်ဆေးသည်။**

ထိုသို့ စစ်ဆေးစဉ် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန၊ မော်တော်ယာဉ်၊ ရေယာဉ်ဌာနစိတ် (ရန်ကုန်) တာဝန်ခံလက်ထောက်ညွှန်ကြားရေးမှူး ဦးတင်ထွန်းအောင်က ဇင်ယော် (၁)၊ (၂)၊ (၃) ရေယာဉ်များ၏ သမိုင်းကြောင်း၊ ရေယာဉ်တစ်စီးချင်းအလိုက် ဝန်ထမ်းများ တာဝန်ချထားမှု၊ ရေယာဉ်များ ကြံ့ခိုင်ကောင်းမွန်ရေးအတွက် နှစ်စဉ်ပြုပြင် ပြင်ဆင်မှုနှင့် လက်ရှိရေယာဉ်သုံးစင်းအား ဒေါက်တင်ပြင်ဆင်ဆောင်ရွက်ပြီးစီးမှု၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ နေ့စဉ်ပေးပို့လာသည့် နိုင်ငံတကာပင်လယ်ကူးသင်္ဘောကြီးများ ဝင်/ထွက်မှု စာရင်းအရ ဇင်ယော်ရေယာဉ်များဖြင့် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာလုပ်ငန်းများ သွားရောက်စစ်ဆေးဆောင်ရွက်မှုနှင့် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြပြီး လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးရဲထွန်းဦးက လုပ်ငန်းဆိုင်ရာများနှင့်ပတ်သက်၍ ဖြည့်စွက်ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များ မှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် ကျောက်တံတားမြို့နယ် Yangon Innovation Centre (YIC) ရှေ့ရှိ ကျန်းမာရေးဆိပ်ခံတံတား၌ ဆိုက်ကပ်ထားသည့် ဌာနပိုင် ဇင်ယော် (၁)၊ (၂)၊ (၃) ရေယာဉ်သုံးစင်းအား သွားရောက်ကြည့်ရှုစစ်ဆေးရာ ရေးဦးစွာ ရေယာဉ်ဝန်ထမ်းများက ရေယာဉ်အလိုက် တာဝန်ထမ်းဆောင်မှုကို မိတ်ဆက်ကြပြီး ပြည်ထောင်စုဝန်ကြီးက မိမိတို့ဌာနအနေဖြင့် ပြည်သူကို ထိရောက်သောဝန်ဆောင်မှုများ ပေးနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ စစ်ဆေးဆောင်ရွက်ရသည့် ရေယာဉ်များတွင် တာဝန်ထမ်းဆောင်သည့် ဝန်ထမ်းများအနေဖြင့်လည်း စစ်ဆေးရေးလုပ်ငန်းများကို ဥပဒေ၊ လုပ်ထုံး လုပ်နည်းများနှင့်အညီ ဆောင်ရွက်ကြရန်လိုကြောင်း၊ ရေယာဉ်ဝန်ထမ်းများနှင့် စစ်ဆေးရေးဝန်ထမ်းများ၏ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် စနစ်တကျ ဆောင်ရွက်ကြရန်နှင့် ရေယာဉ်များ ကြံ့ခိုင်ကောင်းမွန်စေရေး၊ ဇင်ယော်ရေယာဉ်များတွင် တာဝန်ထမ်းဆောင်ကြသည့် ဝန်ထမ်းများအနေဖြင့် သင်္ဘောသားဆိုင်ရာ အဆင့်မြင့်သင်တန်းများကို ထပ်မံတက်ရောက်ကြရန် လိုအပ်ပါကြောင်း၊ ဝန်ထမ်းများအနေဖြင့် ပေးအပ်သည့်တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ကြရန်နှင့် စစ်ဆေးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အခြားသော ဆက်စပ်ဌာနများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ကြရန်လိုကြောင်း ရှင်းလင်းမှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဇင်ယော်ရေယာဉ်သုံးစင်းအား ရေယာဉ်တစ်စီးချင်းအလိုက် ဝန်ထမ်းများ တာဝန်ထမ်းဆောင်မှု၊ စက်ခန်းများနှင့် ရေယာဉ်တက်မခန်းများ အခြေအနေ၊ ရေယာဉ်တစ်စီးချင်းအလိုက် ဒေါက်တင်ပြင်ဆင်ဆောင်ရွက်ပြီးစီးမှုနှင့် စစ်ဆေးရေးလုပ်ငန်းများ ထမ်းဆောင်ရန် အသင့်ဖြစ်မှုကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို လိုက်လံရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# (၇၈)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်း

**ရန်ကုန် မေ ၁**

(၇၈)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်းသန့်ရှင်းရေးနှင့် စုပေါင်းသွေးလှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ကျင်းပသည်။

သွေးလှူဒါန်းခြင်းကို မေ ၅ ရက်တွင် ကျရောက်မည့် (၇၈)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သန္ဓေတပ်ဖွဲ့ဝင် ၁၀၁ ဦး၊ အရန်တပ်ဖွဲ့ဝင် ၃၁ ဦးတို့က စုပေါင်းသွေးလှူဒါန်းကြရာ ထိုသို့သွေးလှူဒါန်းနေမှုများကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးရဲမင်းသူနှင့် တာဝန်ရှိသူများက အားပေးကြည့်ရှုကြရာ တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှူး ညွှန်ကြားရေးမှူးဦးမင်းစမ်းအေး၊ ရန်ကုန်ပြည်သူ့ဆေးရုံအုပ်ကြီး ပါမောက္ခချုပ် ဒေါက်တာ သီတာလှတို့က သွေးလှူဒါန်းနေမှု အခြေအနေကို ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့က တပ်ဖွဲ့ဝင်တစ်ဦးလျှင် ကြက်ဥ ၃၅ လုံး၊ အအေးနှင့် ထောက်ပံ့ငွေများကို ပေးအပ်ကြသည်။

ထို့နောက်ဆေးရုံကြီးသန့်ရှင်းသပ်ရပ်ရေးအတွက် တပ်ဖွဲ့ဝင် ၅၅၀ ကျော်ဖြင့် အဆင့်မြင့်မီးသတ်စက်ယာဉ်ဖြင့် ဆေးရုံ၏အမိုးများ၊ နံရံများပေါ်တွင် ပေါက်နေသော အပင်များ ရှင်းလင်းခြင်း၊ ရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်ခြင်း၊ ဆေးရုံကြီး အတွင်းအပြင်သန့်ရှင်းရေး ဆောင်ရွက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

**ဆန်းကျော်ဦး (ပြန်/ဆက်)**

## ၂၀၂၄ ခုနှစ် မေလ (ပထမ) ၁၀ ရက်ပတ်အတွက် စိုက်ပျိုးရေးမိုးလေဝသခန့်မှန်းချက်

နေပြည်တော် မေ ၁

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် လေဖိအားနည်းရပ်ဝန်းတစ်ကြိမ် ဖြစ်ပေါ်နိုင်သည်။ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်ပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနိုင်သည်။

**မိုးရွာသွန်းနိုင်မှုအခြေအနေ**

ကချင်ပြည်နယ်တွင် ရွာသွန်းမြဲထက် ပိုနိုင်ပြီး နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲအောက် လျော့နည်းနိုင်ကာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ချင်းပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**အမြင့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် (၈၀)ဒီဂရီဖာရင်ဟိုက်မှ (၉၁) ဒီဂရီဖာရင်ဟိုက်အတွင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (အရှေ့ပိုင်းနှင့်မြောက်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၉၂ ဒီဂရီဖာရင်ဟိုက်မှ ၁၀၂ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် ၁၀၃ ဒီဂရီဖာရင်ဟိုက်မှ ၁၁၃ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

**အနိမ့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်တွင် ၅၄ ဒီဂရီဖာရင်ဟိုက်ခန့်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီးတောင်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ၆၄ ဒီဂရီဖာရင်ဟိုက်မှ ၇၅ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်းနှင့်အနောက်ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၇၆ ဒီဂရီဖာရင်ဟိုက်မှ ၈၇ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

**လေထုစိုထိုင်းဆအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် ၄၃ ရာခိုင်နှုန်းမှ ၅၂ ရာခိုင်နှုန်းအတွင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် တောင်ပိုင်း) တို့တွင် ၅၃ ရာခိုင်နှုန်းမှ ၆၂ ရာခိုင်နှုန်း အတွင်း၊ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်အရှေ့ပိုင်းနှင့် မွန်ပြည်နယ်တို့တွင် ၆၃ ရာခိုင်နှုန်းမှ ၇၂ ရာခိုင်နှုန်းအတွင်းနှင့် ရခိုင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ၇၃ ရာခိုင်နှုန်းမှ ၈၄ ရာခိုင်နှုန်းအတွင်း အသီးသီး ရှိနိုင်သည်။

**ပင်ငွေ့ရေငွေ့ပြန်နှုန်းအခြေအနေ**

ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် (၃၉ မီလီမီတာ)မှ (၄၉ မီလီမီတာ)အတွင်း၊ ပဲခူးတိုင်းဒေသကြီးတောင်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်တောင်ပိုင်း)၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် (၅၀ မီလီမီတာ)မှ (၆၁ မီလီမီတာ)အတွင်း၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး (အရှေ့ပိုင်းနှင့်အနောက်ပိုင်း)၊ ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် (၆၂ မီလီမီတာ)မှ (၇၁ မီလီမီတာ)အတွင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်း ဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် (၇၂ မီလီမီတာ)မှ (၈၃ မီလီမီတာ)အတွင်း အသီးသီး ရှိနိုင်သည်။

**မြေဆီလွှာအောင်းရေအခြေအနေ**

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်း ဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် (ခြောက်သွေ့)အခြေအနေ အသီးသီးရှိနိုင်ပါသည်။

**မိုး/ဇလ**

# အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့ အထိမ်းအမှတ် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်ဖွင့်ပွဲများ နေပြည်တော်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်များ၌ ကျင်းပ

**နေပြည်တော် မေ ၁**

အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့ အထိမ်းအမှတ် နေပြည်တော် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် နေပြည်တော် ဒက္ခိဏသီရိဈေး၌ ကျင်းပရာ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ မြို့တော်ဝန် ဦးသန်းထွန်းဦး၊ နေပြည်တော် ကောင်စီဝင်များ၊ နေပြည်တော် စည်ပင်သာယာရေး ကော်မတီ ဒုတိယမြို့တော်ဝန်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ နေပြည်တော် MSME အသင်း ဥက္ကဋ္ဌနှင့် MSME အေဂျင်စီအဖွဲ့ဝင်များ၊ MSME လုပ်ငန်းရှင်များ၊ စီးပွားရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ မြို့တော်ဝန် ဦးသန်းထွန်းဦးက အမှာစကား ပြောကြားပြီး နေပြည်တော် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်ကို နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီ အဖွဲ့ဝင် ဗိုလ်မှူးကြီး ရဲမိုးနှင့် ဦးဇေယျာလင်း၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန် ဦးမောင်မောင်၊ နေပြည်တော် MSME အသင်းဥက္ကဋ္ဌ ဦးကျော်စွာဝင်းတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကာ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ မြို့တော်ဝန်သည် တာဝန်ရှိသူများနှင့်အတူ MSME လုပ်ငန်းရှင်များ၏ ဒေသထွက်ထုတ်ကုန် အရောင်းပြခန်းများကို လှည့်လည်ကြည့်ရှု အားပေးသည်။ **(ယာပုံ)**

အဆိုပါ ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်တွင် နေပြည်တော် MSME လုပ်ငန်းရှင်များက ဒေသထွက်ထုတ်ကုန် အရောင်းပြခန်း ဆိုင်ခန်းပေါင်း ၅၀ ဖြင့် မေ ၁ ရက်မှ ၅ ရက်အထိ ပြသရောင်းချမည် ဖြစ်ကြောင်း သိရသည်။

## ကချင်ပြည်နယ်

ကချင်ပြည်နယ် အစိုးရအဖွဲ့က ကြီးမှူး၍ MSME ဒေသထုတ်ကုန်ပြပွဲ၊ ဈေးရောင်းပွဲကို မေ ၁ ရက် နံနက် ၉ နာရီက မြစ်ကြီးနားမြို့ အမှတ် (၁)အခြေခံပညာ အထက်တန်းကျောင်းဝင်း အတွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပရာ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးတူးဂျာနှင့် ပြည်နယ်ဝန်ကြီးများက ပြပွဲနှင့် ဈေးရောင်းပွဲတော် မုခ်ဦးဆိုင်းဘုတ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး ပြည်နယ်အတွင်းရှိ MSME လုပ်ငန်းရှင်များက ခင်းကျင်းပြသထားသည့် ဒေသထွက်ကုန်ပြခန်းများကို လှည့်လည်ကြည့်ရှု အားပေးသည်။ ပြခန်းများကို ဈေးဝယ်သူများ၊ လာရောက် လေ့လာကြည့်ရှုသူများဖြင့် စည်ကားလျက်ရှိပြီး မေ ၂ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

## ကရင်ပြည်နယ်

ကရင်ပြည်နယ် အစိုးရအဖွဲ့ ကကြီးမှူးကျင်းပသော အလုပ်သမားနေ့ အထိမ်းအမှတ် ပြည်နယ်ထုတ်ကုန်ပစ္စည်းများ MSME ပြပွဲကို မေ ၁ ရက် နံနက် ၈ နာရီက ဘားအံမြို့ ဇွဲကပင်ခန်းမ၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် တာဝန်ရှိသူများက ပြခန်းများကို လှည့်လည်ကြည့်ရှု အားပေးကြပြီး ပြပွဲတွင် လူသုံးကုန်၊ စားသောက်ကုန်၊ ရိုးရာ အဝတ်အထည်များ၊ စိုက်ပျိုးရေး ထုတ်ကုန်များနှင့် ဌာနဆိုင်ရာ ပြခန်း စုစုပေါင်း ၂၈ ခန်း ပြသထားကြောင်း သိရသည်။

ကချင်ပြည်နယ်

ကရင်ပြည်နယ်

## ချင်းပြည်နယ်

ချင်းပြည်နယ် အစိုးရအဖွဲ့က ဦးဆောင် ကျင်းပပြုလုပ်သော ပြည်နယ်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၏ဒေသထုတ်ကုန်ပြပွဲ အခမ်းအနားကို မေ ၁ ရက် နံနက် ၁၀ နာရီက ဟားခါး တပ်နယ် အားကစားကွင်း၌ ကျင်းပရာ ယနေ့နံနက် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ ဝုန်ဆွန်းထန်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးနေစိုး၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ်မှ ဗိုလ်မှူးချုပ် နိုင်ဝင်းအောင်၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး သိန်းထွန်းအောင်နှင့် ပြည်နယ်စီးပွားရေးရာဝန်ကြီး ဦးဟန်ကျင့်ဇမ်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

## မွန်ပြည်နယ်

အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့ အခမ်းအနားကို ဂုဏ်ပြုသောအားဖြင့် ပြည်နယ်အတွင်းရှိ စက်ရုံအလုပ်ရုံများမှ ထုတ်လုပ်သော ကုန်ပစ္စည်းများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား (MSME) စီးပွားရေးလုပ်ငန်းများမှ ထုတ်လုပ်သည့် ထုတ်ကုန်များ၊ ဒေသထွက် ရိုးရာအစားအစာများ ပြပွဲကို မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ ယနေ့နံနက်က ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းနှင့် ပြည်နယ်ဝန်ကြီးများ တက်ရောက် ကြည့်ရှုအားပေးသည်။

## ရှမ်းပြည်နယ်

၂၀၂၄ ခုနှစ် အလုပ်သမားနေ့ အထိမ်းအမှတ် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်ကို မေ ၁ ရက်က တောင်ကြီးမြို့ မြို့တော်ခန်းမ၌ကျင်းပရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးသည်။ အဆိုပါ MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်ကို မေ ၁ ရက်မှ ၃ ရက်အထိ ရောင်းချသွားမည် ဖြစ်ကြောင်းနှင့် မြို့တော်ခန်းမ ဘေးပတ်လည်တွင် ညဈေးများ ရောင်းချသွားမည်ဖြစ်သည်။

## တနင်္သာရီတိုင်းဒေသကြီး

တနင်္သာရီတိုင်း ဒေသကြီး ထားဝယ်မြို့ မြို့တော်ခန်းမရှေ့၌ MSME ထုတ်ကုန်များပြပွဲကို ယနေ့ နံနက် ၉ နာရီခွဲက ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုနှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှု အားပေးသည်။ ပြပွဲတွင် တိုင်းဒေသကြီးအတွင်းမှ ဒေသအလိုက် ထွက်ရှိသည့် ကုန်ကြမ်းများ၊ ဒေသထွက်ကုန်နှင့် စားသောက်ကုန်များကို အရောင်းပြခန်းပေါင်း ၁၈ ခန်းဖြင့် ပြသထားကြောင်း သိရသည်။

ချင်းပြည်နယ်

မွန်ပြည်နယ်

ရှမ်းပြည်နယ်

တနင်္သာရီတိုင်းဒေသကြီး

**သတင်းစဉ်၊ တိုင်းဒေသကြီး/ပြည်နယ် (ပြန်/ဆက်)**

# အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့ အခမ်းအနားများ တိုင်းဒေသကြီး၊ ပြည်နယ်များ၌ ကျင်းပ

**ထားဝယ် မေ ၁**

မေ ၁ ရက်တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။ အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုက ဖတ်ကြားသည်။ **(ယာပုံ)**

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများက အလုပ်သမားဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များနှင့်ပတ်သက်သည့် ဗီဒီယိုကလစ်ကိုလည်းကောင်း၊ တိုင်းဒေသကြီးအတွင်း အလုပ်သမားရေးရာကိစ္စများ ဆောင်ရွက်ပေးမှုမှတ်တမ်းဓာတ်ပုံများကိုလည်းကောင်း ကြည့်ရှုအားပေးသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

## ကရင်ပြည်နယ်

အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့ အခမ်းအနားကို မေ ၁ ရက် နံနက် ၈ နာရီက ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့သော သဝဏ်လွှာကို ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး ကဖတ်ကြားပြီး **(ဝဲပုံ)** ပြည်နယ်ဝန်ကြီးချုပ်နှင့် အခမ်းအနားသို့ တက်ရောက်လာသူများက အလုပ်သမားဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုများ ဗီဒီယိုကလစ်ကို အတူတကွ ကြည့်ရှုကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အတွင်း ဝန်ဆောင်မှုကဏ္ဍနှင့် ထုတ်လုပ်မှုကဏ္ဍတို့တွင် ထူးချွန်ဆုရရှိကြသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ပြီး အလုပ်သမားနေ့ကို ဂုဏ်ပြုသောအားဖြင့် ရွှေကရင်အဖွဲ့၏ ဒိုးပတ်ဝိုင်း၊ ကျောင်းသား ကျောင်းသူများက အလုပ်သမားနေ့ သီချင်းဖြင့် သီဆိုကပြဖျော်ဖြေကြရာ ပြည်နယ်စီးပွားရေးရာ ဝန်ကြီးက ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## ရှမ်းပြည်နယ်

၂၀၂၅ ခုနှစ် အလုပ်သမားနေ့ အခမ်းအနားကို မေ ၁ ရက်က တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့သော ၂၀၂၅ ခုနှစ် အလုပ်သမားနေ့ သဝဏ်လွှာကို ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က ဖတ်ကြားပြီး **(ယာပုံ)** အလုပ်သမားရေးရာ ဆောင်ရွက်ထားရှိမှုများကို ဗီဒီယိုကလစ် ဖြင့် ပြသသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များက အလုပ်သမားရေးရာ လုပ်ငန်းဆောင်ရွက်မှု မှတ်တမ်းများ ခင်းကျင်းပြသထားသည့် ပြခန်းများကို ကြည့်ရှုအားပေးကြသည်။ **မောင်မောင်သန်း (တောင်ကြီး)**

## မွန်ပြည်နယ်

မေ ၁ ရက်တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်သည်။

ရှေးဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ထံမှ အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့ အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာကို ပြည်နယ်ဝန်ကြီးချုပ်က ဖတ်ကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက အလုပ်သမားဝန်ကြီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက် ဗီဒီယိုကလစ်ပြသမှုကို ကြည့်ရှုအားပေးခဲ့ကြကာ အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကူးကြသည်။ **(အောက်ပုံ)**

**စည်သူ(ပြန်/ဆက်)**

## ပဲခူးတိုင်းဒေသကြီး

အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့ အခမ်းအနားကို မေ ၁ ရက်က ပဲခူးမြို့ မြို့တော်ခန်းမ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့သည့် သဝဏ်လွှာကို တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ဖတ်ကြားသည်။ **(အပေါ်ပုံ)** ထို့နောက် ပဲခူးတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးမျိုးအောင်က အလုပ်သမားနေ့ ဖြစ်ပေါ်လာပုံနှင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အလုပ်သမားများ၏ အခန်းကဏ္ဍကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် အလုပ်သမားနေ့ အထိမ်းအမှတ် ဗီဒီယိုကလစ်အား ကြည့်ရှုကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဖျော်ဖြေရေးအဖွဲ့များ၊ MSME အေဂျင်စီအဖွဲ့၊ အလုပ်ရှင် အလုပ်သမားညှိနှိုင်းဖျန်ဖြေရေး အဖွဲ့များနှင့် အမှတ်တရ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး အခမ်းအနား တက်ရောက်လာသည့် စက်ရုံအလုပ်ရုံ လုပ်ငန်းရှင်များ၊ အလုပ်သမားကိုယ်စားလှယ်များ၊ MSME လုပ်ငန်းရှင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက် အားပေးစကားပြောကြားကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

## ကော့သောင်းမြို့နယ်အတွင်းရှိ ရေထွက်ပစ္စည်းနှင့် အထွေထွေရောင်းဝယ်ရေး သမဝါယမအသင်းများက ငါး၊ ပုစွန်များ ဖြန့်ဖြူးရောင်းချ

**တနင်္သာရီ မေ ၁**

တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ပင်လယ်ငါးဖမ်းလုပ်ငန်းများမှ ငါး၊ ပုစွန်နှင့် ရေထွက်ပစ္စည်းများကို ပြည်တွင်း၌ ရောင်းချပေးလျက်ရှိရာ ကော့သောင်းမြို့နယ်မှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွင်း သိမ်းထိုက်ဇော် ရေထွက်ပစ္စည်းနှင့် အထွေထွေ ရောင်းဝယ်ရေး သမဝါယမအသင်းလီမိတက်မှ ရေထွက်ပစ္စည်းကုန်တန်ချိန် ၆၀၉၈ ဒသမ ၁၁၂ တန်နှင့် ချမ်းမြေ့ကျော်ရေထွက်ပစ္စည်းနှင့် အထွေထွေ ရောင်းဝယ်ရေး သမဝါယမအသင်းလီမိတက်မှ ရေထွက်ပစ္စည်းကုန်တန်ချိန် ၄၅၄ ဒသမ ၃၂ တန်ကို စားသုံးသူပြည်သူများသို့ ဖြန့်ဖြူးရောင်းချပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

သက်ရှိကမ္ဘာ ရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

# ပုဂံလူရည်ချွန်စခန်းမှ လူရည်ချွန်ကျောင်းသားကျောင်းသူများ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ အလိုတော်ပြည့်ဘုရား၊ ဓမ္မရံကြီးဘုရားနှင့် စူဠာမဏိဘုရားတို့ကို ဖူးမြော်လေ့လာ

ညောင်ဦး မေ ၁

**မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံလူရည်ချွန်စခန်းမှ လူရည်ချွန် ကျောင်းသား ကျောင်းသူများသည် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ သမိုင်းဝင်အထင်ကရဘုရားများကို ယနေ့နံနက် ၆ နာရီခွဲမှစတင်၍ ဖူးမြော်ကြပြီး စုရပ်အသီးသီးသို့ ပြန်လည်ထွက်ခွာခဲ့ကြောင်း သိရသည်။**

ပုဂံလူရည်ချွန်စခန်းမှ လူရည်ချွန်ကျောင်းသား ကျောင်းသူများသည် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ အလိုတော်ပြည့်ဘုရား၊ ဓမ္မရံကြီးဘုရားနှင့် စူဠာမဏိဘုရားတို့အား ဖူးမြော်ကြည်ညိုကြပြီး လူရည်ချွန်ကျောင်းသား ကျောင်းသူများ စုပေါင်းလှူဒါန်းသည့် အလှူငွေများကို မန္တလေးတိုင်း ပညာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်မိုးထွန်းနှင့် လူရည်ချွန်ကျောင်းသားကျောင်းသူများက ဘဏ္ဍာတော်ထိန်းဂေါပကဥက္ကဋ္ဌတို့ထံ ပေးအပ်လှူဒါန်းကြသည်။ ဆက်လက်၍ လူရည်ချွန်ကျောင်းသား ကျောင်းသူများအား ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (ပုဂံဌာနခွဲ) တာဝန်ရှိသူများက ဘုရားကြီးများ သမိုင်းကြောင်း၊ တည်ထားကိုးကွယ်ခဲ့သည့် မင်းများနှင့် ရှေးဟောင်းအင်္ဂတေပန်းများ၊ ဗိသုကာလက်ရာများအကြောင်းကို ရှင်းလင်းပြသရာ ကျောင်းသားကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းကြပြီး သက်ဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ ဘုရားများတွင် ရောင်းချနေသည့် ပုဂံအမှတ်တရပစ္စည်း အရောင်းဆိုင်များမှ ပုဂံပြန်လက်ဆောင် ပစ္စည်းများကို ကျောင်းသား ကျောင်းသူများ ဝယ်ယူမှုများပြားခဲ့ကြောင်း သိရသည်။

**ဒီပါလင်း**

# တောင်ကြီးလူရည်ချွန်စခန်း ရှမ်းပြည်နယ်ဝန်ကြီးချုပ်၏ ဂုဏ်ပြုညစာစားပွဲနှင့် စခန်းသိမ်းပွဲကျင်းပ

**တောင်ကြီး မေ ၁**

၂၀၂၄ ခုနှစ် တောင်ကြီးလူရည်ချွန်စခန်း ရှမ်းပြည်နယ်ဝန်ကြီးချုပ်၏ ဂုဏ်ပြုညစာစားပွဲနှင့် စခန်းသိမ်းပွဲကို ဧပြီ ၃၀ ရက် ည ၆ နာရီခွဲက တောင်ကြီးမြို့ အိမ်တော်မြက်ခင်းပြင်၌ ကျင်းပသည်။

ဂုဏ်ပြုညစာစားပွဲနှင့် စခန်းသိမ်းပွဲတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဦးအောင်အောင်က တောင်ကြီးမြို့ အိမ်တော်မြက်ခင်းပြင်၌ (Grade-10) ဒသမတန်း ဘက်စုံပညာထူးချွန် ကျောင်းသား ကျောင်းသူ လူငယ်မောင်မယ်များကို ဂုဏ်ပြုညစာစားပွဲဖြင့် ဂုဏ်ပြုနိုင်ရေးနှင့် စခန်းသိမ်းပွဲအတွက် အဘက်ဘက်က ဝိုင်းဝန်းကူညီပေးခဲ့သူများအားလုံးကို အထူးကျေးဇူးတင်ရှိကြောင်း၊ ရှမ်းပြည်နယ် တောင်ကြီးစခန်းကို လာရောက်ကြသည့် လူရည်ချွန်များ၊ ကြီးကြပ်ဆရာ ဆရာမများကို ကြိုဆိုခြင်းမှအစပြု၍ ယနေ့ဂုဏ်ပြုညစာစားပွဲနှင့် စခန်းသိမ်းပွဲတိုင်အောင် ကြားကာလလုပ်ငန်းအသီးသီးမှာ စေတနာထားပြီး အဘက်ဘက်က ပြည့်စုံအောင် ဆောင်ရွက်ပေးကြသည့် တာဝန်ရှိသူအားလုံးကို ပြည်နယ် အစိုးရအဖွဲ့ကိုယ်စား အထူး ကျေးဇူးတင်ရှိပါကြောင်း၊ ယနေ့ထူးချွန်ထက်မြက်ကြသည့် မောင်တို့မယ်တို့သည် မိမိတို့၏ အချိန်များကို မဖြုန်းမိစေဘဲ ထိထိရောက်ရောက် သုံးစွဲတတ်ကြရန်နှင့် ရှမ်းပြည်နယ်အတွင်း လေ့လာရေးခရီးစဉ်များက ရရှိထားသည့် ဗဟုသုတများ၊ အတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး မိမိတို့အတွက်၊ မိမိပတ်ဝန်းကျင်အတွက်၊ နိုင်ငံအတွက် ပြန်လည်အသုံးချစေလိုကြောင်း၊ နေရပ်ကို ပြန်သည့် ခရီးစဉ်များလည်း ချောမွေ့၍ မိမိတို့ရပ်ရွာဒေသ၊ မိမိတို့မြို့နယ်၏ အားကိုးအားထားပြုထိုက်သော လူရည်ချွန် လူတော်များ၊ ခေါင်းဆောင်ကောင်းများ ဖြစ်လာရန် ကြိုးစားကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ရှမ်းပြည်နယ် ဝန်ကြီးချုပ်နှင့် ဇနီးတို့က လူရည်ချွန် မောင်မယ်များနှင့် ကြီးကြပ် အုပ်ချုပ်သူများအား Crystal trophy များနှင့် မြန်မာ့အသံ ရုပ်မြင်သံကြားနှင့် မြဝတီရုပ်မြင်သံကြား ရိုက်ကူးရေးအဖွဲ့အား ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ကြပြီး အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ ဇနီးက လူရည်ချွန်မောင်မယ်များအား အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ကာ ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်နှင့် ဇနီးတို့က လူရည်ချွန် မောင်မယ်များအား တိုင်းရင်းသား ရိုးရာဝတ်စုံများ လက်ဆောင်ပေးအပ်ခဲ့ကြသည်။

ထို့နောက် လူရည်ချွန် မောင်မယ်များကိုယ်စား ရန်ကုန်တိုင်းဒေသကြီးမှ လူရည်ချွန် နှစ်ထပ်ကွမ်း မောင်ခန့်ဇင်ငြိမ်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး ဂုဏ်ပြုညစာစားပွဲနှင့် ဖျော်ဖြေရေးအစီအစဉ်များ၊ မီးပုံးပျံများ တပျော်တပါး လွှတ်တင်ကြကြောင်း သိရသည်။

**မောင်မောင်သန်း (တောင်ကြီး)**

# ဒွါဒသမတန်းလူရည်ချွန်အပန်းဖြေစခန်း (ချောင်းသာ) စခန်းပိတ်သိမ်းပွဲအခမ်းအနားကျင်းပ

**ချောင်းသာ မေ ၁**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ချောင်းသာမြို့၌ ဒွါဒသမတန်း လူရည်ချွန်မောင်မယ်များ စခန်းချ နေထိုင်လျက်ရှိသည့် ၂၀၂၄ ခုနှစ် လူရည်ချွန်စခန်း (ချောင်းသာ) စခန်းပိတ်သိမ်းပွဲ အခမ်းအနားကို ယမန်နေ့ညပိုင်းက စခန်းတည်ရှိရာ AZURA ဟိုတယ်ရှေ့ ကမ်းခြေသဲသောင်ပြင်တွင် ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ စခန်းပိတ်သိမ်းပွဲ ကျင်းပမည့် ကမ်းခြေသဲသောင်ပြင်၌ လူရည်ချွန်မောင်မယ်များက နေရာယူကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကား ပြောကြားသည်။

**တပျော်တပါးပါဝင်ဆင်နွှဲ**

ယင်းနောက် စခန်းသိမ်းမီးပုံပွဲကို ဆက်လက်ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဇနီးတို့က စခန်းသိမ်းမီးပုံအား မီးစတင်ထွန်းညှိ၍ မီးပုံပွဲကို စတင်ကျင်းပပြီး ဝန်ကြီးချုပ်နှင့်အတူ ဧည့်သည်တော်များ၊ လူရည်ချွန် မောင်မယ်များ၊ ကြီးကြပ် ဆရာ ဆရာမများက မီးပုံပွဲကို တပျော်တပါး ပါဝင်ဆင်နွှဲခဲ့ကြသည်။

**ဂုဏ်ပြုဆုငွေများချီးမြှင့်ပေးအပ်**

ထို့နောက် လူရည်ချွန် အပန်းဖြေစခန်း(ချောင်းသာ) စခန်းမှူး၊ တိုင်းဒေသကြီး ပညာရေးမှူး ဦးတိုးဝင်းနှင့် ချောင်းသာဟိုတယ်ဇုန်အဖွဲ့များက လူရည်ချွန် မောင်မယ်များအား အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ပြီး သီဆိုကပြဖျော်ဖြေကြသည့် လူရည်ချွန် မောင်မယ်များအား တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးခင်မောင်ကြည်က ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးအပ်သည်။

**မီးရှူးမီးပန်းပစ်လွှတ်**

ဆက်လက်၍ လူရည်ချွန် မောင်မယ်များက သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အစုအဖွဲ့များဖြင့် တေးသီချင်းများကို ကပြသီဆိုခဲ့မှုများအား တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က ၂၀၂၄ ခုနှစ် ဒွါဒသမတန်း လူရည်ချွန်စခန်း(ချောင်းသာ)အား ပိတ်သိမ်းကြောင်း ကြေညာခဲ့ပြီး လူရည်ချွန်မောင်မယ်များ၊ ကြီးကြပ် ဆရာ ဆရာမများက လပ်တီးသီချင်းဖြင့် ဝိုင်းဖွဲ့သီဆိုကခုန်ခဲ့ကြကာ စခန်းပိတ်သိမ်းပွဲ အထိမ်းအမှတ်အဖြစ် မီးရှူးမီးပန်းများပစ်လွှတ်၍ အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းခဲ့ကြောင်း သိရသည်။**ချောင်းသာ(ပြန်/ဆက်)**

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်း ပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှုစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှုစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှုစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှုစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှုစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၉

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှုစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှုစာတိုပို့ဝန်ဆောင်မှု (SMS) ၀၉-၂၅၅၀၀၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှုစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှုစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှုစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၄

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှုစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှုစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့်တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## ၂၀၂၄ ခုနှစ်၊ ရေကြောင်းနှင့် လေကြောင်း လူငယ်အခြေခံသင်တန်းများနှင့် တန်းမြင့်သင်တန်းများကို သက်ဆိုင်ရာမြို့နယ်အသီးသီး၌ လေ့ကျင့်သင်ကြားပေးလျက်ရှိ

**နေပြည်တော် မေ ၁**

ကျောင်းသားကျောင်းသူ မျိုးဆက်သစ် လူငယ်မောင်မယ်များကို နွေရာသီကျောင်းပိတ်ရက် ကာလအတွင်း အသိပညာများ ဖွံ့ဖြိုးတိုးတက်စေရန်၊ အားလပ်ရက်များအကျိုးရှိစေရန်၊ မိမိဝါသနာပါသည့် ပညာရပ်များကို လေ့လာဆည်းပူးနိုင်စေရန်နှင့် နိုင်ငံတော်အတွက် ရေကြောင်းပညာ၊ လေကြောင်းပညာ ကျွမ်းကျင်သော အနာဂတ်မျိုးဆက်သစ် လူငယ်များ ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ တပ်မတော် (ရေ)က ရေကြောင်း လူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများ၊ တပ်မတော်(လေ) က အခြေခံလေကြောင်း လူငယ်သင်တန်းနှင့် တန်းမြင့်လေကြောင်း လူငယ်သင်တန်းဖွင့်ပွဲများကို ဧပြီ ၂၂ ရက်တွင် သက်ဆိုင်ရာမြို့နယ် အသီးသီးရှိ သင်တန်းစခန်းများ၌ တစ်ပြိုင်တည်း စတင်ဖွင့်လှစ်ခဲ့ပြီး လေ့ကျင့် သင်ကြားပေးလျက်ရှိသည်။

### လေ့ကျင့်သင်ကြား

ထိုသို့ လေ့ကျင့်သင်ကြားလျက်ရှိရာ ယနေ့တွင် တပ်မတော်(ရေ) က ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများကို နေပြည်တော်ကောင်စီနယ်မြေရှိ နေပြည်တော်စခန်းတန်းခွဲ (၁) ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ ၅၉ ဦး၊ နေပြည်တော်စခန်းတန်းခွဲ(၂) ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ ၁၂ ဦး၊ ရန်ကုန်တိုင်းဒေသကြီးရှိ အင်းယား ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ ၉၇ ဦး၊ ကိုကိုးကျွန်းမြို့ရှိ ရေကြောင်း လူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ ၄၃ ဦး၊ ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ ၁၅၅ ဦး၊ မွန်ပြည်နယ်မော်လမြိုင်မြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ ၇၀၊ တနင်္သာရီတိုင်းဒေသကြီး ဟိန်းဇဲဒေသရှိ

ရေကြောင်း လူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ ၆၀၊ မြိတ်မြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ ၅၄ ဦး၊ ကျွန်းစုမြို့ရှိရေကြောင်း လူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ ၅၂ ဦး၊ မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ရှိ ရေကြောင်း လူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ ၆၁ ဦးနှင့် ရှမ်းပြည်နယ် ကျိုင်းတုံမြို့ရှိ ရေကြောင်း လူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ ၄၅ ဦးတို့ကို တာဝန်ရှိသူနည်းပြများက လေ့ကျင့်သင်ကြားပေးလျက်ရှိပြီး သက်ဆိုင်ရာမြို့နယ် အသီးသီးရှိ တပ်မတော်(ရေ) ရေကြောင်း လူငယ်သင်တန်းစခန်း ၁၀ ခုမှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၈၁၈ ဦးတို့ကို လေ့ကျင့်သင်ကြားပေးလျက် ရှိသည်။ **(အပေါ်ပုံ)**

အလားတူ တပ်မတော်(လေ) က အခြေခံလေကြောင်း လူငယ်သင်တန်းနှင့် တန်းမြင့်လေကြောင်း လူငယ်သင်တန်းများကို ဖွင့်လှစ်သင်ကြား လေ့ကျင့်ပေးလျက်ရှိပြီး ယနေ့တွင် သင်တန်းသားသင်တန်းသူများအား လေကြောင်းအသိပညာနှင့် ဒေသန္တရ ဗဟုသုတ တိုးပွားလာစေရန် ရည်ရွယ်ပြီး သက်ဆိုင်ရာ သင်တန်းစခန်းအလိုက် နည်းပြ/ အုပ်ချုပ်သူများနှင့် တာဝန်ရှိသူများမှ ဦးစီး၍ တပ်မတော်(လေ) လေတပ်စခန်းဌာနချုပ်များနှင့် လေတပ်စခန်းများရှိ ပျံသန်းရေးအုပ်များသို့ လည်းကောင်း **(ဝဲပုံ)**၊ အခြားဗဟုသုတ ရဖွယ်နေရာများနှင့် ဒေသအလိုက် အထင်ကရနေရာများသို့ လည်းကောင်း ပို့ဆောင်ပေးခဲ့ကြသည်။

### ကြည့်ရှုအားပေး

ထိုသို့ ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများ၊ အခြေခံလေကြောင်း လူငယ်သင်တန်းနှင့် တန်းမြင့်လေကြောင်း လူငယ်သင်တန်းများ လေ့ကျင့်သင်ကြား ပို့ချနေမှုများနှင့် လေ့လာရေး ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေး ရှင်းလင်းပြသပြီး လိုအပ်သည်များ ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## “ရင်ထဲကနွေ” တေးဂီတ ဖျော်ဖြေပွဲ မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမည်

**နေပြည်တော် မေ ၁**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေဖြင့် ပြည်သူများ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန် ရည်ရွယ်ပြီး Friday Night Live Show တေးဂီတ ဖျော်ဖြေပွဲများကို ဆန်းသစ် တင်ဆက်ပေးလျက်ရှိရာ မေ ၃ ရက် (သောကြာနေ့) ည ၉ နာရီခန့်တွင် “ရင်ထဲကနွေ” တေးဂီတဖျော်ဖြေပွဲကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ MRTV-HD Channel မှ တိုက်ရိုက်ထုတ်လွှင့်ပြသမည်ဖြစ်သည်။

အဆိုပါ တေးဂီတဖျော်ဖြေပွဲကို မြန်မာ့အသံတေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ နာမည်ကျော်တေးသံရှင်များဖြစ်ကြသည့် ထပ်ဆင့်အကယ်ဒမီ ရန်အောင်၊ ရဲထိုက်၊ မင်းသားလေး၊ တေဇာဝင်း၊ သုတဦး၊ စိမ့်နေခြည်၊ အိအိလှိုင်၊ မြင့်မြတ်ကျော်၊ ခင်လပြည့်ဝန်း၊ မိုးပြည့်ပြည့်ခင်နှင့် မိုးဖူးဖူးခင်တို့က နွေရာသီ၏သာယာလှပမှု ကြည်နူးဖွယ်မြင်ကွင်းများနှင့် အပြိုင် အလွမ်းကဗျာ၊ အလင်္ကာတေးသီချင်းအား ရွေးချယ်ပြီး ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

ယင်းအစီအစဉ်ကို မေ ၅ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီခွဲတွင်လည်း Replay ထပ်မံပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# တန်ဖိုးရှိသောဘဝနှင့် ဘဝကိုအဓိပ္ပာယ်ရှိရှိ နေကြရအောင်ပါ

*ဒေါက်တာမြတ်မိုး*

တန်ဖိုးရှိတဲ့ လူ့ဘဝတစ်ခုမှာ မိမိတို့ဘဝတွေကို ဘယ်လိုတန်ဖိုးထားသင့်ကြပါသလဲ၊ ဘဝရဲ့တန်ဖိုးတွေကို တိုးတက်အောင်မြှင့်တင်ပြီး ဘဝကို အဓိပ္ပာယ်ရှိရှိ နေထိုင် ဖြတ်သန်းကြရမယ်မဟုတ်ပါလား... ။

ဘဝရဲ့အဓိပ္ပာယ်ကို ဗုဒ္ဓဘာသာဝင်တစ်ဦးအနေနဲ့ အရိပ်အခြည်မျှမက ယခုထက်ပိုပြီး တွေးဆသင့်တယ်လို့ မြင်မိပါတယ်။ မြတ်စွာဘုရားရဲ့အလိုအရ ကျွန်တော်တို့ဟာ ကံနဲ့ ကံရဲ့ အကျိုးအဖြစ် ပြုမူလိုက်တဲ့ စေတနာကံနဲ့စပ်ပြီး ဖြစ်တဲ့အကျိုးတရားကို ဘဝလို့ ယုံကြည်ထားပါတယ်။ ကံကြောင့်ရတဲ့ ကမ္မဘဝနဲ့ ဒီရုပ်၊ ဒီနာမ်၊ ဒီခန္ဓာ ဥပပတ္တိဘဝရယ်လို့ ဆိုကြစို့ရဲ့၊ လွယ်လွယ်မှတ်ရင် ဘဝဆိုတာကံပါပဲ။ ကျွန်တော်တို့နေ့စဉ်ပြုမူမိနေတဲ့ သုစရိုက်၊ ဒုစရိုက်တွေဟာ ကမ္မဘဝတွေပဲ ဖြစ်ပါတယ်။ ယခုတိုက်ရိုက်ရထားတဲ့ဘဝက ကာမဘဝဖြစ်နေပြီး ကာမဘဝကို ဖြစ်စေတဲ့ ဥပါဒါန်ဟူသော အကြောင်းအကြောင်းတွေနဲ့အတူ ကံတွေလုပ်ခဲ့ကြလို့ပါပဲ။

လိုချင်လို့၊ စွဲလန်းလို့၊ အယူမှားတွေ စွဲစွဲလမ်းလမ်းလက်ခံမိလို့၊ မကောင်းတဲ့ အလေ့အကျင့်တွေကို စွဲစွဲမြဲမြဲလုပ်ခဲ့လို့၊ အတ္တကို တရားသေလက်ကိုင်ထားခဲ့ကြလို့ ဘာတစ်ခုမှ အကြောင်းမလှခဲ့ပါဘူး။ ဒါကြောင့် မြတ်စွာဘုရားသာသနာနဲ့ ကြုံခိုက် အသစ်အသစ်တွေ တစ်ဘဝပြီး တစ်ဘဝ ပြောင်းနေတိုင်းမှာ တန်ဖိုးရှိမယ့် ဘဝတွေ တည်ဆောက်ခွင့်ရတာကိုက ကံကောင်းလွန်းလှပြီဟုသာ ဆိုရပါတော့မယ်။

**ကိလေသာတွေနဲ့**

အများအတွက်အနစ်နာခံ ကိလေသာနည်းအောင်နဲ့ ဘဝသံသရာမှလွတ်မြောက်ဖို့ ကြိုးစားအားထုတ်မှုအချို့ လေ့လာတွေ့ရှိရပေမယ့် အင်မတန်နည်းပါးပါတယ်။ လိုချင်လွန်းအားကြီးလို့ရပြီးတော့လည်း မပျက်စီးမယုတ်လျော့ရလေအောင် စောင့်ရှောက်ရပြန်တဲ့ ဒုက္ခတွေ၊ လောကကြီးကနေ မိမိအတွက်ဘာရမလဲ ဆိုတာပဲ အမြဲတွေး၊ မတရားရှာရ၊ ဖွေရတာတွေ၊ ကိုယ့်ပစ္စည်းတော့ မပေးချင် သူများပစ္စည်းတော့ ယူချင်တဲ့မတော်လောဘတွေ၊ ဒီဘက်ခေတ်မှာ ပေးဖို့ထက် ယူဖို့ကိုသာ အားသန်လာကြပြီ၊ သူများကိုပေးရတာကိုက အကျိုးမရှိလို့ မြင်သူတွေများလာကြပြီ။ ဒါကြောင့် အများအတွက်ထက် မိမိအတွက်ပဲ ကြည့်လာကြတယ်။ အများနဲ့အတူလုပ်ရတဲ့အဖွဲ့လိုက်အလုပ်တွေမှာ အနစ်နာမခံလိုတွက်ကတ်တတ်လာပြီး ရှောင်ဖယ်ရတာကိုက ဂုဏ်ယူစရာလို့ ထင်လာကြတယ်။

အနာခံဖို့ထက် အသာစံရဖို့က အဓိကဖြစ်လာခဲ့ရပြီ။ လိုချင်တာမရတော့ သူ့အကျိုးစီးပွားပျက်ကြောင်း တိုက်ကြခိုက်ကြ သတ်ကြဖြတ်ကြပေါ့။ မိမိရပိုင်ခွင့်အတွက် သူတစ်ပါးကို ဖျက်ဆီးဖို့ဝန်မလေး၊ အမြီးကျက်အမြီးစား ခေါင်းကျက် ခေါင်းစား အပြိုင်အဆိုင်ကြိုးစားကြရင်း ရန်သူတွေဖြစ်ကြရ၊ တစ်ဖန် အမိအဘကို ပြစ်မှား၊ ဆရာသမားကိုလည်း စော်ကားရဲလာကြပြီ။ ဒီလိုပြစ်မှားလို့လည်း အကုသိုလ်ရဲ့အကျိုးဆိုတာမရှိ အဓမ္မဝါဒအမျိုးမျိုးပါတစ်စတစ်စပျံ့နှံ့လာသည်အထိ အယူမှားကုန်ကြတာ၊ ဒါကြောင့်လည်း အကျင့်တွေပျက်၊ သီလခက်၊ သိက္ခာတွေပါမဲ့လာကြတယ်ထင်ပါရဲ့။ စင်ကြယ်မှုဆိုတာ အလကား ကိုယ်လုပ်မှကိုယ်စားရ၊ မှန်မှန်မှားမှား ဂရုစိုက်စရာမလို အရှိတရား အလေးထား အသိတရားကို မျက်ကွယ်ပြုတတ်လာကြတာ။

**သတိပညာနဲ့အတူ ဘယ်လိုစိတ်ကောင်းထားသင့်ပါသလဲ**

ကောင်းတဲ့ကံတွေ ထူထောင်ရင် ကောင်းတဲ့ဘဝရောက်မယ်၊ မကောင်းတာတွေလုပ်မိရင် မကောင်းတဲ့ဘဝ ရောက်ကြရလိမ့်မယ်လို့ ရိုးရိုးလေး သိထားကြပေမယ့် သတိမရှိတော့လည်း လုပ်မိကြပြန်တယ်။ တချို့ကလည်း မသိလို့ တစ်နည်း ပညာမဲ့လို့ပေါ့။ အကောင်းအဆိုး၊ အကြောင်းအကျိုး အတုအစစ်၊ အကျိုးအပြစ်မသိ ကုသိုလ်အကုသိုလ်မသိ၊ ဒုစရိုက်၊ သုစရိုက်မသိ၊ မဟုတ်တာကိုအဟုတ်ထင်၊ မှန်တာကို အမှန်မထင်မှုတွေက လုပ်မိရာရာလုပ်မိတတ်ကြတယ်။

ကုသိုလ်ကို ကုသိုလ်မှန်းမသိတာက တော်ပါသေးတယ်၊ အကုသိုလ်ကို အကုသိုလ်မှန်းမသိတာက ပိုဆိုးတာပေါ့။ ဒါကြောင့် "လူတော်အများ စိတ်ကောင်းထားလည်း၊ ဤကား ကုသိုလ်၊ အကုသိုလ်၊ ထိုထိုဘုံဘဝ မသိရ၊ များလှအပြစ်တွေ" ဟု ဆရာတော်ကြီးများက မိန့်တော်မူခြင်းဖြစ်ကြောင်း နာကြားခဲ့ရဖူးပါတယ်။ ပညာအသိနဲ့အတူ ကိုယ့်ရဲ့လုပ်ငန်းအပေါ်မှာ ဘယ်လိုနှလုံးသွင်းရမယ်၊ ဘယ်လိုစိတ်ကောင်းထားဖို့ လိုအပ်တယ်ဆိုတဲ့အချက်ကို ဆရာတော်ကြီးများက ထောက်ပြခဲ့ခြင်းဖြစ်ပါတယ်။ ထိုအခါ သတိနဲ့ပညာဟာ မိမိဘဝအတွက် အလွန်အရေးကြီးကြောင်းနဲ့ တရားအသိတိုးသည်ထက်တိုးဖို့ လိုအပ်လာကြောင်းလည်း အလေးအနက်ထားမိလာပြန်တယ်။

သတိမရှိတဲ့စိတ်ဟာ မောဟဖြစ်နေပါတယ်။ ထို့ကြောင့် သတိရှိခြင်းက အသိဉာဏ်ကိုတိုးစေသလို စိတ်ရဲ့အရည်အချင်းတစ်ခုလည်းဖြစ်လာပါတယ်။ သတိရှိနေရင် ကိုယ်ဘာလုပ်နေသလဲ၊ ဘာတွေးနေသလဲ သိနေပါတယ်။ သတိနဲ့ ဉာဏ်ပညာနဲ့နဲ့ကြတဲ့အခါ လောဘ၊ ဒေါသ၊ မောဟတွေ ထူပြောလာပြီး မာနတွေပြိုင်၊ မနာလိုဝန်တိုမှုတွေ ဖြစ်ကြရတယ်၊ ယုံမှားသံသယတွေဝင်ကြတယ်၊ အယူမှားပြီးတွေဝေမိုက်မဲကြတယ်၊ အရှက်အကြောက်မရှိ လုပ်ရဲကိုင်ရဲလာကြတယ်။ ယခုခေတ်ကာလများကိုပဲကြည့်ပါ။

စစ်မက်ဘေး ကိုဗစ်ကပ်နဲ့ ကင်ဆာတို့လို ရောဂါဆိုးတွေ၊ တောမီးလောင်၊ ငလျင်၊ ရေကြီး စတဲ့ သဘာဝဘေး၊ အငတ်ဘေးကပ်ကြီးများက မကြုံစဖူး ကမ္ဘာတစ်ဝန်း ခြေဆန့်နေပြီဖြစ်ပါတယ်။ ယနေ့ခေတ်လူတွေမှာ အတွင်းအပြင်ပဋိပက္ခနဲ့ ဖိစီးမှုတွေက ပိုများလာတယ်။ မိမိကချည်း အသာရလိုစိတ်နဲ့ စိတ်ထားညံ့သူတွေချည်း ပြိုင်ကြဆိုင်ကြတဲ့ ဝန်းကျင်မှာ ငြိမ်းချမ်းမှုမရှိတာ မဆန်းပါဘူး။ နောက်ဆုံးပျက်စီးမှုတွေနဲ့သာ ပူလောင်ကြရပြီး လူတွေရဲ့သက်တမ်းလည်း တဖြည်းဖြည်းတိုတောင်းလာတာ တွေ့ရတယ်။

ထိုမျှမက ရှည်လျားလှတဲ့ သံသရာခရီးရှည်ကြီးမှာ ဘဝပေါင်းများစွာအတွက် မစဉ်းစားဘဲ တစ်ဘဝစာပဲ စဉ်းစားကြလို့ဖြစ်ပါလိမ့်မယ်။ မြင်အောင်ကြည့်ရင် ကိုယ့်ထက်ဒုက္ခရောက်ဆင်းရဲနေရသူတွေ၊ ကရုဏာထားရမယ့်သူတွေ ပတ်ဝန်းကျင်မှာ အများကြီးရှိသလို သူလိုကိုယ်လို မေတ္တာထားရမယ့်သူတွေလည်း များစွာရှိနေပါတယ်။ မေတ္တာဆိုတာ သူတစ်ပါးကို အဆင်ပြေပါစေဆိုတဲ့စိတ်နဲ့ သူ့အကျိုးကို လိုလိုလားလား ဆောင်ရွက်ပေးတတ်တဲ့တရားမို့ အခုလို အများအကျိုး အဓိကထားသူတွေဟာ မေတ္တာပါရမီရှိသူတွေပါပဲ။ မချစ်မမုန်း၊ ချမ်းသာဆင်းရဲကြား အလယ်အလတ်သဘောထား ရှိတာနဲ့ မရှိတာအကြား၊ အပူနဲ့ အအေးကြား တစ်တန်းတည်းထားနိုင်သူတွေဟာ ဥပေက္ခာပါရမီ ရင့်သန်သူတွေဖြစ်ကြပြီး တကယ်လည်း အဂတိတရားကင်းသူတွေလည်း ဖြစ်နေတတ်ပါတယ်။ ဥပေက္ခာသဘောဟာ သည်းခံခြင်း၊ ခန္တီနှင့်လည်း ဆက်စပ်တယ်ဆိုတာ လေ့လာမိတယ်။

**ဘာလုပ်လုပ် ဘာစိတ်နဲ့ လုပ်နေသလဲဆိုတာက အရေးကြီး**

ဒါတွေအားလုံး လောဘ၊ ဒေါသ၊ မောဟ၊ မာနစတဲ့ ကိလေသာတရားဆိုးတွေကြောင့်ဖြစ်ရတာ။ ဘာလုပ်လုပ် မိမိဘာစိတ်နဲ့ လုပ်နေသလဲဆိုတဲ့အချက်က အရေးကြီးပါတယ်။ ကုသိုလ်စိတ်နဲ့လား၊ အကုသိုလ်စိတ်နဲ့လားပေါ့။ မိမိထားလိုက်တဲ့ ကုသိုလ်၊ အကုသိုလ်စိတ်အပေါ်မှာသာမူတည်ပြီး ကုသိုလ်၊ အကုသိုလ်ကံမြောက်သွားခြင်း ဖြစ်ပါတယ်။ စိတ်မှာသတိရှိပြီးနေလိုက်ခြင်းက ချမ်းသာခြင်းအစစ်ကို ပေးတဲ့အတွက် ကိုယ်ထားလိုက်တဲ့စိတ်ကပဲ မိမိကို မိတ်ဆွေ သို့မဟုတ် ရန်သူအဖြစ် ရောက်သွားစေတာပါ။

ထိုစိတ်နှစ်ခု ကွဲကွဲပြားပြားနဲ့ ခွဲခြားနိုင်ဖို့က သတိတစ်ခုက အရေးကြီးကြောင်းတော့ သိပြီးဖြစ်မှာပါ။ ဒါကြောင့်လည်း သတိဆိုတဲ့တရားလေးတစ်ခု ထူထောင်ဖို့ ဘာဝနာအတွက် အချိန်ပေး၊ နေရာပေး သတိပဋ္ဌာန်နည်းအားဖြင့် ကြိုးစားအားထုတ်ကြခြင်း ဖြစ်ဟန်တူပါတယ်။ ရလာတဲ့အကျိုးတရားက သတိအပြင် ဝီရိယပါထားတတ်လာခြင်းပါ။ ဝီရိယရဲ့အကျိုးကျေးဇူးက မဖြစ်သေးတဲ့အကုသိုလ် မပြုဖြစ်အောင်၊ ဖြစ်ပြီးတဲ့ အကုသိုလ် ဆက်ပြီးမဖြစ် ပယ်သတ်နိုင်အောင်၊ ပြုပြီးကုသိုလ် ဆက်ပြီးတည်တံ့တိုးပွားအောင်၊ မပြုရသေးတဲ့ကုသိုလ် ပြုဖြစ်သွားအောင် လုံ့လ၊ ဝီရိယစိုက်ထုတ်ခြင်းဆိုတဲ့ စိတ်စွမ်းအားကို ပေးပါတယ်။ ဒါန၊ သီလ၊ ဘာဝနာကုသိုလ်အလုပ်တွေမှာ လှူပြီးရင်း လှူ၊ ဆောက်တည်ပြီးရင်း ဆောက်တည်၊ ပွားပြီးရင်းပွားနေတဲ့ ကုသိုလ်အလုပ်တွေဟာ ဝီရိယကြောင့်ပါပဲ။

ဒါကြောင့်ပဲ အချို့သောပါရမီရှင် (အများအတွက်၊ သံသရာအတွက်၊ သာသနာအတွက် မြင့်မြတ်သောအလုပ်ကိုလုပ်သူ) တွေဟာ မိမိရဲ့ခန္ဓာအသက်ကိုပင်မငဲ့ဘဲ ဒါန၊ သီလ၊ ဘာဝနာအလုပ်တွေကို အားထုတ်ကြခြင်းဖြစ်ပါတယ်။ သူတို့ဟာ လောကအပေါ်သစ္စာရှိပြီး လောကအကျိုးအတွက် အဓိဋ္ဌာန်ထားသူတွေပါ။ ဆင်းရဲသူ၊ ပစ္စည်းဥစ္စာချို့တဲ့သူ၊ ငယ်ရွယ်သူကို ဘယ်လိုအကြောင်းပဲရှိရှိ၊ မိမိထက်နိမ့်ပါးသူအဖြစ် သဘောထားပေးကမ်းစွန့်ကြခြင်းဟာ သူတော်ကောင်းတို့ရဲ့ စိတ်နေသဘောထားတွေပါပဲ။ မိမိထက် အသက်ကြီး ကျေးဇူးရှိဖူးသူကို ဆရာသမား၊ မိဘလိုသဘောထား၊ ဂါရဝထားကန်တော့ခြင်းဟာလည်း မြင့်မြတ်တဲ့အလုပ်တွေပဲဖြစ်ပြီး ကျေးဇူးသိတတ်ခြင်းဟာ ကုသိုလ်စိတ်လို့ ဆရာတော်များ ဟောကြားချက်များစွာ ရှိပါတယ်။ ဘယ်လို ကုသိုလ်ကောင်းမှုပင်ဖြစ်ပါစေ။ သံသရာမှလွတ်မြောက်ကြောင်း သံသရာအတွက်ရည်မှန်းမှသာလျှင် ဉာဏ်နဲ့ယှဉ်တဲ့ ပါရမီမြောက်ကြောင်းကို မှတ်သားနာယူဖူးပါတယ်။

ဒီဆောင်းပါးရဲ့လိုရင်းအနှစ်သာရကတော့ ဆရာတော်ကြီးများရဲ့ ဓမ္မတရားများကို နာယူသင်ကြားပြီး ရရှိလာတဲ့ အသိတွေနဲ့အတူ မိမိတို့လက်ရှိပစ္စုပ္ပန်ဘဝမှာ ပိုင်ဆိုင်ထားတဲ့ ဘဝတန်ဖိုးကို အဓိပ္ပာယ်ရှိရှိ အသုံးချစေချင်တာပါပဲ။ အတိတ်ကံကောင်းလို့ ရခဲလှတဲ့လူ့ဘဝမှာ ကိလေသာတရားဆိုးတွေကို တတ်နိုင်သမျှလျှော့ချပြီး မြင့်မြတ်တဲ့ စိတ်ထားကောင်းနဲ့ မြင့်မြင့်မြတ်မြတ်အလုပ်တွေကို လုပ်သွားနိုင်အောင် ထပ်ဆင့်မျှဝေရခြင်းဖြစ်ပါတယ်။

မြင့်မြတ်တဲ့အလုပ်နဲ့ ကိလေသာတိုးတဲ့အလုပ်နှစ်ခုကြား များစွာကွာဟတဲ့အတွက် ဖြည့်ဆည်းရန် အဓိကလိုအပ်နေတဲ့ အချက်နှစ်ချက်ကိုသာ ဦးတည်သင့်ပါတယ်။ မိမိအကျိုးထက် အများအကျိုးကို ပိုပြီးစဉ်းစားနိုင်ရန်နဲ့ ကိုယ့်ဘက်က အသာစံရဖို့ထက် အနာခံတဲ့စိတ်တွေပွားများစေလိုရင်းဖြစ်ပါတယ်။ အများအကျိုးအတွက်ရည်ရွယ်ရင် အများရဲ့ မေတ္တာကိုရပါတယ်။ လုပ်တဲ့အလုပ်မှာသာ ဘဝသံသရာကလွတ်မြောက်ပါစေ၊ သာသနာအတွက်ဖြစ်ပါစေဆိုတဲ့ ရေရှည်ရည်မှန်းချက်လေး ထားလိုက်ရင်ကို ပညာပါတဲ့ ကုသိုလ်ဖြစ်သွားပါပြီ။ အသီးသီးဟာ လောကကြီးကိုမဆိုနဲ့ဦး၊ ကိုယ်နေထိုင်တဲ့ လူ့အဖွဲ့အစည်းလေးအတွင်းမှာပဲ အနစ်နာခံပြီး အများအတွက်ဆိုတဲ့ ခံယူချက်လေးနှစ်ခုကို ကြိုးစားအားထုတ် *စာမျက်နှာ ၁၂ သို့*

❑ **ကောင်းတဲ့ကံတွေ ထူထောင်ရင် ကောင်းတဲ့ဘဝရောက်မယ်၊ မကောင်းတာတွေလုပ်မိရင် မကောင်းတဲ့ဘဝ ရောက်ကြရလိမ့်မယ်လို့ ရိုးရိုးလေးသိထားကြပေမယ့် သတိမရှိတော့လည်း လုပ်မိကြပြန်တယ်။ တချို့ကလည်း မသိလို့ တစ်နည်း ပညာမဲ့လို့ပေါ့။ အကောင်းအဆိုး၊ အကြောင်းအကျိုးအတုအစစ်၊ အကျိုးအပြစ်မသိ ကုသိုလ်အကုသိုလ်မသိ၊ ဒုစရိုက်၊ သုစရိုက်မသိ၊ မဟုတ်တာကို အဟုတ်ထင်၊ မှန်တာကို အမှန်မထင်မှုတွေက လုပ်မိရာ လုပ်မိတတ်ကြတယ်။**

✲ **ဘာလုပ်လုပ် မိမိဘာစိတ်နဲ့ လုပ်နေသလဲဆိုတဲ့အချက်က အရေးကြီးပါတယ်။ ကုသိုလ်စိတ်နဲ့လား၊ အကုသိုလ်စိတ်နဲ့လားပေါ့။ မိမိထားလိုက်တဲ့ကုသိုလ်၊ အကုသိုလ်စိတ်အပေါ်မှာသာ မူတည်ပြီး ကုသိုလ်၊ အကုသိုလ်ကံမြောက်သွားခြင်း ဖြစ်ပါတယ်။ စိတ်မှာသတိရှိပြီးနေလိုက်ခြင်းက ချမ်းသာခြင်းအစစ်ကို ပေးတဲ့အတွက် ကိုယ်ထားလိုက်တဲ့စိတ်ကပဲ မိမိကို မိတ်ဆွေ သို့မဟုတ် ရန်သူအဖြစ် ရောက်သွားစေတာပါ။**

# ဝါကြိတ်စက် စက်မှုလုပ်ငန်း၏ လမ်းကြောင်းအသစ်များ

ကိုချင်း

**ကမ္ဘာ့အဆင့်ဝါကြိတ်ခြင်းအား ခြုံငုံသုံးသပ်ချက်**

ဝါသည် ကမ္ဘာတစ်ဝန်းတွင် စိုက်ပျိုးထုတ်လုပ် သောသီးနှံတစ်မျိုးဖြစ်ပြီး ကမ္ဘာ့အထည်အလိပ်လုပ်ငန်းကို တွန်းအားပေး မောင်းနှင်ပါသည်။ ဝါဂွမ်း၏ သမိုင်းသည် မှတ်တမ်းတင်ထားသော သမိုင်းထက် သက်တမ်းပိုကြီးပြီး ၎င်းသည် စက်မှုပြုပြင်ပြောင်းလဲရေးကို လှုံ့ဆော်ပေးကာ ကမ္ဘာ့ရေပန်းအစားဆုံး သဘာဝမှရရှိသည့်အမျှင် (Fibre) ဖြစ်ပါသည်။ ၎င်းကိုအသုံးပြုရန် ပြင်ဆင်ရာတွင် ဝါကြိတ်ခြင်းသည် ဝါခူးဆွတ်ပြီးနောက် ဝါစေ့နှင့်အမျှင်ကို ခွဲထုတ်သည့် ပထမဆုံးလုပ်ငန်းစဉ်ဖြစ်ပါသည်။

ပညာရှင်တို့၏ ပြောကြားချက်အရ ဝါကြိတ်ခြင်းသည် ဝါစေ့များနှင့်အမျှင်များကို ခွဲထုတ်သည့်လုပ်ငန်းစဉ်ကို ရည်ညွှန်းပါသည်။ **ဝါကြိတ်စက် (Cotton Gin)**၏ အဓိကလုပ်ငန်းဆောင်တာသည် စိုက်ပျိုးသီးနှံကို ရောင်းရလွယ်ကူသောကုန်စည်အဖြစ်သို့ ပြောင်းလဲပေးခြင်းဖြစ်ပါသည်။ ထို့ကြောင့် ၎င်းသည် ဝါစိုက်ပျိုးထုတ်လုပ်မှုနှင့် ချည်မျှင်ထုတ်လုပ်မှုတို့အကြား ပေါင်းကူးတံတားဖြစ်ပါသည်။

တစ်ချိန်က ဝါကြိတ်စက်၏တစ်ခုတည်းသော ရည်ရွယ်ချက်မှာ ဝါစေ့နှင့်အမျှင်များကို ခွဲထုတ်ရန်ဖြစ်ပါသည်။ သို့သော် ယနေ့ခေတ်တွင် ဝါကြိတ်စက်သည် ပိုမိုလုပ်ဆောင်ရန် လိုအပ်ပါသည်။ စက်ဖြင့်ခူးဆွတ်ထားသောဝါများကို ရောင်းအားကောင်းသည့် ထုတ်ကုန်အဖြစ် ပြောင်းလဲရန်အတွက် ယနေ့ခေတ် ဝါကြိတ်စက်များသည် ဝါစေ့ကိုအခြောက်ခံကာ သန့်စင်ရန်၊ အစေ့နှင့်အမျှင်များကို ခွဲထုတ်ကာ အမျှင်များကို ထပ်မံသန့်စင်၍ ကုန်သွယ်မှုအတွက် လက်ခံနိုင်သည့် ထုပ်ပိုးပုံစံဖြင့် ထားရှိရမည်ဖြစ်ပါသည်။

ဝါကြိတ်စက်သည် ငွေသားတန်ဖိုးရသည့် အမျှင်နှင့် ဝါစေ့ထုတ်ကုန်နှစ်ခုကို ထုတ်လုပ်ပါသည်။ ဝါစေ့များကို များသောအားဖြင့် အရေးကြီးသော တန်ဖိုးရှိထုတ်ကုန်များအဖြစ် ပြောင်းလဲရန်အတွက် ဝါစေ့ဆီစက်များသို့ ရောင်းချသော်လည်း အချို့ကိစ္စများတွင် ၎င်းတို့ကို စိုက်ပျိုးရန်အတွက် သိမ်းဆည်းထားနိုင်ပါသည်။ အမျှင်များသည် ပိုပြီးတန်ဖိုးရှိသောထုတ်ကုန်များဖြစ်ပြီး ဝါကြိတ်စက်များ၏ ဒီဇိုင်းနှင့် လည်ပတ်ထုတ်လုပ်မှုသည် အမျှင်ထုတ်လုပ်မှုကို ပိုပြီးဦးတည်လေ့ရှိပါသည်။ အနှစ်သာရအားဖြင့် ခေတ်မီဝါကြိတ်စက်များသည် အစေ့နှင့် အမျှင်များကိုခွဲထုတ်ကာ အမျှင်၏မူလအရည်အသွေးများကို တတ်နိုင်သမျှနီးပါး ထိန်းသိမ်းကာ မလိုလားသည့် အမှိုက်သရိုက်များကို ဖယ်ရှားခြင်းဖြင့် ဝါဂွမ်း၏ တန်ဖိုးကို မြှင့်တင်ပေးခြင်းဖြစ်ပါသည်။

လယ်ကွင်းအတွင်းရှိ ရင့်မှည့်ပြီး ပွင့်အာလာသည့် ဝါသီးကို ဆန်းစစ်ကြည့်သောအခါ ပိုးမွှားများ၊ အမှိုက်များနှင့် အခြားအပြစ်အနာအဆာများကင်းစင်သော လုပသောပိုးသားမျှင်များကို တွေ့ရှိရပါသည်။ လက်ဖြင့် ဝါကြိတ်ခြင်းဖြင့် နောက်ဆုံးတွင် ကျွန်ုပ်တို့ အလိုရှိသည့် အမျှင်၏ အမြင့်ဆုံးအရည်ကိုရရှိနိုင်ပြီး အထည်များ သို့မဟုတ် အခြားထုတ်ကုန်များပြုလုပ်ရန် အကောင်းဆုံးဖြစ်အောင်ပြုလုပ်ထားသော ချည်မျှင်များကို ထုတ်လုပ်ရန် အသုံးပြုနိုင်ပါသည်။ သို့သော်လည်း ပမာဏများများ ခူးဆွတ်ပြီးနောက် ဝါကြိတ်စက်ရုံတွင် တူညီသောပမာဏကို စက်ဖြင့် စီမံဆောင်ရွက်သောအခါ အမှိုက်များနှင့် အစိုဓာတ်အမျိုးမျိုးပါဝင်ပြီး တန်ဖိုးနည်းသောထုတ်ကုန်ဖြစ်သည့် အမျှင်တိုသောအမျှင်ကို ရရှိပါသည်။

အရည်အသွေးမြင့် ချည်မျှင်ကုန်ကြမ်းဖြင့်သာ ကောင်းသောအထည်များကို ပြုလုပ်နိုင်သည်ကို ကျွန်ုပ်တို့အားလုံး သိပါသည်။ ထို့အပြင် ဝါဂွမ်းပြုလုပ်ရာတွင် ယှဉ်ပြိုင်မှုရှိပြီး လက်ခံနိုင်ဖွယ်ရှိသော ဝါဂွမ်း၏ ထုတ်လုပ်မှုကုန်ကျစရိတ်သည် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်ပါသည်။ ထို့ကြောင့် ဝါကြိတ်လုပ်ငန်းစဉ်တွင် ကုန်ကျစရိတ်အနည်းဆုံးဖြင့် မူလအမျှင်အရည်အသွေးများအတိုင်း ထိန်းသိမ်းလုပ်ဆောင်ခြင်းဖြင့် ရည်မှန်းချက်ပြည့်မီရန် ကြိုးပမ်းအားထုတ်သင့်ပါသည်။

စက်ပစ္စည်းရွေးချယ်မှုနှင့် ဒီဇိုင်းစနစ်အတွက် အမျှင်ရှည်မှုလွဲ၍ အမျှင်၏သေးသွယ်မှုနှင့် ရင့်မှည့်မှု (micronaire)၊ အစိုဓာတ်ပါဝင်မှု၊ အမှိုက်ပါဝင်မှုနှင့် ကွဲပြားခြားနားသောနိုင်ငံ သို့မဟုတ် နေရာဒေသများ၏ သယ်ယူပို့ဆောင်ရေးအလေ့အထများသည် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်ပါသည်။ ဝါဂွမ်းထုတ်လုပ်မည့် အစိုးရ၏မူဝါဒများ၊ စိတ်ကြိုက်နည်းလမ်းဖြင့် ဝါကြိတ်ခြင်း၊ ပုဂ္ဂလိကပိုင် သို့မဟုတ် အစိုးရပိုင် ဝါကြိတ်ခြင်းအပြင် ငွေကြေးထောက်ပံ့မှုပုံစံများကဲ့သို့သော အကြောင်းအရာများသည် ဝါစက်ပိုင်ရှင်များက ဝါကြိတ်မည့် နည်းလမ်းနှင့် ဝါကြိတ်ကိရိယာများ ရွေးချယ်မှုအပေါ် လွှမ်းမိုးမှုရှိမည်ဖြစ်ပါသည်။

ဝါကြိတ်ကိရိယာများကိုရွေးချယ်ရန် အကောင်းဆုံးနည်းလမ်းမှာ နည်းပညာဆိုင်ရာ လိုအပ်ချက်များကို ထည့်သွင်းစဉ်းစားရန်ဖြစ်ပါသည်။ ဤစံနှုန်းများကို အခြေခံ၍ ကြိတ်လုံးဖြင့် ဝါကြိတ်ခြင်းပြုလုပ်မှုသည် ရှည်လျားသော/ ပိုရှည်လျားသော ဝါချည်မျှင်အတွက် အလွန်အကျိုးရှိကြောင်း သက်သေပြခဲ့ပါသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းသည် သဘာဝအမျှင် အရည်အသွေးများကို အမြင့်ဆုံးအထိ ထိန်းသိမ်းပေးပြီး လွှသွားပါ ဝါကြိတ်စက်ဖြင့်ဝါကြိတ်ခြင်း (Saw Ginning) နှင့် နှိုင်းယှဉ်လျှင် အမျှင်ပျက်စီးမှု အနည်းဆုံးဖြစ်စေသောကြောင့် ဖြစ်ပါသည်။

အစေ့နှင့် အမျှင်များကို ခွဲထုတ်ရန် **ကြိတ်လုံးဖြင့်ဝါကြိတ်ခြင်း (Roller Ginning)** သည် ရှေးအကျဆုံးလုပ်ငန်းစဉ်များထဲမှ တစ်ခုဖြစ်ပါသည်။ ရိုးရှင်းသော **ကြိတ်လုံးပါ လက်ကိုင်ဝါကြိတ်စက် (Handheld Roller Gin)** များကို အရှေ့ဖျားနိုင်ငံများတွင် အနည်းဆုံး အေဒီ ၅၀၀ ခန့်ကတည်းက စတင်အသုံးပြုလာခဲ့ကြပါသည်။ မကြာသေးမီအချိန်များက ကြိတ်လုံးဖြင့်ဝါကြိတ်ခြင်း၏ အရေးပါမှုသည် လျင်မြန်စွာတိုးပွားလာနေပြီး ၂၀၀၀ ပြည့်နှစ်တွင် ကမ္ဘာ့ဝါ၏ ၁၅ ရာခိုင်နှုန်းကိုသာ **ကြိတ်လုံးပါ ဝါကြိတ်စက်(Roller Gin)**ဖြင့် ကြိတ်ခဲ့ပြီး ၂၀၁၃ ခုနှစ်တွင် ကြိတ်လုံးပါ ဝါကြိတ်စက်ဖြင့် ဝါကြိတ်သည့် ပမာဏသည် ကမ္ဘာတစ်ဝန်း၌ ၃၅ ရာခိုင်နှုန်း ကျော်လွန်သွားပါသည်။

**လွှသွားပါ ဝါကြိတ်စက်ဖြင့် ဝါကြိတ်ခြင်း (Saw Ginning)** ကဲ့သို့သော အခြားနည်းပညာများထက် ကြိတ်လုံးဖြင့် ဝါကြိတ်ခြင်း၏ အားသာချက်များအား ဝါကြိတ်သူများကို ပို၍ပို၍ဆွဲဆောင်လာခြင်းမှာ ကြိတ်လုံးပါ ဝါကြိတ်စက်အသုံးပြုမှု ပိုမိုတိုးမြင့်လာမှု၏ နောက်ထပ်တစ်ချက်ဖြစ်ပါသည်။

လက်ရှိ ကမ္ဘာတစ်ဝန်းတွင် ကြိတ်လုံးဖြင့် ဝါကြိတ်ခြင်း နည်းပညာ သုံးမျိုးရှိပါသည်-

၁။ **ကြိတ်လုံး တစ်လုံးပါ ဝါကြိတ်စက် (Single Roller (McCarthy))**

၂။ **ကြိတ်လုံးတစ်လုံးနှင့် လည်နေသောဓားပါ ကြိတ်လုံးဖြင့် ဝါကြိတ်စက် (Single Roller Rotobar Rotary Knife Roller)**

၃။ **ကြိတ်လုံး နှစ်လုံးပါ ဝါကြိတ်စက် (အလုံပိတ်) (Double Roller (close type))**

အစေ့နှင့်အမျှင်ကို ဖယ်ရှားသည့်နည်းလမ်းများမှာ သိသိသာသာကွဲပြားပါသည်။ ကြိတ်လုံးပါ ဝါကြိတ်စက် အမျိုးအစားတစ်ခုစီတွင် အမျှင်နှင့်အစေ့၏ ဝိသေသလက္ခဏာများနှင့် စွမ်းရည်လိုအပ်ချက်များအပေါ် အခြေခံ၍ ကွဲပြားခြားနားသော ဝါဂွမ်းမျိုးကွဲများအား ကြိတ်ခြင်းအတွက် သင့်လျော်သော ဒီဇိုင်းနှင့် စွမ်းဆောင်ချက်များရှိပါသည်။

**"ကြိတ်လုံးဖြင့်ဝါကြိတ်ခြင်း (Roller Ginning)"** ဟူသော အသုံးအနှုန်းကို အထက်တွင်ဖော်ပြထားသော နည်းပညာသုံးမျိုးတွင် အသုံးများသောကြောင့် ပြည့်စုံသောဖော်ပြချက်မရှိပါက ဒေသတစ်ခုတွင် ကြိတ်လုံးပါ ဝါကြိတ်စက် နည်းပညာအမျိုးအစားတစ်ခုတည်းကိုသာ သိရှိနိုင်ပြီး ရှုပ်ထွေးနိုင်သည်ဟု ယူဆနိုင်ပါသည်။ ကြိတ်လုံးဖြင့်ဝါကြိတ်ခြင်းသည် လူတိုင်းသိသည့်အရာသာဖြစ်သည်ဟု လူတို့ထင်ကောင်းထင်နိုင်ပြီး ၎င်းသည် လွဲမှားသောကောက်ချက်အချို့ကို ဖြစ်ပေါ်စေနိုင်ပါသည်။ ထို့ကြောင့် ကြိတ်လုံးပါ ဝါကြိတ်စက်အမျိုးအစားတစ်ခုစီ၏ ပြီးပြည့်စုံသော ဖော်ပြချက်များနှင့် ဝိသေသလက္ခဏာများအကြောင်း သိရှိရန်လိုအပ်ပါသည်။

ကြိတ်လုံးဖြင့် ဝါကြိတ်ခြင်းသည် ရှည်လျားသည့်/ ပိုမိုရှည်လျားသည့် ချည်မျှင်မျိုးကွဲများအတွက်သာ သင့်လျော်သည်ဟု ဒဏ္ဍာရီတစ်ခုရှိပါသည်။ သို့သော်လည်း လက်တွေ့စမ်းသပ်မှုများနှင့် ရလဒ်များအရ ကြိတ်လုံးဖြင့် ဝါကြိတ်ခြင်း နည်းပညာများသည် လည်ပတ်မှုဆိုင်ရာ *စာမျက်နှာ ၁၂ သို့*

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော် မုံရွာမြို့ ချမ်းမြသာစည်ရပ်ကွက်ရှိ သိန်းမင်း စက်မှုလုပ်ငန်းအဖွဲ့ ဝါကြိတ်စက်ရုံသို့ရောက်ရှိရာ စက်ရုံတာဝန်ခံက ဝါကြိတ်ခွဲနေမှု၊ ဂွမ်းထုပ်နှင့် အချောထည်စောင်များ ထုတ်လုပ်နေမှုတို့ကို ရှင်းလင်းပြသစဉ်။

❖ **ဝါကြိတ်ကိရိယာများကိုရွေးချယ်ရန် အကောင်းဆုံးနည်းလမ်းမှာ နည်းပညာဆိုင်ရာ လိုအပ်ချက်များကို ထည့်သွင်းစဉ်းစားရန်ဖြစ်ပါသည်။ ဤစံနှုန်းများကို အခြေခံ၍ ကြိတ်လုံးဖြင့် ဝါကြိတ်ခြင်းပြုလုပ်မှုသည် ရှည်လျားသော/ ပိုရှည်လျားသော ဝါချည်မျှင်အတွက် အလွန်အကျိုးရှိကြောင်း သက်သေပြခဲ့ပါသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းသည် သဘာဝအမျှင် အရည်အသွေးများကို အမြင့်ဆုံးအထိ ထိန်းသိမ်းပေးပြီး လွှသွားပါ ဝါကြိတ်စက်ဖြင့် ဝါကြိတ်ခြင်း (Saw Ginning) နှင့် နှိုင်းယှဉ်လျှင် အမျှင်ပျက်စီးမှု အနည်းဆုံးဖြစ်စေသောကြောင့် ဖြစ်ပါသည်**

# ချင်းပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုစေရန် ထုတ်ချေးပေးလိုက်သည့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေများ ပြည်သူလူထုထံ ထုတ်ချေးပေးနိုင်မှု အားနည်းနေသေးသည်ကို တွေ့ရှိ

ဟားခါး မေ ၁

နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေ ထုတ်ချေးမှုများနှင့် စပ်လျဉ်းသည့် လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ဧပြီ ၃၀ ရက်က ဟားခါးမြို့ ချင်းပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ချင်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်၊ ပြည်နယ် ဝန်ကြီးများ၊ ပြည်နယ်ဥဒေချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံတော်မှ ချင်းပြည်နယ်၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုစေရန် ထုတ်ချေးပေးလိုက်သည့် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေများ ပြည်သူလူထုထံသို့ ထုတ်ချေးပေးနိုင်မှုအခြေအနေကို စိစစ်ကြည့်ရာတွင် ထုတ်ချေးပေးနိုင်မှု အားနည်းနေသေးသည်ကို တွေ့ရှိရကြောင်း၊ ဖွဲ့စည်းထားသည့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေစီမံခန့်ခွဲရေးကော်မတီများ၏ချေးငွေထုတ်ချေးပေးနိုင်မှု အခြေအနေ၊ တွေ့ကြုံနေရသည့် အခက်အခဲနှင့် လက်တွေ့ကျသည့်အကြံပြုချက်များကိုအစည်းအဝေးတက်ရောက်လာကြသည့် ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်စီးပွားရေးရာဝန်ကြီး ဦးဟန်ကျင့်ဇမ်းက နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေ ထုတ်ချေးပေးနိုင်မှု အားနည်းရခြင်းမှာ ချေးငွေထုတ်ချေးပေးရာတွင် လိုအပ်သည့် မြေဂရန်နှင့် ပုံစံ (၇) ကဲ့သို့သော အာမခံပစ္စည်း၊ အထောက်အထား အခက်အခဲဖြစ်နေခြင်းသည် အရေးကြီးဆုံးအချက်ဖြစ်ကြောင်း ဆွေးနွေးတင်ပြသည်။

ယင်းနောက် အစည်းအဝေးတက်ရောက်လာကြသည့် ဌာနဆိုင်ရာ တာဝန်ရှိသူများက မိမိတို့ဌာနအလိုက် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေထုတ်ချေးပေးနိုင်မှု အခြေအနေ၊ တွေ့ကြုံနေရသည့် အခက်အခဲနှင့် ဆက်လက်ဆောင်ရွက်ရမည့် အစီအမံများကို အသေးစိတ် ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်း တင်ပြချက်များအပေါ် ပြည်နယ်သယံဇာတရေးရာဝန်ကြီး ဦးကျော်ငြိမ်း၊ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေလင်းအောင်၊ ပြည်နယ်ဥပဒေချုပ် ဦးဆွန်းဒုတ်ကျင်နှင့် ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးအောင်ချိုတို့က အကြံပြုဆွေးနွေးတင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်ချက်များ ပေါင်းစပ် ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

**မောင်တက်လမ်း**

---

*စာမျက်နှာ ၁၀ မှ*

ဖြည့်ဆည်းရုံနဲ့ မိမိရဲ့ အနာဂတ်ဘဝကော မိမိတို့လူ့အဖွဲ့အစည်းမှာပါ အထိုက်အလျောက် ငြိမ်းချမ်းသာယာ လှပနေမှာ သေချာပါတယ်။

ကပ်ဆိုးဘေးဆိုးတွေကို ရှောင်လို့ရနိုင်တော့မှာမဟုတ်ပေမယ့် ကုသိုလ်ကောင်းမှုတွေ များများလုပ်ကြရင်တော့ တစ်လောကလုံးအတွက်မဟုတ်တောင် မိမိလူ့အဖွဲ့အစည်းလေးကိုတော့ ပြင်နိုင်ပါသေးတယ်။ လက်တွေ့ကျကျနဲ့ ထိထိရောက်ရောက်ဆောင်ရွက်နိုင်ဖို့ကတော့ ယနေ့ မြင်နေ၊ တွေ့နေရတဲ့ လူကြီးသက်လတ်နှောင်းလူတွေထက် မိမိတို့သားသမီးအရွယ် အပြစ်ကင်းရိုးသား ပရိယာယ်မာယာကင်းတဲ့ ကလေးသူငယ် အနာဂတ်မျိုးဆက်တွေကို ဦးစားပေးပစ်မှတ်ထား အချိန်မီသင်ကြားလေ့ကျင့် ပြုစုပျိုးထောင်ပေးရမယ့် အချိန်တန်ပြီဆိုတဲ့အချက်ပါပဲ။

သင်ကြားရေးနဲ့အတူ စိတ်ဓာတ်ရေးရာတွေကိုပြင်ပြီး အများအကျိုးအတွက် အနစ်နာခံမယ့် ပါရမီရှင်မျိုးဆက်တွေကို မွေးထုတ်ဖို့ အသင့်ဖြစ်ရပါတော့မယ်။ ယူဖို့လွယ်ပြီး ပေးဖို့ခက်တတ်ကြတဲ့အတွက် အနစ်နာခံတတ်ဖို့နဲ့ အများအကျိုးအတွက် လုပ်ကိုင်ခြင်းဆိုတာ အတော်မလွယ်ကူတဲ့အလုပ်ပါ၊ အချိန်များစွာယူပြီး လေ့ကျင့်ယူရတဲ့သဘောရှိပါတယ်။ စိတ်ရဲ့အရည်အချင်းတွေနဲ့ မြင့်မြင့်မားမားလုပ်ကြမှသာ ကိုယ်လုပ်တဲ့အလုပ်ဟာ ကုသိုလ်ဖြစ်ပြီး သံသရာတစ်လျှောက် ကောင်းသောအကျိုးတွေရရှိနိုင်မှာ မဟုတ်ပါလား။ အများအတွက်ဖြည့်ဆည်းလျက် မရပ်တန့်တဲ့မိမိတို့ရဲ့ဘဝတွေမှာ ယခုဘဝသာမက နောင်နောင်ဘဝတွေအထိပါ ကောင်းသောအကျိုးသက်ရောက်မယ့် ပစ္စုပ္ပန်ကုသိုလ်ကံတွေကို ဝီရိယထားထူထောင်ပြီး အလင်းကနေအလင်းကို ရွေ့နိုင်အောင်ကြိုးစားကြရပါတော့မယ်။

ယခုရရှိနေတဲ့ဘဝကို ကုသိုလ်တရားနဲ့အလှဆင်နိုင်မှသာ ဘဝရဲ့တန်ဖိုးဟာ မြင့်လာမှာပါ။ အမှန်က မိမိတို့အသက်ရှင်နေသမျှ ပြုနေတဲ့ ကာယကံ၊ ဝစီကံ၊ မနောကံတွေကို ကုသိုလ်မြောက်အောင် သတိဆိုတဲ့တရားနဲ့ ကာရံထားနိုင်ရင် အကုသိုလ်ဆိုတာ ဝင်နိုင်ဖို့မလွယ်ပါဘူး။ ယခုလို နှစ်ခြမ်း၊ သုံးခြမ်းကွဲနေတဲ့ ကမ္ဘာကြီးနဲ့ လူ့အဖွဲ့အစည်းတွေမှာ တူရာတူရာစုကြစတမ်းဆို အနာခံပြီး အများအတွက် လုပ်တတ်ကြတဲ့ ကုသိုလ်ရေးများတဲ့ မြင့်မြတ်သူတွေဘက်မှာသာ ပါပြီး လောကကြီးအတွက် မိမိတို့ရဲ့ဘဝတွေကို စတေးနိုင်အောင် ခံယူကြပါစို့လား။ သို့မှသာ သံသရာမှ လွတ်မြောက်ကြောင်း အထောက်အပံ့ကောင်းလေးတစ်ခုကို မလွဲဧကန် ရရှိလာနိုင်မှာဖြစ်ပါတယ်။

**(အများအတွက်အနစ်နာခံ၊ ဘဝသံသရာမှ လွတ်မြောက်ရန်နဲ့ သာသနာအတွက် ရည်သန်ကြိုးစားအားထုတ်နေကြသော သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာ၊ ဆရာတော် သံဃာတော်များ၊ ဆရာ ဆရာမများအား ရိုသေလေးစားဂါရဝပြု ကန်တော့အပ်ပါသည်။ )**

---

*စာမျက်နှာ ၁၁ မှ*

**❑ ကုန်းမြင့်ဒေသထွက် ဝါကို ကြိတ်လုံးပါ ဝါကြိတ်စက် (Roller Gin) ဖြင့် ကြိတ်ရာမှ အရည်အသွေးကောင်းမွန်သော အမျှင်များ တိုးတက်ရရှိလာမှုကြောင့် ဈေးကွက်အသစ်များ ဖွင့်လှစ်နိုင်ပါသည်။ ကုန်းမြင့်ဒေသထွက် ဝါအတွက် ပြုပြင်ပြီးသော အရည်သွေးမြင့် ကြိတ်လုံးပါ ဝါကြိတ်စက်များရရှိပြီး မူလရှိပြီးသား မြောက်မြားစွာသော ကြိတ်လုံးပါ ဝါကြိတ်စက်များနှင့် လဲလှယ်မှုများကို ပြုလုပ်ရန် အနာဂတ်တွင် စီစဉ်ထားပါသည်။ မြန်နှုန်းမြင့် ကြိတ်လုံးပါ ဝါကြိတ်စက်များကို ပိုမိုအသုံးပြုလာသည်နှင့်အမျှ ကြိတ်လုံးသက်တမ်း၏ ပိုမိုကောင်းမွန်သော အကဲဖြတ်မှုများ ထွက်ပေါ်လာ**

ချိန်ညှိထားသည့် အပြင်အဆင်များအရ ကုန်းမြင့်ဒေသထွက် အမျှင်လတ် ချည်မျှင်အမျိုးမျိုးအတွက် ကောင်းမွန်ကြောင်းကို ပြသခဲ့ပါသည်။ အမျှင်တိုချည်မျှင်အမျိုးမျိုးအတွက် ကြိတ်လုံးပါ ဝါကြိတ်စက်အချို့ကို ပြုပြင်မွမ်းမံပြီးလည်း အသုံးပြုနိုင်ပါသည်။ ဝါကြိတ်မည့် နည်းလမ်းကို ဆုံးဖြတ်ရာတွင် သွင်းအားစု၏ စွမ်းရည်လိုအပ်ချက်များသည် အရေးကြီးသောအချက်ဖြစ်ပါသည်။

အချို့နေရာများတွင် ကြိတ်လုံးပါ ဝါကြိတ်စက်ကို လက်ဖြင့် ခူးဆွတ်ထားသည့် ဝါဂွမ်းသန့်သန့်အတွက်သာ အသုံးပြုနိုင်ကြောင်း ဒဏ္ဍာရီရှိပြီး အကြိုသန့်စင်ခြင်း (pre-cleaning) နှင့် ဝါကြိတ်ခြင်းသည် လုံးဝခြားနားသော ဘာသာရပ်ဖြစ်ပြီး စက်ဖြင့် ခူးဆွတ်ထားသော ဝါဂွမ်းကို သန့်စင်ပြီးသည်နှင့် ကြိတ်လုံးပါ ဝါကြိတ်စက်ဖြင့် ကြိတ်ခြင်းသည့် အကျိုးရှိနိုင်ပါသည်။

မြောက်အမေရိကနှင့် တောင်အမေရိကတွင် **“ကြိတ်လုံးပါ ဝါကြိတ်စက် (Roller Gin)”** ဟူသော အသုံးအနှုန်းသည် များသောအားဖြင့် လည်နေသော ဓားပါ ကြိတ်လုံးဖြင့် ဝါကြိတ်စက် (Rotobar Rotary Knife Roller Gin) ကို ရည်ညွှန်းပြီး အချို့လွဲမှားသော ကောက်ချက်များကို ယင်းအပေါ် အခြေခံ၍ ရေးသားကြပါသည်။ ကြိတ်လုံးပါ ဝါကြိတ်စက်များဖြင့် ကြိတ်ထားသော ဝါဂွမ်းစုစုပေါင်းအနက်မှ အမြင့်ဆုံးရာခိုင်နှုန်းကို ကြိတ်လုံးနှစ်လုံးပါ ဝါကြိတ်စက် (Double Roller Gin) များဖြင့် ကြိတ်ထားခြင်းဖြစ်ပြီး ၎င်းသည် လည်နေသောဓားပါ ကြိတ်လုံးဖြင့် ဝါကြိတ်စက်နှင့် လုံးဝကွဲပြားသည့် နည်းပညာဖြစ်ပါသည်။

ကြိတ်လုံးဖြင့် ဝါကြိတ်ခြင်း နည်းပညာဖြင့် ကြိတ်ထားသော ဝါဂွမ်းဘေထုပ် ၄၅ သန်းခန့် ရှိသည့်အနက်မှ ဘေထုပ် ၄၂ သန်းခန့်ကို အိန္ဒိယ၊ အာဖရိကနှင့် အခြားနိုင်ငံအချို့ရှိ ကြိတ်လုံးနှစ်လုံးပါ ဝါကြိတ်စက်များမှ ကြိတ်ထားပါသည်။ ကြိတ်လုံးဖြင့် ကြိတ်ထားသော ဝါဂွမ်း ၉၀ ရာခိုင်နှုန်းကျော်ကို ကြိတ်လုံးနှစ်လုံးပါ ဝါကြိတ်စက်ဖြင့် လုပ်ဆောင်ထားပါသည်။ ဘေထုပ်နှစ်သန်းခန့်အတွက် ကြိတ်လုံး တစ်လုံးတည်းပါ ဝါကြိတ်စက် [Single Roller (McCarthy)] များကို အသုံးပြုထားကြပြီး လည်နေသောဓားပါ ကြိတ်လုံးဖြင့် ဝါကြိတ်စက် (Rotobar Rotary Knife Roller Gin) များကို ဘေထုပ်တစ်သန်းခန့်သာ အသုံးပြုပါသည်။ လည်နေသောဓားပါ ကြိတ်လုံးဖြင့် ဝါကြိတ်စက်ကို အမေရိကန်နိုင်ငံတွင် သုတေသနပြုလုပ်နေပြီး မြန်နှုန်းမြင့်လည်နေသောဓားပါ ကြိတ်လုံးဖြင့် ဝါကြိတ်ခြင်းနည်းပညာကို အသုံးပြုမှု တိုးလာပါသည်။ အိန္ဒိယတွင် ကြိတ်လုံးနှစ်လုံးပါ ဝါကြိတ်စက်များအကြောင်းကို ကျယ်ကျယ်ပြန့်ပြန့် သုတေသနပြုလျက်ရှိပါသည်။ မကြာသေးမီက ကြိတ်လုံးနှစ်လုံးပါ ဝါကြိတ်စက် ပုံစံအသစ်ကို မိတ်ဆက်ခဲ့ပြီး အလိုအလျောက် စီမံဆောင်ရွက်နိုင်မှုကြောင့် ထုတ်လုပ်မှုစွမ်းရည်နှင့် တစ်ယူနစ် ကုန်ကျစရိတ် သက်သာလာပါသည်။ လူအင်အား လိုအပ်ချက်မှာလည်း လွှသွားပါ ဝါကြိတ်စက် (Saw Gin) သို့မဟုတ် လည်နေသောဓားပါ ကြိတ်လုံးဖြင့် ဝါကြိတ်စက်များနှင့် နီးနီးစပ်စပ်တူညီပြီး ၎င်းသည် စီးပွားရေးအရ တွက်ခြေအကိုက်ဆုံးသော ဝါကြိတ်နည်းပညာတစ်ခု ဖြစ်လာစေပါသည်။

ကုန်းမြင့်ဒေသထွက် ဝါကို ကြိတ်လုံးပါ ဝါကြိတ်စက် (Roller Gin) ဖြင့် ကြိတ်ရာမှ အရည်အသွေးကောင်းမွန်သော အမျှင်များ တိုးတက်ရရှိလာမှုကြောင့် ဈေးကွက်အသစ်များ ဖွင့်လှစ်နိုင်ပါသည်။ ကုန်းမြင့်ဒေသထွက် ဝါအတွက် ပြုပြင်ပြီးသော အရည်သွေးမြင့် ကြိတ်လုံးပါ ဝါကြိတ်စက်များ ရရှိပြီး မူလရှိပြီးသား မြောက်မြားစွာသော ကြိတ်လုံးပါ ဝါကြိတ်စက်များနှင့် လဲလှယ်မှုများကို ပြုလုပ်ရန် အနာဂတ်တွင် စီစဉ်ထားပါသည်။ မြန်နှုန်းမြင့် ကြိတ်လုံးပါ ဝါကြိတ်စက်များကို ပိုမိုအသုံးပြုလာသည်နှင့်အမျှ ကြိတ်လုံးသက်တမ်း၏ ပိုမိုကောင်းမွန်သော အကဲဖြတ်မှုများ ထွက်ပေါ်လာပါသည်။

မကြာသေးမီအချိန်များတွင် ကြိတ်လုံးနှစ်လုံးပါ ဝါကြိတ်စက်ဖြင့် ဝါကြိတ်ခြင်းသည် အလျင်မြန်ဆုံး ကြီးထွားလာသော ဝါကြိတ်နည်းပညာဖြစ်ပြီး နှစ်စဉ် အလွန်မြင့်မားသောနှုန်းဖြင့် တိုးတက်လာပါသည်။ လက်ရှိအချိန်တွင် ကမ္ဘာ့ဝါဂွမ်း၏ ၁၅ ရာခိုင်နှုန်းမှ ၃၅ ရာခိုင်နှုန်းသို့ ကြိတ်လုံးဖြင့် ဝါကြိတ်ခြင်း (Roller Ginning) ၏ ဝေစုတိုးလာရခြင်း အဓိကအကြောင်းရင်းမှာ အရည်အသွေး မြင့်မားသောအမျှင်၏ ဝယ်လိုအား တိုးလာခြင်းနှင့် အရည်အသွေးမြင့်မားမှု၏ ကောင်းမွန်ထိုက်တန်သော တန်ဖိုးကို နားလည်သဘောပေါက်လာခြင်းကြောင့် ဖြစ်ပါသည်။ *(ဆက်လက်ဖော်ပြပါမည်)*

# တရုတ်နိုင်ငံ ကွမ်တုန်ပြည်နယ်တွင် လမ်းပြိုကျမှုကြောင့် ၂၄ ဦး သေဆုံး

**ကွမ်ကျို့ မေ ၁**

တရုတ်နိုင်ငံတောင်ပိုင်း ကွမ်တုန်ပြည်နယ်တွင် မေ ၁ ရက် နံနက်ပိုင်းက အမြန်လမ်းပိုင်းလမ်းပြိုကျမှု ဖြစ်ပွားခဲ့ရာ ကားအစီးရေ ၂၀ ခန့် ပြုတ်ကျခဲ့ပြီး သေဆုံးသူဦးရေမှာ ၂၄ ဦး အထိရှိလာပြီဟု ဒေသခံ အာဏာပိုင်များကပြောသည်။

နောက်ထပ် ၃၀ မှာလည်း ဆေးရုံတွင် ဆေးကုသမှုခံယူနေကြသည်။ အဆိုပါလူနာ ၃၀ မှာ အသက်အန္တရာယ်စိုးရိမ်ရခြင်းမရှိကြောင်း အာဏာပိုင်များက ပြောသည်။ Meizhou-Dabu လမ်းပိုင်းတွင် နံနက် ၂ နာရီ ၁၀ မိနစ်ခန့်က မတော်တဆမှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ပြိုကျသည့်အပိုင်းမှာ ၁၇ ဒသမ ၉ မီတာ ရှည်လျားကြောင်း တာဝန်ရှိသူများက ပြောသည်။ ဝေဟင်ဓာတ်ပုံများအရ အမြန်လမ်း၏တစ်ဖက်ခြမ်းတွင် လမ်းပြိုကျပြီး ကားများလျှောကျနေသည်ကို တွေ့မြင်ရသည်။ အဆိုပါမတော်တဆမှုတွင် အန္တရာယ်ရှိသော ဓာတုပစ္စည်းများ သယ်ဆောင်သည့်ယာဉ်ကြီးများ မပါဝင်ကြောင်း တာဝန်ရှိသူများက ပြောသည်။

တရုတ်နိုင်ငံတွင် မေလ ၁ ရက်မှစတင်သည့် ငါးရက်ကြာ အားလပ်ချိန်ရာသီအတွင်း အမြန်လမ်းတစ်လျှောက် ယာဉ်သွားလာမှုများ ပို၍များပြားလာသည်။ ဧပြီလအစောပိုင်းမှစတင်ကာ စံချိန်တင် မိုးရွာသွန်းမှုများကြောင့် ကွမ်တုန်ပြည်နယ်တွင် ရေကြီးမှုနှင့် မြေပြိုမှုများ ဆက်တိုက်ဆိုသလို ဖြစ်ပေါ်ခဲ့သည်။ **ဆင်ဟွာ၊ အင်န်အိတ်ချ်ကေ**

# ဒေလီမြို့ရှိ စာသင်ကျောင်းများတွင် ဗုံးအန္တရာယ် ခြိမ်းခြောက်ခံရ

**နယူးဒေလီ မေ ၁**

အိန္ဒိယနိုင်ငံ ဒေလီမြို့နှင့် အခြားသော နီးစပ်ရာဒေသများရှိ စာသင်ကျောင်းများတွင် ဗုံးတပ်ဆင်ထားသည်ဟူသော ခြိမ်းခြောက်စာအီးမေးလ်ကို မေ ၁ ရက်က လက်ခံရရှိခဲ့သည်။

အဆိုပါ ခြိမ်းခြောက်စာကြောင့် ဆရာများ၊ မိဘများနှင့် လုံခြုံရေးအေဂျင်စီများက ကြောက်ရွံ့ထိတ်လန့်မှုများ ပေါ်ပေါက်ခဲ့ရသည်ဟု ဒေလီမီးသတ်ဌာနက ပြောသည်။ စာသင်ကျောင်း အများအပြားမှာ ဗုံးတပ်ဆင်ထားသည် ဟူသော ခြိမ်းခြောက်စာ လက်ခံရရှိခဲ့ပြီး စာလက်ခံရရှိသည့်ကျောင်းအရေအတွက်မှာ ပိုမိုများပြားလာသည်ဟု မီးသတ်ဌာနမှ အဆင့်မြင့်အရာရှိတစ်ဦးက ပြောသည်။

ဗုံးအန္တရာယ် ခြိမ်းခြောက်ခံထားရသည့် စာသင်ကျောင်းပေါင်း ၈၀ ကျော်ရှိသည်ဟု သိရသည်။ စာသင်ကျောင်းများက ကျောင်းသားများ၏ မိဘများထံ ချက်ချင်း အကြောင်းကြားခဲ့ပြီး မိဘများက ကလေးများကို အိမ်ပြန်ခေါ်ရန် စာသင်ကျောင်းသို့ ကြောက်လန့်တကြား လာရောက်ခဲ့ကြသည်။

ဗုံးတပ်ဆင်ထားသည်ဟူသောခြိမ်းခြောက်စာရရှိပြီးနောက် ဒေလီမြို့စာသင်ကျောင်းအပြင်ဘက်တွင် ကျောင်းသားများနှင့်မိဘများကိုတွေ့ရစဉ်။

ဒေလီမြို့ရဲဌာန ဗုံးဌာနခွဲက စာသင်ကျောင်းများတွင် ရှာဖွေမှုကို သေသေချာချာ ပြုလုပ်ခဲ့ကြသည်။ သို့သော်လည်း မည်သည့်အရာမျှ ရှာဖွေတွေ့ရှိခဲ့ခြင်းမရှိဟု ဒေလီဗဟိုခရိုင် ရဲအရာရှိ ဒီဗက်ရှ်ကူမာ မက်ဟ်လာက ပြောသည်။ ကျောင်းသားများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ကြပြီး အဆောက်အအုံများကိုလည်း သေသေချာချာ ရှာဖွေခဲ့ကြသည်။

ယခုအချိန်အထိ မည်သည့်အရာမျှ ရှာမတွေ့သေးကြောင်း ဒေလီမြို့ ပညာရေးဝန်ကြီး အာတစ်ရှီ မာလီနာကပြောသည်။ စာသင်ကျောင်းများတွင် ဗုံးတပ်ဆင်ထားသည်ဆိုသော ခြိမ်းခြောက်စာမှာ လှည့်ဖျားမှုတစ်ခုသာဖြစ်ပြီး ပြည်သူများအနေဖြင့် အထိတ်တလန့်မဖြစ်ကြရန်လည်း ဒေလီရဲတပ်ဖွဲ့က ထုတ်ပြန်ထားသည်။ **ဆင်ဟွာ**

# ဟားမားစ်တို့ကို ဂါဇာငြိမ်းချမ်းရေး ဆွေးနွေးမှုလက်ခံရန် အမေရိကန် နိုင်ငံခြားရေးဝန်ကြီး တိုက်တွန်း

**ဝါရှင်တန် မေ ၁**

အစ္စရေးနှင့်ဟားမားစ်တို့အကြား ဆက်လက်လုပ်ဆောင်ရဦးမည့် အပစ်အခတ်ရပ်စဲရေး ညှိနှိုင်းဆွေးနွေးမှုမတိုင်မီ ကြိုးစားမှုတစ်ခုအဖြစ် အစ္စရေးသို့ သွားရောက်လည်ပတ်စဉ် အမေရိကန် နိုင်ငံခြားရေးဝန်ကြီး အန်တိုနီ ဘလင်ကန်သည် ဟားမားစ်တို့ကို ဂါဇာငြိမ်းချမ်းရေးဆွေးနွေးမှုကိုလက်ခံရန် တိုက်တွန်းပြောကြားခဲ့သည်။

အစ္စရေးသမ္မတ အိုင်ဆက်စ် ဟာဇော့နှင့်တွေ့ဆုံစဉ် ဘလင်ကန်က ဓားစာခံများ အိမ်ပြန်ရောက်အောင် ပို့ဆောင်ပေးမည့် အပစ်အခတ်ရပ်စဲရေးသဘောတူညီမှုတစ်ခုရရှိရမည်ဟု မိမိတို့ဆုံးဖြတ်ချက်ချထားကြောင်း၊ ချထားသလို ယခုရရှိအောင် လုပ်ဆောင်နေပြီဖြစ်ကြောင်း မေ ၁ ရက်က ပြောကြားခဲ့သည်။ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်မရသည့် အဓိကအကြောင်းပြချက်မှာ ဟားမားစ်တို့ကြောင့်ဖြစ်ကြောင်း ဘလင်ကန်က ပြောသည်။

ယင်းနေ့ နောက်ပိုင်းတွင် ဘလင်ကန်သည် အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုနှင့် တွေ့ဆုံခဲ့သည်။

ဂါဇာအပစ်အခတ်ရပ်စဲရေးနှင့် ဓားစာခံများ ပြန်လည်လွှတ်ပေးရန် သဘောတူညီချက်အတွက် အီဂျစ်နှင့်တခြားပါတီများ၏ ကြားဝင်စေ့စပ်မှုအောက်တွင် အစ္စရေးသည် ဟားမားစ်နှင့်ညှိနှိုင်းဆွေးနွေးရန် အဆိုတင်သွင်းခဲ့ကြောင်း မီဒီယာများတွင်ဖော်ပြခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# မိုက်ခရိုဆော့ဖ်က အေအိုင်နည်းပညာနှင့် ကလောက်အခြေခံအဆောက်အအုံများအတွက် အင်ဒိုနီးရှားနိုင်ငံတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၇ ဘီလီယံ ရင်းနှီးမြှုပ်နှံမည်

**ဂျကာတာ မေ ၁**

အမေရိကန်နည်းပညာ ကုမ္ပဏီကြီးဖြစ်သည့် မိုက်ခရိုဆော့ဖ်သည် ၎င်း၏ အေအိုင်နည်းပညာနှင့် ကလောက်အခြေခံ အဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရန် အင်ဒိုနီးရှားနိုင်ငံတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၇ ဘီလီယံ ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

မိုက်ခရိုဆော့ဖ် အမှုဆောင်အရာရှိချုပ် ဆက်ယာနာဒယ်လာသည် လေးနှစ်ကြာ ရင်းနှီးမြှုပ်နှံမှုကိုကြေညာရန် အင်ဒိုနီးရှားနိုင်ငံသို့ လာရောက်ခဲ့သည်။ ယခုလို ရင်းနှီးမြှုပ်နှံမှုသည် နည်းပညာကုမ္ပဏီကြီးဖြစ်သည့် မိုက်ခရိုဆော့ဖ်ကုမ္ပဏီအနေဖြင့် အင်ဒိုနီးရှားနိုင်ငံအတွင်း အကြီးဆုံးရင်းနှီးမြှုပ်နှံမှုဖြစ်သည်။

နာဒယ်လာသည် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာအစီအစဉ်များကိုဆွေးနွေးရန် အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီဒိုဒိုနှင့် တွေ့ဆုံခဲ့သည်။

ယခုလို ရင်းနှီးမြှုပ်နှံမှုသည် အင်ဒိုနီးရှားနိုင်ငံအား ၂၀၄၅ မတိုင်မီ ကမ္ဘာ့အဆင့် စီးပွားရေးဆိုင်ရာစွမ်းအားကြီးမားသည့် နိုင်ငံ တစ်နိုင်ငံ ဖြစ်လာစေရမည်ဟူသော ရည်မှန်းချက် အောင်မြင်စေရန် ကူညီပေးသွားမည်ဖြစ်ကြောင်း မိုက်ခရိုဆော့ဖ်ကုမ္ပဏီက ပြောသည်။

အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီဒိုဒိုသည် မိုက်ခရိုဆော့ဖ်ကုမ္ပဏီကို နိုင်ငံအတွင်း သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးစင်တာတစ်ခု တည်ဆောက်ရန် တိုက်တွန်းပြောကြားခဲ့သည်ဟု အင်ဒိုနီးရှားအစိုးရက ပြောသည်။

နာဒယ်လာ၏ အရှေ့တောင်အာရှခရီးစဉ်တွင် အင်ဒိုနီးရှားနိုင်ငံသည် ပထမဆုံးရပ်နားရာနေရာဖြစ်ခဲ့သည်။ မိုက်ခရိုဆော့ဖ် အမှုဆောင်အရာရှိချုပ်က မိုက်ခရိုဆော့ဖ်သည် ၂၀၂၅ ခုနှစ်မတိုင်မီ အာဆီယံ ဒေသတွင်း လူပေါင်း ၂ ဒသမ ၅ သန်းကို အေအိုင်သင်တန်းများ ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# မိုးခေါင်မှုဖြစ်ပွားခဲ့သော ဇင်ဘာဘွေတွင် ဆန်တန်ချိန် ၁ ဒသမ ၁ သန်း လိုအပ်

**ဟာရာရီ မေ ၁**

အယ်နီညိုကြောင့် အာဖရိကတောင်ပိုင်းရှိ အခြားသောနိုင်ငံများတွင်လည်း မိုးခေါင်မှုဖြစ်ပွားခဲ့ပြီး ဇင်ဘာဘွေနိုင်ငံတွင် လာမည့်နှစ် မတ်လ မတိုင်မီအထိ အစားအသောက်လုံလောက်မှုမရှိသော ပြည်သူများအတွက် ဆန်တန်ချိန် ၁ ဒသမ ၁ သန်း တင်သွင်းရန်လိုအပ်ကြောင်း အစိုးရအရာရှိတစ်ဦးက ဧပြီ ၃၀ ရက်တွင် ပြောသည်။

ဇင်ဘာဘွေနိုင်ငံတွင် လူတစ်ဦးလျှင် တစ်လ ဆန်လိုအပ်ချက်မှာ ၁၀ ကီလိုဂရမ်ဖြစ်သည်ဟု သတင်းအချက်အလက်နှင့် အသံလွှင့်ဝန်ဆောင်မှု ဆိုင်ရာဝန်ကြီး ဂျန်ဖန် မက်စ်ဝဲလ်က ပြောသည်။ ၂၀၂၄ ခုနှစ် ဧပြီလမှ ၂၀၂၅ ခုနှစ် မတ်လအတွင်း ပုဂ္ဂလိကကဏ္ဍမှ ဆန်တန်ချိန် တစ်သန်းတင်သွင်းနိုင်ရန် လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်သည်ဟုလည်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ဇင်ဘာဘွေနိုင်ငံတွင် မိုးခေါင်မှုဒဏ်ကို တုံ့ပြန်ရန်အတွက် အမေရိကန်ဒေါ်လာနှစ်ဘီလီယံကျော် လိုအပ်သည်ဟု ကြေညာခဲ့ပြီးနောက် သမ္မတအီမာဆွန် မနန်ဂါဂွာက သဘာဝဘေးအရေးပေါ်အခြေအနေအဖြစ်ကြေညာခဲ့သည်။

**ဆင်ဟွာ**

# ဂျပန်ကုမ္ပဏီ ၄၀၀ ကျော်က မြန်မာအလုပ်သမား ၁၁၀၀ ကျော် ခေါ်ယူမည်ဟုဆို

**ရန်ကုန် မေ ၁**

ဂျပန်ကုမ္ပဏီ ၄၀၀ ကျော်က မြန်မာအလုပ်သမားဦးရေ ၁၁၀၀ ကျော် ခေါ်ယူမည်ဖြစ်ကြောင်း ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံရုံး၏ ဧပြီ ၃၀ ရက် ထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ ထုတ်ပြန်ချက်အရ ဂျပန်ကုမ္ပဏီ ၃၀၀ ကျော်က မြန်မာအလုပ်သမား အမျိုးသား ၃၈၀ ကျော်၊ အမျိုးသမီး ၈၁၀ ကျော် စုစုပေါင်းဦးရေ ၁၁၀၀ ကျော် ခေါ်ယူမည်ဖြစ်ကြောင်း သိရှိရသည်။

မြန်မာသံရုံး၊ တိုကျိုမြို့အနေဖြင့် အလုပ်သမားဝန်ကြီးဌာနက နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် ပေးပို့လာသည့် အလုပ်ကမ်းလှမ်းစာ (Demand Letter) များကို စိစစ်ဆောင်ရွက်ပေးလျက်ရှိပြီး ထိုသို့စိစစ်ဆောင်ရွက်ရာတွင် ဂျပန်နိုင်ငံရှိအလုပ်သမားကြီးကြပ်ရေးကုမ္ပဏီနှင့်အလုပ်ခေါ်ယူသည့် စက်ရုံ/ကုမ္ပဏီများသည် ဂျပန်နိုင်ငံတွင် တရားဝင်တည်ထောင်ထားခြင်း ရှိ/ မရှိ စာရွက်စာတမ်းအထောက်အထားများ စိစစ်ပြီး စိစစ်တွေ့ရှိချက်များ၊ သဘောထားမှတ်ချက်များကို နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် အလုပ်သမားဝန်ကြီးဌာနသို့ ပြန်လည်ပေးပို့လျက်ရှိကြောင်းလည်း သိရသည်။

မြန်မာသံရုံး၊ တိုကျိုမြို့အနေဖြင့် Demand Letter များကို ဂျပန်ကုမ္ပဏီများထံမှ ပြန်ကြားစာ လက်ခံရရှိသည့် ရက်စွဲအလိုက် အစဉ်အတိုင်း စိစစ်ပေးလျက်ရှိရာ ၂၀၂၄ ခုနှစ် မတ် ၁၉ ရက်အထိ လက်ခံရရှိ၍ စိစစ်ပြီးစီးကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ပေးပို့ ပြန်ကြားခဲ့သည့် အလုပ်ကမ်းလှမ်းစာ ၄၀၈ ခုနှင့် ပတ်သက်သည့် အချက်အလက်များအား အသိပေးထုတ်ပြန်အပ်ကြောင်း ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံရုံးက ဧပြီ ၃၀ ရက်တွင် အသိပေးထားသည်။

ပြီးခဲ့သည့် ဧပြီ ၁၂ ရက်က မြန်မာသံရုံး၊ တိုကျိုမြို့အနေဖြင့် Demand Letter များကို ဂျပန်ကုမ္ပဏီများထံမှ ပြန်ကြားစာ လက်ခံရရှိသည့် ရက်စွဲအလိုက် အစဉ်အတိုင်း စိစစ်ပေးလျက်ရှိရာ ၂၀၂၄ ခုနှစ် မတ် ၅ ရက်အထိ လက်ခံရရှိ၍ စိစစ်ပြီးစီးကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ပေးပို့ ပြန်ကြားခဲ့သည့် အလုပ်ကမ်းလှမ်းစာ ၄၀၃ ခုနှင့် ပတ်သက်သည့် အချက်အလက်များကို အသိပေး ထုတ်ပြန်ချက်အရ ဂျပန်ကုမ္ပဏီ ၄၀၀ ကျော်က မြန်မာအလုပ်သမား အမျိုးသား ၃၃၀ ကျော်၊ အမျိုးသမီး ၉၄၀ ကျော် စုစုပေါင်းဦးရေ ၁၂၀၀ ကျော် ခေါ်ယူမည်ဖြစ်ကြောင်း ထုတ်ပြန်ထားချက်အရ သိရသည်။

**MT**

ဂျပန်နိုင်ငံသို့ သွားရောက်လုပ်ကိုင်သည့် မြန်မာလုပ်သားအချို့အား ၂၀၂၃ ခုနှစ်က တွေ့ရစဉ်။

# ကျိုက်ထိုမြို့နယ်၌ NGO အဖွဲ့အစည်းများနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့ လက်တွဲပြီး TB နှင့် HIV ဝေဒနာရှင်များကို ကူညီမည်

**ရန်ကုန် မေ ၁**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်၌ NGO အဖွဲ့အစည်းများနှင့် မြို့နယ် ကျန်းမာရေးဦးစီးဌာတို့ လက်တွဲ၍TB နှင့် HIV ဝေဒနာရှင်များကို ရှာဖွေဖော်ထုတ်ပြီး လိုအပ်သည့်အကူအညီများကို ပေးသွားမည်ဖြစ်ကြောင်း ကျိုက်ထိုမြို့နယ်ပြည်သူ့ဆေးရုံကြီးမှ သိရသည်။

ကျိုက်ထိုမြို့နယ်၌ HIV / TB ရောဂါရှင်များအတွက်ဝမ်းမြောက်ဖွယ် သတင်းကောင်းတစ်ခုဖြစ်ကြောင်း အဆိုပါဆေးရုံကြီးက အသိပေးထုတ်ပြန်ထားခြင်းဖြစ်သည်။

ကျိုက်ထိုမြို့နယ်ပြည်သူ့ဆေးရုံကြီးမှ တာဝန်ရှိသူများ။

အဆိုပါ အသိပေးထုတ်ပြန်ချက်တွင် NGO အဖွဲ့အစည်းများဖြစ်သည့် IOM နှင့် မေတ္တာစေတမာန်အဖွဲ့က မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် လက်တွဲပြီး TB နှင့် HIV ဝေဒနာရှင်များကို ရှာဖွေဖော်ထုတ်ကာ လိုအပ်သည့် အကူအညီများကို ပေးသွားမည်ဖြစ်ကြောင်း အဆိုပါဆေးရုံကြီးမှ အသိပေးကြေညာထားချက်တွင် ပါရှိသည်။

ထို့ကြောင့် ဓာတ်မှန်ရိုက်ရန် မတတ်နိုင်သူများ၊ သွေးစစ်ဆေးရန် လိုအပ်သည့် လူနာများ၊ ရောဂါစစ်ဆေးရန် ခရီးစရိတ်မတတ်နိုင်သူများ၊ ဆေးရုံတက်ချိန် အခက်အခဲရှိသူလူနာများကို အကူအညီပေးထောက်ပံ့မှုပေးသွားမည်ဟုလည်း ဆိုသည်။ ယင်းအပြင် အဆုတ်ရောဂါ ဝေဒနာရှင်များကိုလည်း ဆေးရောဂါ ပျောက်ကင်းသွားသည်အထိ လိုအပ်သည့် အာဟာရများအတွက် လစဉ်ထောက်ပံ့ကူညီပေးသွားမည်ဟုလည်း ကျိုက်ထိုမြို့နယ်ပြည်သူ့ဆေးရုံကြီးမှ အသိပေးကြေညာထားသည်။

မြန်မာနိုင်ငံသည် ကမ္ဘာ့တီဘီ၊ တီဘီ / အိပ်ချ်အိုင်ဗွီနှင့် ဆေးယဉ်ပါးတီဘီရောဂါအဖြစ် အများဆုံး နိုင်ငံ ၃၀ တွင် အပါအဝင်ဖြစ်ပြီး WHO ၏ Global TB report (2023) အရ ၂၀၂၂ ခုနှစ်တွင် မြန်မာနိုင်ငံ၌ လူဦးရေတစ်သိန်းတွင် တီဘီလူနာသစ်ဖြစ်ပွားနှုန်း ၄၇၅ ဦးရှိပြီး သေဆုံးနှုန်းမှာ ၈၀ ရှိနိုင်သည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေးစီမံကိန်းမှ ဦးဆောင်ပြီး ပြည်တွင်း / ပြည်ပမိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ တီဘီရောဂါတိုက်ဖျက်ရေးလုပ်ငန်းများကို အမျိုးသားမဟာဗျူဟာစီမံကိန်း(National Strategic Plan) ၂၀၂၁-၂၀၂၅ နှင့်အညီ ဆောင်ရွက်လျက်ရှိကာ တီဘီရောဂါကာကွယ်ကုသရေး လုပ်ငန်းများအတွက် တီဘီဆေးများဝယ်ယူရန် (၂၀၁၅-၂၀၁၆) ဘဏ္ဍာရေးနှစ်မှစတင်၍ နိုင်ငံတော်ရန်ပုံငွေဖြင့် ဝယ်ယူဖြည့်တင်းပေးလျက်ရှိပြီး နှစ်စဉ်ရန်ပုံငွေများ တိုးမြှင့်ခွဲဝေချထားပေးလျက်ရှိကြောင်းလည်း ကျန်းမာရေးဝန်ကြီးဌာနမှ သိရသည်။

**MT**

# လာမည့် မေလတွင် မိုးကြိုးမုန်တိုင်းများ ဖြစ်ပေါ်လာနိုင်သဖြင့် သတိပြုရန်လိုအပ်

**ရန်ကုန် မေ ၁**

လာမည့် မေလတွင် မိုးကြိုးမုန်တိုင်းများ ဖြစ်ပေါ်လာနိုင်သဖြင့် သတိပြုရန်လိုကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ဦးလှထွန်းက ပြောသည်။

မုတ်သုံ ဝင်လုနီးကာလများတွင် အပူရှိန်မြင့်တက်သည့်အတွက် မိုးတိမ်တောင်များ အားကောင်းတတ်ပြီး ယခုကာလတွင် အပူရှိန်ပြင်းနေသည့်အတွက် မိုးတိမ်တောင်များ ဖြစ်ပေါ်ဖွယ်ရှိကြောင်းလည်း သိရသည်။

"မိုးကြိုး မုန်တိုင်းကတော့ ဒီအချိန်ပူပြင်းတဲ့ မိုးတိမ်တောင်ဖြစ်ထွန်းမှုအားကောင်းတဲ့ အခုလိုပူတဲ့ကာလတွေ၊ နောက်မုတ်သုံအဝင်ပေါ့။ မုတ်သုံဝင်ကာနီးကာလတွေ မိုးကြိုးမုန်တိုင်းဖြစ်ပေါ်မှု အားကောင်းတယ်။ အကြမ်းဖျင်းတော့ မိုးကြိုကာလဧပြီ၊ မေပေါ့။ မိုးတိမ်တောင်တွေဖြစ်ထွန်းမှုကာလတွေ အပူပြန်တက် တိမ်ဖြစ်ထွန်းမှုကာလ ဒီဧပြီနဲ့မေလပေါ့။ နောက်တစ်ခါမုတ်သုံထွက်ပြီးလို့ရှိရင် အပူရှိန်ပြန်တက်မှုတွေ များပြီးတော့ မိုးတိမ်တောင်တွေ အားကောင်းရင် မိုးကြိုးမုန်တိုင်းတွေဖြစ်မယ်ပေါ့ "ဟု ၎င်းက ဆိုသည်။

ယခု နောက်ပိုင်းကာလများတွင် မုတ်သုံလေ အားနည်းသည့်အတွက် အပူရှိန်များကာ အပူပျံ့တက်သည့်အတွက် မိုးကြိုးမုန်တိုင်းတိုးလာခြင်းဖြစ်ကြောင်းလည်း သိရသည်။

"မုတ်သုံ ကာလကတော့ များသောအားဖြင့်က မိုးကြိုးမုန်တိုင်းဖြစ်ပေါ်မှု နည်းတယ်။ ပုံမှန်ဆိုရင်တော့ လျော့တယ်၊ မဖြစ်သလောက်ပေါ့။ သို့သော် မိုးကြိုးမုန်တိုင်း ဖြစ်ပေါ်မှုက အပူနဲ့ဆက်စပ်တယ်။ ဒီရာသီဥတုက အခုနောက်ပိုင်းနှစ်တွေဆို မုတ်သုံကာလမှာလည်း မုတ်သုံအားမကောင်းဘူး။ မုတ်သုံအားနည်းသွားပြီ ဆိုရင်တော့ မိုးကြိုးမုန်တိုင်း ဖြစ်ပေါ်မှုက ပြန်ဖြစ်လာတယ်။ မုတ်သုံအားကောင်းနေရင်တော့ မိုးကြိုးမုန်တိုင်းဖြစ်ပေါ်မှု လျော့နည်းတယ်။ မုတ်သုံအားနည်းသွားတာနဲ့ မိုးလည်းလျော့သွားတာနဲ့ ခုနောက်ပိုင်းနှစ်တွေကို ကြည့်ရရင် အပူတွေက ပြန်တက်လာတယ်။ ပြန်တက်လာလို့ရှိရင် မိုးတိမ်တောင် ဖြစ်ပေါ်မှုများတယ်။ မိုးတိမ်တောင်ဖြစ်ပေါ်မှုဆိုတာ တကယ်တမ်း မိုးကြိုးတိမ်တိုက်လို့ ကျွန်တော်တို့ ပြောလို့ရတယ်။ မိုးကြိုးတိမ်တိုက်လို့ ကျွန်တော်တို့ ခေါ်တာပေါ့။ သူကတော့ တစ်ပြည်လုံးလိုလို သတိထားရမယ်" ဟု ဦးလှထွန်းက ဆက်လက်ရှင်းပြသည်။

ထို့အပြင် လာမည့်မိုးရာသီ၌ မိုးဦးကာလတွင် မုတ်သုံနောက်ကျကာ မိုးလယ်ကာလတွင်လည်း ပုံမှန်မုတ်သုံသာရှိနေပြီး၊ မိုးနှောင်းကာလတွင် မုတ်သုံအထွက်စောနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနမှ သိရသည်။

**Thit Taw**

◆ *ကျောဖုံးမှ*

နေရာကွက်ကျား မိုးထစ်ချုန်းရွာခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သည်။ လေပြင်းတိုက်ခတ်စဉ် မြေပြင်/ရေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ မှ မိုင် ၅၀ အထိ တိုက်ခတ်နိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် မိုးကြိုကာလဖြစ်သည့် မေလမှ မြန်မာနိုင်ငံဘက်သို့ အနောက်တောင်မုတ်သုံလေ မဝင်ရောက်မီကာလအတွင်း ဖြစ်ပေါ်လာနိုင်သည့် မိုးလေဝသဖြစ်စဉ်များနှင့် ပတ်သက်၍ အထူးဂရုပြုနေထိုင်သွားကြပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး နှင့် ရေကြောင်းခရီးစဉ်များအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

# ရန်ကုန်-မန္တလေးရထားလမ်းပိုင်းအတွင်း ဖြူးမြို့နယ် ကညွတ်ကွင်းနှင့် ညောင်ပင်သာဘူတာအကြား ရထားလမ်းအား အကြမ်းဖက်သောင်းကျန်းသူများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီးထားခြင်းကြောင့် ကုန်ရထားဖြတ်သန်းစဉ် လမ်းချော်ကျမှုဖြစ်ပွားပြီး ရထားခရီးစဉ်များ ယာယီဖျက်သိမ်း

**နေပြည်တော် မေ ၁**

ယနေ့ ရန်ကုန်- မန္တလေး ရထားလမ်းပိုင်းအတွင်း ယနေ့ မလွကုန်း-မြစ်ငယ် ခရီးစဉ်အတိုင်း ထွက်ခွာလာသည့် အမှတ်(၉၀၁)အဆန် ကုန်ရထားသည် ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ကညွတ်ကွင်းဘူတာမှ နံနက် ၅ နာရီ ၁၅ မိနစ်တွင် ဖြတ်သန်းထွက်ခွာခဲ့ရာ ကညွတ်ကွင်းဘူတာနှင့် ညောင်ပင်သာဘူတာအကြား မိုင်တိုင်အမှတ်၊ ၁၂၅/၁-၄ အတွင်း ရထားမဖြတ်သန်းမီအချိန်က သောင်းကျန်းသူအဖွဲ့က ရထားသံလမ်းအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးထားသဖြင့် ရထားဖြတ်သန်းစဉ် ရထားလမ်းချော်ကျမှု ဖြစ်ပွားခဲ့ပြီး ရထားစက်ခေါင်းအပါအဝင် စက်ခေါင်းမောင်း နားနေတွဲနှင့် ကုန်တွဲ တွဲလွတ် သုံးတွဲ စုစုပေါင်း စက်ခေါင်းနှင့် တွဲလေးတွဲတို့ လမ်းချော်ကျမှုဖြစ်ပွားခဲ့သည်။

အဆိုပါ ဖြစ်စဉ်ကြောင့် ရန်ကုန်မှ ထွက်ခွာလာသည့် ခရီးသွားပြည်သူ ၂၈၈ ဦး လိုက်ပါလာသည့် အမှတ်(၁၁)အဆန် လူစီးအမြန်ရထားသည် ကျောက်တန်းဘူတာသို့ နံနက် ၇ နာရီ ၉ မိနစ်တွင်ရောက်ရှိပြီး ၈ နာရီခွဲတွင်ရန်ကုန်ဘက်သို့လည်းကောင်း၊ မန္တလေးမှ ထွက်ခွာလာသည့် ခရီးသွားပြည်သူ ၁၇၄ ဦး လိုက်ပါလာသော အမှတ်(၁၂)အစုန်လူစီးအမြန်ရထားသည် မြစ်သားသို့ နံနက် ၆ နာရီ ၆ မိနစ်တွင် ရောက်ရှိပြီး ၈ နာရီ ၂၅ မိနစ်တွင် မန္တလေးဘက်သို့ လည်းကောင်း ပြန်လည်ထွက်ခွာ ပို့ဆောင်ပေးခဲ့ရသဖြင့် ခရီးသည်များအား ခရီးဆုံးထိ ပို့ဆောင်နိုင်ခြင်း မရှိတော့ဘဲ အဆိုပါလူစီးအမြန်ရထားနှစ်စင်းအား ယာယီဖျက်သိမ်းခြင်းပြုလုပ်ခဲ့ရသည်။

မိုင်းဖြစ်စဉ် ဖြစ်ပွားရာနေရာသို့ နယ်မြေဒေသတာဝန်ရှိသူများ၊ နယ်မြေခံလုံခြုံရေး တပ်ဖွဲ့ဝင်များက အချိန်နှင့်တစ်ပြေးညီ ရောက်ရှိလာပြီး နယ်မြေရှင်းလင်းစစ်ဆေးခြင်းနှင့် မြန်မာ့မီးရထားဝန်ထမ်းများကလည်း လမ်းချော်ကျသော စက်ခေါင်းနှင့်တွဲများအား မ,တင်၍ လမ်းပိုင်းအား အမြန်ဆုံး ပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိသည်။ မိုင်းပေါက်ကွဲဖျက်ဆီးခံရသည့် ဖြစ်စဉ်နှင့် ရထားလမ်းချော်မှု ဖြစ်စဉ်များကြောင့် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ဆဲဖြစ်သော အစုန်လမ်းပေါ်တွင် ကွန်ကရစ်ဇလီဖား ၁၀ တုံး၊ သံလမ်းပေ ၈၀ ခန့် ပျက်စီးသွားပြီး အဆန်လမ်းပေါ်တွင် ကွန်ကရစ်ဇလီဖား ၃၂ တုံး၊ သံလမ်းပေ ၃၀ ခန့်ပျက်စီးခဲ့ကာ ရထားများ ပုံမှန်ပြန်လည်ပြေးဆွဲနိုင်ရေး ပြုပြင်ခြင်း လုပ်ငန်းများအား အမြန်ဆုံး ဆောင်ရွက်လျက်ရှိသည်။

ရန်ကုန်-မန္တလေးရထားလမ်းပိုင်းအတွင်း ဖြူးမြို့နယ် ကညွတ်ကွင်းနှင့် ညောင်ပင်သာဘူတာအကြား ရထားလမ်းအား အကြမ်းဖက်သောင်းကျန်းသူများ၏ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခံထားရခြင်းကြောင့် ကုန်ရထားဖြတ်သန်းစဉ် ရထားလမ်းချော်ကျမှုဖြစ်ပွားမှုကို တွေ့ရစဉ်။

အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များအနေဖြင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှစ၍ ယခုအချိန်အထိ မြန်မာ့မီးရထားလမ်းကွန်ရက်တစ်ခုလုံးတွင် ရထားလမ်းနှင့် ရထားဘူတာနယ်မြေအတွင်း ဗုံးထောင်မိုင်းခွဲ/ဖျက်ဆီးခြင်း ၁၃၁ ကြိမ်၊ ရထားတံတားများအား မိုင်းခွဲဖျက်ဆီးခြင်း ၅၄ ကြိမ်၊ ဘူတာအဆောက်အဦနှင့် ဝန်ထမ်းနေအိမ်များအား မီးရှို့ဖျက်ဆီးခြင်း ၁၂ ကြိမ် ကျူးလွန်ခဲ့ကြသည်။

နိုင်ငံတော် အစိုးရအနေဖြင့် အများပြည်သူခရီးသွားလာမှုနှင့် ကုန်စည်ပို့ဆောင်မှု အဆင်ပြေချောမွေ့မြန်ဆန်စေရေးအတွက် ရထားလမ်းနှင့်အခြေခံအဆောက်အဦများ ပိုမိုတိုးတက်ကောင်းမွန်လာစေရေး၊ ရထားပို့ဆောင်ရေးစနစ် အဆင့်မြှင့်တင်ရေးစီမံကိန်းလုပ်ငန်းများကို ရည်မှန်းချက်ထားရှိ၍ အစဉ်တစိုက် အလေးထား စီမံဆောင်ရွက်ပေးလျက်ရှိသော်လည်း အကြမ်းဖက်သောင်းကျန်းသူများ အနေဖြင့် နိုင်ငံတော်ပိုင် ရထားစက်ခေါင်းနှင့်တွဲများ၊ ရထားလမ်းနှင့် တံတားများ၊ ခရီးသည်များနှင့် ကုန်စည်များ ထိခိုက်ပျက်စီးဆုံးရှုံးစေရေး၊ ရထားစီးခရီးသွားပြည်သူများအနေဖြင့် ရထားဖြင့် ခရီးသွားလာရာတွင် ကိုယ်စိတ်နှလုံးချမ်းမြေ့ပြီး အသက်အန္တရာယ်ကင်းရှင်းစွာဖြင့် လုံခြုံစိတ်ချစွာ သွားလာနိုင်မှု မရှိစေရေးအတွက် ရည်ရွယ်ပြီး ယခုကဲ့သို့ ယုတ်မာပက်စက်စွာဖြင့် အကြိမ်ကြိမ် ကျူးလွန် ဖျက်ဆီးနေကြခြင်းအပေါ် ဒေသခံများနှင့် ပြည်သူတစ်ရပ်လုံးက ပြင်းထန်စွာ ဆန့်ကျင်ကန့်ကွက် ရှုတ်ချလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❖ *ကျောဖုံးမှ*

ထိုသို့လုပ်ဆောင်လျက်ရှိရာ ယနေ့နံနက် ၂ နာရီခန့်တွင် ပဲခူးတိုင်းဒေသကြီး ကညွတ်ကွင်းမြို့၏ အနောက်မြောက်ဘက် မီတာ ၂၀၀၀ ခန့်အကွာရှိ ကညွတ်ကွင်းမြို့နှင့် ညောင်ပင်သာမြို့ အကြား မိုင်တိုင်အမှတ် ၁၁၈/၀ နှင့် တံတားအမှတ်(၁၉၂) နေရာ ရန်ကုန်-မန္တလေးကားလမ်းပေါ်ရှိ ဒေသခံပြည်သူများ အားထားအသုံးပြုလျက်ရှိသည့် အရှည်ပေ ၇၀ အကျယ် ၆၄ ပေ ငွေသန်းသံကူကွန်ကရစ်တံတားအား KNLA အဖွဲ့မှ အကြမ်းဖက်မှုလိုလားသူများနှင့် PDF အမည်ခံအကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲမှုကြောင့် တံတား၏ အလယ် အလျားပေ ၅၀ ခန့်နှင့် အကျယ်ပေ ၅၀ ခန့် ပြိုကျပျက်စီးခဲ့သည်။

အလားတူ KNLA အဖွဲ့မှ အကြမ်းဖက်မှုလိုလားသူများနှင့် PDF အမည်ခံ အကြမ်းဖက်သမားများက ၎င်းတံတား၏ အနောက်မြောက်ဘက် မီတာ ၇၀၀ ခန့် အကွာရှိ ရန်ကုန် - မန္တလေး မီးရထားလမ်းအား မိုင်းထောင်ဖောက်ခွဲခဲ့မှုကြောင့် ရထားလမ်းဟောင်း၌ ရထားလမ်းသံဘောင်နှစ်ခုမှာ ၁၀ ပေခန့် ပြတ်ထွက်ပျက်စီး၍ ရထားလမ်းသစ် သံဘောင်နှစ်ခုမှာ ပေ ၂၀ ခန့် ပြတ်ထွက် ပျက်စီးခဲ့သည်။

အကြမ်းဖက်သမားများအနေဖြင့် ကျေးရွာသူ/ကျေးရွာသားများအား သွားလာမှုခက်ခဲစေရန်နှင့် အထိတ်တလန့်ဖြစ်ပြီး ကြောက်ရွံ့လာစေရန်၊ ကုန်စည်စီးဆင်းမှုကို ထိခိုက်ဆုံးရှုံးမှုဖြစ်စေပြီး တည်ငြိမ်မှု ပျက်ပြားစေရန် ရည်ရွယ်၍ စစ်ရေးနှင့်မသက်ဆိုင်သော အများပြည်သူ အသုံးပြုလျက်ရှိသည့် လမ်းတံတားများအား ဖောက်ခွဲဖျက်ဆီးခဲ့ခြင်းသည် စစ်ရာဇဝတ်မှု (War Crime) ကို ကျူးလွန်ခြင်းဖြစ်သည်။

မိုင်းထောင်ဖောက်ခွဲခဲ့မှုကြောင့် ရန်ကုန်-မန္တလေး မီးရထားလမ်း ပျက်စီးနေမှုကို တွေ့ရစဉ်။

KNLA အဖွဲ့မှ အကြမ်းဖက်မှုကို လိုလားသူများနှင့် PDF အမည်ခံ အကြမ်းဖက်သမားများက တံတားနှင့် မီးရထားလမ်းတို့အား မိုင်းထောင်ဖောက်ခွဲခဲ့သည့် နေရာပြပုံ။




အဆိုပါ မိုင်းခွဲဖျက်ဆီးမှုကြောင့် လက်ရှိတွင် လူနှင့် မော်တော်ယာဉ်များ သွားလာ၍မရကြောင်းနှင့် လမ်းတံတားပျက်စီးမှုများအား သက်ဆိုင်ရာလမ်း/ တံတားဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများက အမြန်ဆုံး ပြင်ဆင်နိုင်ရေး ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် လိုအပ်သည့် အကြမ်းဖက်ချေမှုန်းရေး စစ်ဆင်ရေး (Counter-Terrorism Operation)ကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## MNL Cup ပြိုင်ပွဲ အုပ်စု (က)တွင် ရန်ကုန်နှင့် ရွှေပြည်သာအသင်း နိုင်ပွဲရရှိ

**ရန်ကုန် မေ ၁**

၂၀၂၄ MNL Cup ပြိုင်ပွဲအုပ်စု (က) ပွဲစဉ်(၇)ကို မေ ၁ ရက်က ဆက်လက်ကျင်းပရာ ရန်ကုန်ယူနိုက်တက်နှင့် ရွှေပြည်သာယူနိုက်တက်အသင်း နိုင်ပွဲရရှိခဲ့သည်။

သုဝဏ္ဏကွင်း၌ ကျင်းပသည့်ပွဲတွင် ရန်ကုန်ယူနိုက်တက်အသင်းက တက္ကသိုလ်အသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ပွဲအစကိုးမိနစ်တွင် တိုက်စစ်မှူး တက်တာက ရန်ကုန်ယူနိုက်တက်အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့သည်။ တက္ကသိုလ်အသင်းအတွက် မိနစ် ၂၀ တွင် အောင်မြင့်မြတ်က ချေပဂိုးသွင်းယူခဲ့သည်။ ရန်ကုန်အသင်းအတွက် ဂိုးများကို တိုက်စစ်မှူး ရန်ကျော်ထွေးက ၄၉၊ ၆၂၊ ၇၄ မိနစ်တွင် ဟက်ထရစ်သွင်းယူကာ ရန်ကုန်အသင်းကို နိုင်ပွဲရစေခဲ့သည်။

YUSC ကွင်း၌ ကျင်းပသည့်ပွဲတွင် ရွှေပြည်သာယူနိုက်တက်အသင်းက GFA အသင်းကို ခြောက်ဂိုး-ငါးဂိုးဖြင့် အနိုင်ရခဲ့သည်။ ရွှေပြည်သာယူနိုက်တက်အသင်းအတွက် ဂိုးများကို ၁၅၊ ၅၁၊ ၉၀+၂ မိနစ်တွင် ဖြိုးနေကိုလှိုင်၊ ၄၈၊ ၇၁ မိနစ်တွင် ညဏ်မင်းထက်၊ ၆၄ မိနစ်တွင် စောဖွေးတို့က သွင်းယူပြီး GFA အသင်းအတွက် ဂိုးများကို ၂၇၊ ၃၆၊ ၄၆ မိနစ်တွင် လှဖုန်းဦး၊ ၆၂ မိနစ်တွင် ကျော်စွာထက်၊ မိနစ် ၈၀ တွင် ဘမ်ဘာတို့က သွင်းယူခဲ့သည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ-MNL**

ရန်ကုန်ယူနိုက်တက်နှင့် တက္ကသိုလ်အသင်း ယှဉ်ပြိုင်စဉ်။

# မွန်ပြည်နယ်ဝန်ကြီးချုပ် ယာယီနေရပ်စွန့်ခွာဒေသခံပြည်သူများ မိမိတို့နေရပ်သို့ ပြန်လည်အခြေချနေထိုင်နိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

## မော်လမြိုင်မြို့ သာသနာ ၂၅၀၀ ကျောင်းတိုက်မှ ဆရာတော်ကြီးများကို ဖူးမြော်ကြည်ညိုပြီး သာသနာရေးဆိုင်ရာကိစ္စများကို လျှောက်ထား

မော်လမြိုင် မေ ၁

**မွန်ပြည်နယ် ကျိုက်မရောမြို့နယ်ရှိ ဓမ္မသကျေးရွာနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများ၌ မတ် ၂၈ ရက်မှ စတင်၍ အကြမ်းဖက်သောင်းကျန်းသူများ ဝင်ရောက်ပစ်ခတ်တိုက်ခိုက်မှုများကြောင့် နေအိမ်များ မီးလောင်ပျက်စီးခဲ့ရသည်။**

အဆိုပါ ယာယီနေရပ်စွန့်ခွာ ဒေသခံပြည်သူများ မိမိတို့နေရပ်သို့ အဆင်ပြေချောမွေ့စွာ သွားရောက်၍ ပြန်လည်အခြေချနေထိုင်နိုင်ရေးအတွက် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ဒေသခံ ပြည်သူများနှင့်အတူ အမြန်ဆုံး ဆောင်ရွက်ပေးလျက်ရှိသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် မော်လမြိုင်မြို့ သာသနာ ၂၅၀၀ ကျောင်းတိုက်တော်သို့ ရောက်ရှိကြပြီး ဆရာတော်ကြီးများကို ဖူးမြော်ကြည်ညိုပြီး သာသနာရေးဆိုင်ရာ ကိစ္စများကို လျှောက်ထားသည်။ (ယာပုံ)

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က မော်လမြိုင်မြို့နယ်နှင့် ချောင်းဆုံမြို့နယ်အတွင်းရှိနယ်မြေအခြေအနေ အကြောင်းအမျိုးမျိုးအရ ရောက်ရှိလာကြသော ယာယီနေရပ်စွန့်ခွာသူများအား ဓမ္မသကျေးရွာနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများ၌ တည်ငြိမ်အေးချမ်းနေပြီဖြစ်သည့်အတွက် ကျေးရွာသူ ကျေးရွာသားများအနေဖြင့် မိမိတို့နေရပ်သို့ အဆင်ပြေချောမွေ့စွာ သွားရောက်၍ ပြန်လည်အခြေချနေထိုင်နိုင်ရေး ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း၊ ပြည်နယ်အစိုးရအဖွဲ့ အနေဖြင့် လိုအပ်သည့် ကူညီစောင့်ရှောက်ရေးလုပ်ငန်းများအပြင် ကျန်းမာရေး စောင့်ရှောက်မှုများကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားပြီး တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သက်နိုင် (မော်လမြိုင်)

မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း မော်လမြိုင်မြို့ သာသနာ ၂၅၀၀ ကျောင်းတိုက်မှ ဆရာတော်ကြီးများကို ဖူးမြော်ကြည်ညိုပြီး သာသနာရေးဆိုင်ရာကိစ္စများ လျှောက်ထားစဉ်။

# ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ ဆီဆိုင်မြို့နယ် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

ဆီဆိုင် မေ ၁

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့ကို ဇန်နဝါရီလအတွင်း အကြမ်းဖက်သောင်းကျန်းသူများက လက်နက်ကြီးများ၊ ဒရုန်းများဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဘုန်းတော်ကြီးကျောင်းများ၊ ဆေးရုံ၊ ဈေး၊ နေအိမ်များ၊ ဌာနဆိုင်ရာ ရုံးများ၊ စာသင်ကျောင်းများ ပျက်စီးဆုံးရှုံးခဲ့ရသည်။

ထို့ကြောင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးခွန်ရဲထွေးနှင့် အဖွဲ့ဝင်များ၊ ဆီဆိုင်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဆန်းဦးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ နယ်မြေခံ တပ်ရင်းတပ်ဖွဲ့ဝင်များနှင့် ပြည်သူ့စစ်ဌာနေတပ်ဖွဲ့ဝင်များက ပြန်လည်ဝင်ရောက်နေထိုင်သည့် ဒေသခံပြည်သူများအတွက် အဆင်ပြေစေရန် သောက်သုံးရေ ရရှိရေး၊ လျှပ်စစ်မီးပြန်လည်ရရှိရေး၊ ဆက်သွယ်ရေး လုပ်ငန်းများ၊ ကျန်းမာရေးစောင့်ရှောက်ပေးနိုင်ရေး၊ မြို့မဈေး ပြန်လည်ဖွင့်လှစ်နိုင်ရေး စသည့်လုပ်ငန်းများကို ကွင်းဆင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဆီဆိုင်မြို့နယ်၌ ဌာနဆိုင်ရာရုံးများ ပြန်လည်ဖွင့်လှစ်ပြီး ဒေသခံပြည်သူများ ပြန်လည်ဝင်ရောက် နေထိုင်လျက်ရှိကာ ဒေသခံပြည်များ စားဝတ်နေရေး အဆင်ပြေစေရန်အတွက် ဈေးသည်များ ဖွင့်လှစ်ရောင်းချခြင်း၊ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းနှင့် သောက်သုံးရေရရှိရေးအတွက် ရေပေးဝေရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းတို့ကို တာဝန်ရှိသူများက ဆောင်ရွက်ပေးလျက်သည်။

အဆိုပါ ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူတို့က ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# မြန်မာ - ထိုင်း (အမှတ် - ၂)ချစ်ကြည်ရေးတံတား အနီးတစ်လျှောက် ဌာနဆိုင်ရာများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

မြဝတီ မေ ၁

ကရင်ပြည်နယ် မြဝတီမြို့၌ ခေတ္တယာယီ ပိတ်ထားသည့် မြန်မာ – ထိုင်း(အမှတ် – ၂) ချစ်ကြည်ရေးတံတားအား ပို့ကုန်၊ သွင်းကုန် လုပ်ငန်းများ၊ တစ်ဖက်နိုင်ငံတွင် သွားရောက် လုပ်ကိုင်နေသည့် လုပ်သားများနှင့် အကြောင်းအမျိုးမျိုးကြောင့် ပြန်လည်ဝင်ရောက်လာသည့် အလုပ်သမားများအား ပြန်လည်ကြိုဆိုနေရာချထားရေးလုပ်ငန်းများ ပုံမှန်ဆောင်ရွက်နိုင်ရန်နှင့် နှစ်နိုင်ငံ ကုန်စည်စီးဆင်းမှုများ ပြန်လည်လည်ပတ်နိုင်စေရေး အတွက် တံတားပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ပေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါတံတားအနီးတွင် ဌာနဆိုင်ရာများစုပေါင်း၍ ဆောင်ရွက်ကြသည်။

အဆိုပါ သန့်ရှင်းရေး ဆောင်ရွက်ပေးခြင်းကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး ဦးသက်လွင်၊ မြို့နယ်စည်ပင်သာယာရေး အဖွဲ့ အမှုဆောင်အရာရှိဦးကျော်ကျော်ဦးနှင့် လမ်းဦးစီးဌာနမှ တာဝန်ရှိသူများ၏ ဦးဆောင်ညွှန်ကြားမှုဖြင့် ဝန်ထမ်းများက အမှိုက်သိမ်းယာဉ်များဖြင့် စနစ်တကျစုပေါင်း ဆောင်ရွက်ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ပျော်ဘွယ်မြို့နယ်၌ ပန်းခင်းစီမံချက်(၃)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေး

ပျော်ဘွယ် မေ ၁

မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ်၌ အိမ်ထောင်စုလူဦးရေစာရင်းမှန်ကန်ရေးအတွက် ပန်းခင်းစီမံချက် (၃) ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ကွင်းဆင်းဆောင်ရွက်ပေးခြင်းကို ဧပြီ ၃၀ ရက် နံနက်က မြောက်ညောင်ကုန်းကျေးရွာအုပ်စုအတွင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန၊ ပျော်ဘွယ်မြို့နယ် ဦးစီးမှူးရုံးမှ ပန်းခင်းစီမံချက်(၃)ဖြင့် ပြည်သူ ၁၀၃၇၈ ဦးကို နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိရေး ဆောင်ရွက်ရန် လျာထားကြောင်း၊ ယနေ့အချိန်အထိ

မြို့ပေါ်ကိုးရပ်ကွက်နှင့် ကျေးရွာအုပ်စု(၁၅)အုပ်စုမှ ပြည်သူ ၂၁၄၃ ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြား ရရှိရန် ဆောင်ရွက်ပေးသည်။

ပန်းခင်းစီမံချက် (၃) ဖြင့် အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေး ကတ်ပြား ဆောင်ရွက်ပေးခြင်းကို ၂၀၂၄ ခုနှစ် စက်တင်ဘာ ၃၀ ရက်အထိ သတ်မှတ်ထားကြောင်း၊ သတ်မှတ်ကာလအတွင်း ပြီးစီးရေးအတွက် ကွင်းဆင်း ဆောင်ရွက်ရေးအဖွဲ့များက နေ့စဉ် ရပ်ကွက်နှင့်ကျေးရွာများသို့ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မောင်မွေး**

# ကျိုင်းတုံမြို့၌ ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့ ကျင်းပ

**ကျိုင်းတုံ မေ ၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့၌ ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့ အခမ်းအနားကိုမေ ၁ ရက်က ကျိုင်းတုံမြို့တော်ခန်းမ၌ ကျင်းပသည်။

ဦးစွာ အခမ်းအနား တက်ရောက်လာကြသူများက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံအား အလေးပြုသည်။ ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့ အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာကို ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းအရှေ့)ဥက္ကဋ္ဌ ဦးဇော်လွင်ဦးက ဖတ်ကြားပြီးနောက် အလုပ်သမားနေ့ အထိမ်းအမှတ်ဗီဒီယိုပြသသည်။

ထို့နောက် ရှမ်းပြည်နယ်(အရှေ့ပိုင်း) အတွင်းရှိ အသေးစား၊ အငယ်စား၊ အလတ်စား စက်မှုလက်မှုလုပ်ငန်းများ ပြသထားမှုကို ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ (ရှမ်းအရှေ့) ဥက္ကဋ္ဌ နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံတိုင်းရင်းသားပြည်သူများက ကြည့်ရှုအားပေးကြောင်း သိရသည်။

**အောင်ဇင်မြင့် (ပြန်/ဆက်)**

# လွိုင်လင်မြို့၌ အလုပ်သမားနေ့အထိမ်းအမှတ် MSME ဒေသထွက်ကုန်ပြခန်းများပြသ

**လွိုင်လင် မေ ၁**

၂၀၂၄ ခုနှစ် မေ ၁ ရက်တွင် ကျရောက်သည့် ကမ္ဘာ့အလုပ်သမားနေ့ အထိမ်းအမှတ် ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့ ခရိုင်လေ့ကျင့်ရေးအားကစားရုံ၌ ယနေ့ နံနက်ပိုင်းက လွိုင်လင်မြို့နယ် MSME လုပ်ငန်း ဒေသထွက်ကုန်ပြပွဲကို ကျင်းပသည်။

ဦးစွာ ဒေသထွက်ကုန်ပစ္စည်းပြပွဲ ပြခန်းများကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကံစောလှိုင်နှင့် အဖွဲ့ဝင်များက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြခန်းများကို လိုက်လံကြည့်ရှုအားပေးကြသည်။

အဆိုပါ လွိုင်လင်မြို့နယ် MSME လုပ်ငန်း ဒေသထွက်ကုန်ပြပွဲ ပြခန်းများတွင် လက်ဖက်စို၊ လက်ဖက်ခြောက်လုပ်ငန်း၊ အိမ်တွင်းမှုစားသောက်ကုန်လုပ်ငန်း၊ ကော်ဖီ၊ ပဲပုပ်၊ ဒေသဆန်နှင့် မိသားစုတစ်ပိုင်တစ်နိုင် အိုးလုပ်ငန်းများ ပါဝင်ပြသကြောင်း သိရသည်။

**လွိုင်လင်မိုး (ပြန်/ဆက်)**

# တာချီလိတ်မြို့၌ အလုပ်သမားနေ့အခမ်းအနားကျင်းပ

**တာချီလိတ် မေ ၁**

၂၀၂၄ ခုနှစ် မေ ၁ ရက်နေ့တွင် ကျရောက်သည့် ကမ္ဘာ့အလုပ်သမားနေ့ အခမ်းအနားကို ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့ အောင်မြတ်ခန်းမ၌ ယနေ့ နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ဦးဆောင်၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံအား အလေးပြုကြပြီး ၂၀၂၄ ခုနှစ် မေ ၁ ရက်တွင် ကျရောက်သည့် အလုပ်သမားနေ့အခမ်းအနားသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့လာသည့် သဝဏ်လွှာကို ခေတ္တခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ဇေယျက ဖတ်ကြားသည်။

ထို့နောက် အလုပ်သမားနေ့ ဖြစ်ပေါ်လာပုံမှတ်တမ်းနှင့် အလုပ်သမားဝန်ကြီးဌာန လုပ်ငန်းဆောင်ရွက်မှု ဗီဒီယိုကလစ်ကို ပြသခဲ့ပြီး အခမ်းအနားသို့ တက်ရောက်လာသူများက တာချီလိတ်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ အလုပ်သမားနေ့ အထိမ်းအမှတ်ခင်းကျင်းပြသထားသည့် အသေးစား၊ အငယ်စား၊ အလတ်စား MSME ဒေသထွက်ကုန်နှင့် ဒေသထွက်စားသောက်ကုန်၊ စက်မှုထုတ်ကုန်များကို လေ့လာကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**ကျော်ဇေယျာလင်း(ပြန်/ဆက်)**

တာချီလိတ်ဒေသထွက် MSME ထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသထားမှုကို တွေ့ရစဉ်။

# တရားမဝင်သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ ယာဉ်အပိုပစ္စည်းများ၊ မော်တော်ဆိုင်ကယ်နှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၁**

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ရာ ဧပြီ ၂၇ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၊ လေဆိပ် (သွင်းကုန်) ၌ ဝန်စည်တစ်ခုအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် John Langford of London တံဆိပ်အင်္ကျီ အထည် ၆၀ အပါအဝင် ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၂၀၀၀၀၀) ကို လည်းကောင်း၊ ဧပြီ ၂၉ ရက်တွင် မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသည့် တရုတ်နိုင်ငံထုတ် ယာဉ်အပိုပစ္စည်း Riko Oil Filter ၄၈၀ အပါအဝင် ကုန်ပစ္စည်း ၁၅ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၅၈၀၀၀) ကို လည်းကောင်း၊ စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၃၅၈၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဧပြီ ၂၉ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရွာသာကြီး Dry Port ၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် West Lake ကားတာယာ အလုံး ၁၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Cheng Long Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀)၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ဧပြီ ၂၉ ရက်တွင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် မကွေးမြို့ ရေဝတီတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Honda Insight မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဧပြီ ၂၉ ရက်တွင် ရေဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် ပုသိမ် – ချောင်းသာ – ငွေဆောင်ကားလမ်းမကြီး ကြိုးတံတားလမ်းဆုံ၌ လိုင်စင်မဲ့ Toyota Alphard မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဧပြီ ၃၀ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ရာတွင် စစ်ကိုင်းမြို့ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Hijet မော်တော်ယာဉ်တစ်စီးနှင့် Honda Fit မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၀၀၀၀၀၀) ကို လည်းကောင်း၊ ကလေးမြို့နယ်အတွင်း၌ လိုင်စင်မဲ့ Yamaha Ray Z မော်တော်ဆိုင်ကယ်တစ်စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀) ကို လည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၈၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ဧပြီ ၃၀ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင်အတွင်း၌ တရားမဝင်သစ်မာ ၁ ဒသမ ၀၈၂ တန်နှင့် အခြားသစ် ၂ ဒသမ ၁၀၇ တန် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၂၂၃၉၄ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဧပြီ ၂၇ ရက်၊ ၂၉ ရက်နှင့် ၃၀ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲကိုးမှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၆၁၈၀၃၉၄ ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# ရေဦးမြို့ပေါ်က ဒေသခံအမျိုးသားကိုးဦးကို စစ်မှုထမ်းရန်အတွက် ဖမ်းဆီးဟု သတင်းတု၊ သတင်းမှားများကို ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် မေ ၁**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့ပေါ်ရပ်ကွက်နှစ်ခုရှိ အမျိုးသားကိုးဦးကို စစ်မှုထမ်းဆောင်ရန် ဧပြီ ၂၉ ရက်ညတွင် တပ်မတော်က နေအိမ်အထိ လိုက်လံဖမ်းဆီးသွားသည်ဟု သတင်းအမှားများကို ပြည်ဖျက်မီဒီယာများက ရေးသား ဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။

အဆိုပါ သတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာမြို့နယ်ရှိ အုပ်ချုပ်ရေးဆိုင်ရာ တာဝန်ရှိသူတစ်ဦးထံ ဆက်သွယ်မေးမြန်းရာ ပြည်သူ့စစ်မှု ထမ်းဆောင်ရန် တာဝန်သိပြည်သူများက ပူးပေါင်းဆောင်ရွက်ခြင်းများ လုပ်ဆောင်လျက်ရှိပြီး စစ်မှုထမ်းဆောင်ရန်အတွက် ခြိမ်းခြောက်ခြင်း၊ အကြမ်းဖက်ခြင်း၊ အဓမ္မဖိအားပေးစုဆောင်းခြင်းများ လုပ်ဆောင်ခြင်းမရှိကြောင်းနှင့် သတ်မှတ်ပြဋ္ဌာန်းထားသည့် ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်အညီသာ ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ပြည်ဖျက် မီဒီယာများနှင့် ရပ်ရွာအေးချမ်းသာယာရေးကို မလိုလားသူများက အများပြည်သူ အထင်အမြင် လွဲမှားစေရန် ရည်ရွယ်၍ ပြည်သူ့စစ်မှုထမ်းဥပဒေ အကောင်အထည်ဖော်ဆောင်ရွက်နေမှုကို ကောလာဟလသတင်းမှားများဖြင့် အချိန်ကိုက် ဝါဒဖြန့်ချိနေခြင်းသာ ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

**ကျေးရွာသစ်တော၊ ထင်းမျောအိမ်တိုင်၊ လှိုင်လှိုင်ရဖို့၊ စိုက်ပျိုးစို့။**

## ညောင်လေးပင်ခရိုင်၏ ဒေသန္တရစီမံကိန်းရည်မှန်းချက်များ၊ ရင်းနှီးမြှုပ်နှံမှုစီမံကိန်း ရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲ ကျင်းပ

**ညောင်လေးပင် မေ ၁**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင်၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဒေသန္တရ စီမံကိန်းရည်မှန်းချက်များ၊ ရင်းနှီးမြှုပ်နှံမှု စီမံကိန်း ရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲ အခမ်းအနားကို ဧပြီ ၃၀ ရက်က ညောင်လေးပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ညောင်လေးပင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ခရိုင်စီမံကိန်း ရေးဆွဲအကောင်အထည်ဖော်ရေး ကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်စိုးက အမှာစကား ပြောကြားပြီး ဒေသန္တရစီမံကိန်း ရည်မှန်းချက်များနှင့် ရင်းနှီးမြှုပ်နှံမှု စီမံကိန်းရည်မှန်းချက်များကို ရှင်းလင်းပြောကြားသည်၊ ဆက်လက်၍ ခရိုင်အဆင့် ဌာနဆိုင်ရာများသို့ စီမံကိန်းတာဝန်များကို သက်ဆိုင်ရာဌာနများ ကိုယ်စား လယ်ယာကဏ္ဍကြီးအတွက် ခရိုင်မြေစာရင်းဦးစီးမှူးကို လည်းကောင်း၊ စက်မှုကဏ္ဍကြီးအတွက် ခရိုင်လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ကို လည်းကောင်း၊ ဝန်ဆောင်မှုကဏ္ဍကြီးအတွက် ခရိုင်ပညာရေးမှူးကို လည်းကောင်း၊ ထို့နောက် ခရိုင်အတွင်းရှိ ညောင်လေးပင်၊ ကျောက်တံခါး၊ ဒိုက်ဦး၊ ရွှေကျင်၊ ကျောက်ကြီးမြို့နယ်များမှ မြို့နယ်စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ရေးကော်မတီ ဥက္ကဋ္ဌများထံသို့ စီမံကိန်းတာဝန်များ ပေးအပ်သည်။

အခမ်းအနားသို့ ညောင်လေးပင် ခရိုင်အဆင့်၊ ခရိုင်အတွင်းရှိ မြို့နယ်များမှ မြို့နယ်အဆင့် စီမံကိန်း ရေးဆွဲအကောင်အထည်ဖော်ရေး ကော်မတီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ကဏ္ဍအလိုက် သက်ဆိုင်ရာ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

နေလင်း
(ညောင်လေးပင်)

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် အောင်ဆန်းတောရ တပ်ဦးကျောင်း မဟာကမ္မဋ္ဌာနာစရိယ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာမင်္ဂလဓမ္မဇောတိကဓဇ၊ ဝိဇ္ဇာကာသီ သိရီကမ္မဋ္ဌာနာစရိယ (သီရိလင်္ကာနိုင်ငံ) Ph.D (Social Science), Ph.D (Vipassanā Bhāvanā) Thailand နိုင်ငံတော်သမ္မတကြီး၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုဘွဲ့တံဆိပ်တော်ရ ပြည်တွင်းပြည်ပ ကမ္ဘာ့ဗုဒ္ဓသာသနာပြု အောင်ဆန်းဆရာတော် ဒေါက်တာ ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရထေရ် ရှင်မြတ်အား အမှူးထားပြီး ကောင်းစုစံပညာ့ရိပ်မွန် ကိုယ်ပိုင်အထက်တန်းကျောင်းမိသားစုမှစုပေါင်း၍ ကလေးငယ် ၅၄ ဦးအား သာမဏေရပဗ္ဗဇ္ဇသာသနာ့ အမွေခံရှင်ပြုအလှူတော်၊ သာသနာ့ဘောင်သို့ သွတ်သွင်းခြင်း မင်္ဂလာအခမ်းနားကို ဧပြီ ၂၉ ရက်က အဆိုပါကျောင်းတိုက်အတွင်း၌ ကျင်းပစဉ်။

အောင်မြင့်(ပြန်/ဆက်)

## ဆီထွက်သီးနှံ နေပြည်တော်အထူးဇုန်ဆောင်ရွက်ရေး မြို့နယ်နှင့် ကျေးရွာအုပ်စုအဆင့် လုပ်ငန်းညှိနှိုင်း

**လယ်ဝေး မေ ၁**

၂၀၂၃-၂၀၂၄ ခုနှစ်၊ ဆီထွက်သီးနှံ မြေပဲ၊ နှမ်း၊ နေကြာ နေပြည်တော် အထူးဇုန်ဆောင်ရွက်ရေး မြို့နယ်နှင့် ကျေးရွာအုပ်စုအဆင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့က လယ်ဝေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဆီထွက်ဇုန်တာဝန်ခံ ဦးစိုးနိုင်က နေပြည်တော်ဆီထွက်သီးနှံအထူးဇုန် ဆောင်ရွက်ရခြင်း အကြောင်းရင်းများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဆောင်က လယ်ဝေးမြို့နယ် ဆီထွက်သီးနှံအထူးဇုန် ဆောင်ရွက်နေမှုနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးစောဝင်းက လယ်ဝေးမြို့နယ်အတွင်း ဆီထွက်သီးနှံများ စိုက်ပျိုးထုတ်လုပ်မည့် စီမံချက်ကို ရှင်းလင်းတင်ပြသည်။ ထို့နောက် လယ်ဝေးမြို့နယ်အတွင်း ဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နှမ်း၊ နေကြာတို့ကို ဧကပေါင်း ၆၀၃၉၁ စိုက်ပျိုးထုတ်လုပ်မည့် ကျေးရွာအုပ်စု ၆၂ အုပ်စုအား တာဝန်ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

## ရမည်းသင်းမြို့နယ်ရှိ လေဘေးသင့် အိမ်ထောင်စုဝင်များအားထောက်ပံ့

**ရမည်းသင်း မေ ၁**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ကျေးရွာများတွင် ဧပြီ ၂၉ ရက်နှင့် ၃၀ ရက် ညနေ ၄ နာရီခွဲခန့်၌ မိုးသက်လေပြင်းကျပြီး နေအိမ်အမိုးများ ပျက်စီးခြင်းနှင့် ပြိုကျခဲ့သော လေဘေးသင့်နေအိမ်များအား မေ ၁ ရက် က သစ်ဆုံကြီးကျေးရွာဘုန်းတော်ကြီးကျောင်းဓမ္မာရုံနှင့် လက်ပံတောကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံတို့၌ လေဘေးသင့် အိမ်ထောင်စုဝင်များကို ထောက်ပံ့ငွေနှင့်ပစ္စည်းများ ပေးအပ်သည်။

ရမည်းသင်းမြို့နယ်အတွင်း ဧပြီ ၂၉ ရက်က လွှစင်အုပ်စု၊ စိမ်းလဲ့မြိုင်ကျေးရွာ၌ နေအိမ်တစ်လုံး၊ သစ်ဆုံကြီးကျေးရွာ၌ နေအိမ် ၂၄ လုံး၊ ကမ္မအုပ်စုလက်ပံတောကျေးရွာ၌ နေအိမ် ၁၁ လုံးနှင့် သစ္စေးကျေးရွာ၌ နေအိမ်သုံးလုံး၊ ဧပြီ ၃၀ ရက်က ကမ္မအုပ်စု လက်ပံတောကျေးရွာ၌ နေအိမ်ခြောက်လုံး၊ သစ်ဆုံကြီးကျေးရွာ၌ နေအိမ်၂၉ လုံး၊ မြင်းခြံကျေးရွာ၌ နေအိမ် ၁၉ လုံး၊ သစ်ဆုံလေးကျေးရွာ၌ နေအိမ်၁၁လုံး၊ အနောက်ငွေးကုန်းအုပ်စု သပြေပင်ကျေးရွာ၌ နေအိမ်အလုံး ၂၀၊ ပြိုကျပျက်စီးခဲ့သော နေအိမ်လေးလုံးနှင့် အိမ်ထောင်စု ၁၂၄စု အတွက် ဆန်ရိက္ခာနှင့် အိမ်ဆောက်ပစ္စည်းဖိုး ငွေကျပ် ၇၃၈၁၆၀၀၊ ကယ်ဆယ်ရေးပစ္စည်း ၁၆ မျိုးပါ ထောက်ပံ့ရေးပစ္စည်းပုံး လေးပုံးကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ထွန်းနှင့် တာဝန်ရှိသူများက သွားရောက်ထောက်ပံ့ပေးအပ်သည်။

ခရိုင် (ပြန်/ဆက်)

## တောင်ငူမြို့၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း သုံးသပ်ဆွေးနွေးပွဲနှင့် ခရိုင်အဆင့် စံပြကျေးရွာ ဆုချီးမြှင့်ခြင်း အခမ်းအနားကျင်းပ

**တောင်ငူ မေ ၁**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၌ ၂၀၁၄-၂၀၁၅ မှ ၂၀၂၃ - ၂၀၂၄ ဘဏ္ဍာနှစ်အထိ ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် မြစိမ်းရောင် ကျေးရွာစီမံကိန်း သုံးသပ်ဆွေးနွေးပွဲနှင့် စံပြကျေးရွာ ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဧပြီ ၃၀ ရက်က ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ တောင်ငူခရိုင် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး ဦးသီဟထွန်းက အမှာစကား ပြောကြားပြီး ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးရေး ဦးစီးဌာနမှ ဦးစီးမှူး ဦးသန့်ဇင်မျိုးက မြစိမ်းရောင် စီမံကိန်း သုံးသပ်ဆွေးနွေးပွဲပြုလုပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်း ပြောကြားသည်။

ထို့နောက် မြစိမ်းရောင်စီမံကိန်း စံပြကျေးရွာဆုရရှိသည့် အုတ်တွင်းမြို့နယ် လေးအိမ်စုကျေးရွာ၊ ဒုတိယဆုရရှိသည့် တောင်ငူမြို့နယ် အိုင်သုံးဆင့်ကျေးရွာ၊ တတိယဆုရရှိသည့် ဖြူးမြို့နယ် ဒိုင်းတရာကျေးရွာနှင့် နှစ်သိမ့်ဆုရရှိသည့် ရေတာရှည်မြို့နယ် သာဝတ္တကျေးရွာတို့ကို ဆုများ ပေးအပ်ချီးမြှင့်ပြီး ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်သည်။ ဆက်လက်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း သုံးသပ်ဆွေးနွေးပွဲကိုကျင်းပရာ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း ကော်မတီဝင်များက မြစိမ်းရောင်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေ၊ ကျေးလက်နေပြည်သူလူထုမှကိုယ်တိုင် စဉ်ဆက်မပြတ် ဆက်လက် ဆောင်ရွက်နိုင်ရေး အစီအစဉ်များနှင့် ဆောင်ရွက်မည့် နည်းလမ်းများ၊ Digital နည်းစနစ်ဖြင့် ချေးငွေထုတ်ချေးခြင်း ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ၊ ခေတ်မီစံပြကျေးရွာ (SMART Village) ထူထောင်ရေးစီမံချက်နှင့် ဆောင်ရွက်မည့် အစီအစဉ်များ၊ VDP စီမံကိန်းနှင့် အသက်မွေးဝမ်းကျောင်းသင်တန်းနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြကြသည်။

မြစိမ်းရောင်ကျေးရွာ စီမံကိန်းကို အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရန်၊ မိသားစုဝင်ငွေများ တိုးပွားလာစေရန်နှင့် ကျေးလက်လူထု၏ စွမ်းဆောင်ရည်တိုးတက်လာစေရန် ရည်ရွယ်၍ ဆောင်ရွက်ခြင်းဖြစ်ပြီး တောင်ငူခရိုင်အတွင်းရှိ မြို့နယ်များ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရရှိသည့် ကျေးရွာ ၂၂၀ ရှိကြောင်း ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ဇော်ကိုကို (တောင်ငူ)

## မောက်မယ်မြို့နယ်၌ နမ့်ယွန်းချောင်းဘေးတွင် အပူဒဏ်ရှောင်သူများပြား

**မောက်မယ် မေ ၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) မောက်မယ်မြို့နယ်၌ ပင်လယ်ရေမျက်နှာပြင်အမြင့် ပေ ၁၆၃၀ ရှိသောမြို့ဖြစ်သဖြင့် ယခုနွေရာသီတွင် အပူဒဏ်လွန်ကဲခြင်းကြောင့် လူကြီးလူငယ်လူရွယ်ကလေးများ နမ့်ယွန်းချောင်းတစ်လျှောက် အပန်းဖြေလာရောက် အနားယူသူများဖြင့် နေ့စဉ်စည်ကားလျက်ရှိသည်။

စိမ့်စမ်းရေထွက်များနှင့် ရေချောင်း များ၊ ရေတံခွန်များပေါများသည့် မောက်မယ်မြို့နယ်တွင် လည်ပတ်စရာနေရာများ ပေါများသဖြင့် ရုံးပိတ်ရက် များတွင် ဝန်ထမ်းများ၊ လူကြီး လူငယ် လူရွယ်များတို့က စိမ့်စမ်းရေထွက် နေရာများ၊ ရေတံခွန်များ၊ ဆည်များနှင့် နမ့်ယွမ်းချောင်းဘေးစသည့် အရိပ်ကောင်းသောနေရာများတွင် အပူဒဏ်ရှောင် အပန်းဖြေကြကြောင်း သိရသည်။

စိုင်းမျိုးသန့်(မောက်မယ်)

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂-၅-၂၀၂၄ ကြာသပတေးနေ့

**MRTV HD**

- ၀၆:၀၀ မင်းကွန်းဆရာတော်ဘုရားကြီးဆုံးမိုက်တရားတော် (ဓမ္မသုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၃၅ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ပြည်သူ့အကျိုးပြုတစ်လတာ (၂၀၂၄ ခုနှစ်၊ ဧပြီလ) (ပထမပိုင်း)
- ၀၉:၂၀ NRC အစီအစဉ် (ဗမာ)
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၀:၃၀ မြန်မာ့ပုလဲရတနာတို့၏ ပွေးရုပ်ပြ ပုလဲကျွန်းဆီ
- ၁၁:၄၀ Next Level
- ၁၂:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'ပျော်လင့်ခြင်းအိပ်မက်' (အပိုင်း-၈)
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'တော်ဝင်စားဖွဲ့' (အပိုင်း-၂၃)
- ၁၆:၃၅ လူမှုစီးပွားမြင်ကွင်းများ
- ၁၇:၂၀ Soccer View
- ၁၇:၂၀ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ပြည်သူ့အကျိုးပြုတစ်လတာ (၂၀၂၄ ခုနှစ်၊ ဧပြီလ) (ဒုတိယပိုင်း)
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၅ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
- ၁၉:၁၀ မြန်မာဇာတ်လမ်းတွဲ 'အချစ်းနားဆုံးသစ်ဝင်' (အပိုင်း-၁၄)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ သံစဉ်ချိုမြမြန်မာတေးအလှ
- ၂၁:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'တော်ဝင်စားဖွဲ့' (အပိုင်း-၃၄)
- ၂၂:၁၅ မြန်မာဇာတ်လမ်းတွဲ 'အတိုးမပေးတဲ့နှီးလေး' (အပိုင်း-၇)

**mitv**

- 07:02 Evergreen Classic: Aung Chin Shit Par (Tekkatho Lei Lei, Sein Lei Lei, Thae Nu Wah, Nyo Win Pe)
- 07:12 Thatbyinnyu Temple
- 07:26 Nature's Progeny Town: December Garden
- 07:52 World Tuna Day (2nd May)
- 08:01 News
- 08:26 Global Updates: The Extinction of the World's Mountain Glaciers
- 08:33 Introductory Programme of Literary Award Winners (U Ye Dway)
- 09:01 Let's Taste Delicious Insects: Barbequed Sago Worm Salad and Bamboo Worm Fried Rice
- 09:20 Ocularist
- 09:40 Gold from Garbage
- 09:51 People's Military Service Law 4
- 10:01 News

**MRTV NRC**

- **ရှမ်း (၀၆:၀၀ မှ ၀၈:၀၀)** ခြင်ဆေးခွေနှင့်ကျန်းမာရေး
- **ဝ (၀၈:၀၀ မှ ၁၀:၀၀)** လူငယ်နှင့်လူ့ဘဝက်ဝန်းကျင်(အပိုင်း-၆)
- **ကချင် (၁၀:၀၀ မှ ၁၂:၀၀)** ဒေါင်လန်ရှင်းအလွန်မှ ဒီးလာဝါဇီကျေးရွာသို့
- **ကယား (၁၂:၀၀ မှ ၁၄:၀၀)** စိတ်ဝင်စားဖွယ် ဒီးပေါ့ဆိုတောင် ဂိုးရာဒေလှ
- **ဝကေကကရင် (၁၄:၀၀ မှ ၁၅:၀၀)** ကရင်ရိုးရာဝတ်စုံလက်ရက်တန်းလုပ်ငန်း
- **အနောက်ပိုးကရင် (၁၅:၀၀ မှ ၁၆:၀၀)** ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ (အပိုင်း-၂၀)
- **အရှေ့ပိုးကရင် (၁၆:၀၀ မှ ၁၇:၀၀)** ဆွေညီနောင်များဘာသာစကားဖြင့်ချစ်ကြည်စေမည် (အပိုင်း-၉)
- **ချင်း (လိုင်းဇို) (၁၇:၀၀ မှ ၁၈:၀၀)** ဆွေညီနောင်များဘာသာစကားဖြင့် ချစ်ကြည်စေမည် (အပိုင်း-၄)
- **ချင်း (ဇိုမီး) (၁၈:၀၀ မှ ၁၉:၀၀)** ကြယ်ပွင့်လေးတို့ကျောင်းဝိတ်ချိန်
- **မွန် (၁၉:၀၀ မှ ၂၁:၀၀)** ကျိုက္ကမီရေလယ်ဘုရားနှင့်စက်စိတကင်းငြေသို့ အလည်တစ်ခေါက်
- **ရခိုင် (၂၁:၀၀ မှ ၂၃:၀၀)** လခြမ်းမြို့မှ ရိုးရာအလှ(အပိုင်း-၂)

**MRTV NEWS**

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၈:၄၅ 'နိုဘားအိုလူး-မင်္ဂလာပါ'
- ၀၉:၁၅ ကမ္ဘာ့ဝန်းကျင် ဇီဝမျိုးကွဲစုံလင်
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၄:၀၀ MRTV National News
- ၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ (LIVE)
- ၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၀:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၂၂:၀၀ ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ (အစ္စရေးနိုင်ငံ)
- ၀၉:၃၀ ဥပဒေရေးရာအခြေပြုဇာတ်လမ်းတို 'အုပ်ထိန်းခွင့်ဆိုင်ရာဥပဒေ'
- ၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ (ဆွစ်ဇာလန်နိုင်ငံ)
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (အာဖရိကနိုင်ငံ) (အပိုင်း-၂)
- ၁၁:၃၀ ရှေ့သို့ချီမည်...ပန်းတိုင်ဆီ (အပိုင်း-၃၄)

**MRTV FARMERS HTV**

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- ၀၆:၁၀ 'သုတပဒေသာ စိုက်ပျိုးနည်းပညာ' စီးပွားဖြစ်ကာစိတ်ချမ်းသာ ကော်ဖီစိုက်ပျိုးပါ
- ၀၆:၂၀ ဆိုလာစွမ်းအင်မှသည် စိုက်ပျိုးရေးဆီသို့
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်းနှင့် မိုးလေဝသ
- ၁၈:၀၀ သူ့အကြောင်းဖွံ့ဖြိုးနေ ကျူလန်းကလေးပေါ်မှာ (ဇာတ်လမ်း)
- ၂၂:၀၀ Thirteen Lives 2022 (နိုင်ငံခြားဇာတ်လမ်း)

**MRTV SPORTS HTV**

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက် လမ်းပြကြယ်
- ၀၆:၄၅ Football Highlight
- ၁၆:၃၀ MNL 2022 Match (Replay)
- ၁၈:၀၀ အားကစားသတင်း
- ၁၉:၄၀ Weekly Soccer Preview

MRTV Application

Android IOS Huawei

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ ညနေ (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။ https://mrtv.gov.mm

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် မေ ၁

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅ - က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် ဧပြီ ၃၀ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ်မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့သည့် "Chaw Su Hlaing" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် လွတ်လပ်ရေးရပ်ကွက်နေ မချောစုလှိုင်အား ကျောက်ပန်းတောင်းမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်


**မြန်မာ့အလင်း**

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | မြင့်စိုး |
| သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော် |
| ဘာသာပြန်စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်းသတင်းထောက်များ | - | ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး |
| ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချီရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News Presented by NPE www.mdn.gov.mm

## နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့၏ ၁-၅-၂၀၂၄ ရက်နေ့တွင် ဖြစ်ပေါ်ခဲ့သော အမြင့်ဆုံးနေ့အပူချိန်များ

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်များရှိမြို့များ | အမြင့်ဆုံး အပူချိန် ဒီဂရီဆဲလ်စီးယပ် | အမြင့်ဆုံး အပူချိန် ဒီဂရီဖာရင်ဟိုက် |
|---|---|---|---|
| ၁။ | နေပြည်တော် | ၃၉.၄ | ၁၀၂.၉ |
| ၂။ | ရန်ကုန် | ၃၉.၅ | ၁၀၃.၁ |
| ၃။ | မန္တလေး | ၄၂.၈ | ၁၀၉.၀ |

**အဝတ်အနည်းငယ်အတွက် အဝတ်လျှော်စက် မသုံးပါနှင့်။ အဝတ်လျှော်စက်အပြည့် အဝတ်ရှိမှသာ စက်ဖြင့်လျှော်ပါ။**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁-၅-၂၀၂၄

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၄၁၀ ကျပ် | ၂၄၈၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၄၆၀ ကျပ် | ၂၅၂၅ ကျပ် |
| အောက်တိန်း ၉၂ | ၂၈၄၅ ကျပ် | ၂၉၁၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၉၆၀ ကျပ် | ၃၀၂၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ညီညီ - စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၈၀၀ | ၈၇၀၀ | ၇၃ | ၆၃၉၀၀၀ |
| MTSH | ၂၉၀၀ | ၂၉၀၀ | ၂၀၂၉ | ၅၈၅၅၁၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၄၅၀ | ၁၄၅၀ | ၂၅၉၁၀ | ၃၈၈၄၂၆၀၀ |
| TMH | ၂၇၅၀ | ၂၇၅၀ | ၁၄၇ | ၄၀၄၂၅၀ |
| EFR | ၁၇၀၀ | ၁၇၀၀ | ၇၄ | ၁၂၅၈၀၀ |
| AHPC | ၄၅၀၀ | ၄၆၀၀ | ၁၅ | ၆၇၈၀၀ |
| MAEPC | ၂၀၅၀ | ၂၃၀၈ | ၁၁၁၅ | ၄၇၂၈၉၀၀ |

## ပြည်တွင်းအခွန်များဦးစီးဌာန

## အောင်ဘာလေသိန်းဆုဌာနခွဲ

**(၆၂)ကြိမ်မြောက်ကျပ် (၁၀၀၀)တန် အောင်ဘာလေအွန်လိုင်းသိန်းဆုထီပေါက်စဉ် ၂၀၂၄ ခုနှစ် မေလ (၁) ရက်နေ့**

အောင်ဘာလေအွန်လိုင်းသိန်းဆု ထီပေါက်စဉ်အား www.ird.gov.mm တွင် ကြည့်ရှုထုတ်ယူနိုင်ပါသည်။ *အခမဲ့ထုတ်ဝေသည်*

**ဆုတစ်ဆုချင်း ကျပ်သိန်း(၅၀၀)ဆု**
င - ၁၁၅၅၇၆
ကံထူးရှင်(၁)ဦး

**ဆုတစ်ဆုချင်း ကျပ်သိန်း(၂၀၀)ဆုများ**
ဆ - ၂၀၄၆၉၉
ဃ - ၅၅၂၂၃၂
ကံထူးရှင်(၂)ဦး

**ဆုတစ်ဆုချင်း ကျပ်သိန်း(၁၀၀)ဆု**
ခ - ၈၆၄၇၆၉
ကံထူးရှင်(၁)ဦး

**ဆုတစ်ဆုချင်း ကျပ်သိန်း(၅၀)ဆု**
က - ၂၄၂၁၀၃
ကံထူးရှင်(၁)ဦး

**ဆုတစ်ဆုချင်း ကျပ်(၂၀)သိန်းဆု**
ဂ - ၈၈၉၈၀၃
ကံထူးရှင်(၁)ဦး

**ဆုတစ်ဆုချင်း ကျပ်(၁၀)သိန်းဆုများ**
ဈ - ၃၇၆၃၃၀
ဂ - ၆၇၁၁၅၅
ကံထူးရှင်(၂)ဦး

**ဝေဝေဆာဆာပဒေသာကျပ်(၃)သိန်းဆု(၁)ယူနစ်**
က - ၄၉၄၀၂
အကွရာနှင့်ရှေ့ဂဏန်း(၅)လုံးအစဉ်လိုက်တူ - ကျပ်(၃)သိန်း
ကံထူးရှင်(၂) ဦး

**ဝေဝေဆာဆာပဒေသာကျပ်(၂)သိန်းဆု(၁)ယူနစ်**
က - ၆၈၃၁
အကွရာနှင့်ရှေ့ဂဏန်း(၄)လုံးအစဉ်လိုက်တူ - ကျပ်(၂)သိန်း
ကံထူးရှင်(၁၅)ဦး

**ဝေဝေဆာဆာပဒေသာကျပ်(၁)သိန်းဆုများ(၅)ယူနစ်**
ဖ - ၁၆၈ ဆ - ၅၅၈
ဈ - ၂၁၆ စ - ၇၄၇
ဆ - ၄၆၃
အကွရာနှင့်ရှေ့ဂဏန်း(၃)လုံးအစဉ်လိုက်တူ - ကျပ်(၁)သိန်း
ကံထူးရှင်(၂၆၁)ဦး

**ဝေဝေဆာဆာပဒေသာကျပ်(၅)သောင်းဆုများ(၂)ယူနစ်**
ဆ - ၄၀ စ - ၇၉
အကွရာနှင့်ရှေ့ဂဏန်း(၂)လုံးအစဉ်လိုက်တူ - ကျပ်(၅)သောင်း
ကံထူးရှင်(၁၀၁၂)ဦး

**ဝေဝေဆာဆာပဒေသာကျပ်(၁)သောင်းဆုများ(၂)ယူနစ်**
ဃ - ၂ ဂ - ၅
အကွရာနှင့်ရှေ့ဂဏန်း(၁)လုံးအစဉ်လိုက်တူ - ကျပ်(၁)သောင်း
ကံထူးရှင်(၉၈၁၃)ဦး

၁။ ၂၀၂၄ ခုနှစ်၊ မေလ (၁)ရက်နေ့တွင် ကျင်းပသည့် (၆၂)ကြိမ် မြောက် ကျပ် (၁၀၀၀)တန် အောင်ဘာလေအွန်လိုင်းသိန်းဆုထီဖွင့်ပွဲအတွက် ဆုမဲ (၁၁၁၁၁)ဆု ဖွင့်လှစ်ပေးခဲ့ပြီး စုစုပေါင်း ကံထူးရှင် (၁၁၁၁၁)ဦး ဖြစ်ပါသည်။
၂။ မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက်လာသော ဆုမဲ စုစုပေါင်းတန်ဖိုး အားပြန်လည်အစားထိုး ဖွင့်လှစ်ပေးခဲ့ပါသည်။
၃။ ၂၀၂၄ ခုနှစ်၊ ဇွန်လ(၁)ရက်နေ့တွင် ဖွင့်လှစ်မည့် (၆၃) ကြိမ်မြောက် ကျပ်(၁၀၀၀)တန် အောင်ဘာလေအွန်လိုင်းသိန်းဆုထီဖွင့်ပွဲအတွက် အောင်ဘာလေအွန်လိုင်းသိန်းဆုထီ၏ ဖြန့်ဝေရောင်းချပေးမည့် အက္ခရာများမှာ (က) အက္ခရာမှ (ဈ)အက္ခရာထိ အက္ခရာ(၉) လုံးဖြစ်ပြီး ၎င်းအနက်မှ ၂၅% ဖြစ်သော ထီလက်မှတ်စောင်ရေ (၂၀၂၄၉၄၆)စောင်ဖြစ်ပါသည်။
၄။ (၆၂)ကြိမ်မြောက် ကျပ်(၁၀၀၀)တန် အောင်ဘာလေအွန်လိုင်းသိန်းဆုထီ ဆုမဲများအနက် ကျပ် (၁၀)သိန်းအထက် ဆုမဲများအား ထီဆုငွေထုတ်ပေးခြင်းကို ( ၂-၅-၂၀၂၄ ) ရက်နေ့မှ စတင်၍ ဆောင်ရွက်ပေးမည်ဖြစ်ပြီး ကျပ်(၁၀)သိန်းနှင့်အောက် ဆုမဲများအား ထီဆုငွေ ထုတ်ပေးခြင်းကို ထီကံစမ်းသူ၏ထီကံစမ်းသည့်ယူရာတွင် အသုံးပြုပေးချေခဲ့သည့် ငွေပေးချေမှုစနစ်မှတစ်ဆင့် ပြန်လည်ထုတ်ပေးမည်ဖြစ်ပါသည်။
၅။ ကျပ် (၁၀) သိန်း အထက် ထီဆုငွေများကို ထီဆုငွေကံထူးရှင်ကိုယ်တိုင် နိုင်ငံသားစိစစ်ရေးကတ် မူရင်း/ မိတ္တူ၊ သို့မဟုတ် Passport မူရင်း/မိတ္တူ၊ သို့မဟုတ် Foreigner Registration Certificate(FRC) မူရင်း/မိတ္တူ၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်း/မိတ္တူ၊ (၆)လ အတွင်းရိုက်ကူးထားသည့် Passport အရွယ်အစားဓာတ်ပုံ (၃)ပုံ၊ Application တွင် ထီကံစမ်းခဲ့ကြောင်း အထောက်အထားထီလက်မှတ်နှင့် Screenshot မိတ္တူ၊ ထီကံထူးကြောင်းပေးပို့သည့် စာတို (SMS)နှင့် Screenshot မိတ္တူ၊ ထီဆုငွေထုတ်ယူရန် ပေးပို့ထားသော လျှို့ဝှက်ကုတ်ပါဝင်သည့် စာတို (SMS)နှင့် Screenshot မိတ္တူ တင်ပြရန် လိုအပ်ပါသည်။

အောင်ဘာလေသိန်းဆုဌာနခွဲ

## မွေးမြူရေးတိရစ္ဆာန်များ အပူရှိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေးအသိပေးနှိုးဆော်ချက်

မွေးမြူရေးတိရစ္ဆာန်များ ရာသီဥတုအပူရှိန် ပြင်းထန်လွန်ကဲချိန်တွင် အပူဒဏ်ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) တိရစ္ဆာန်များကို အပူချိန်မြင့်သောအချိန်တွင် အရိပ်ရှိသောနေရာများ၌ထားရှိရန်နှင့် အပူချိန် ပြင်းထန်မှုနည်းပါးသော နံနက်နှင့် ညနေမှသာ လွှတ်ကျောင်းခြင်းပြုရန်၊
(၂) မွေးမြူထားသော တိရစ္ဆာန်များအတွက် သောက်သုံးရေများ လုံလောက်စွာရရှိရေး ကြိုတင်စုဆောင်းရန်နှင့် လေလွင့်ဆုံးရှုံးမှု မရှိအောင် ဆောင်ရွက်ထားရန်၊
(၃) ပူပြင်းသောဒဏ်ကို ကာကွယ်ရန်အတွက် ရေဓာတ်ပါသော အစားအစာများကို ဖြည့်စွက်ကျွေးမွေးရန်၊
(၄) တိရစ္ဆာန်များ ရွှေ့ပြောင်းရန်လိုအပ်ပါက သောက်သုံးရေ ရရှိနိုင်ပြီး အပူဒဏ်မှကာကွယ်နိုင်သော နေရာများ စီစဉ်ထားရှိရန်၊
(၅) တိရစ္ဆာန်အစာများဖြစ်သည့် ကောက်ရိုး၊ မြက်စို၊ မြက်နုများ စနစ်တကျ ကြိုတင်စုဆောင်းထားရန်၊
(၆) တိရစ္ဆာန်များတွင် ကူးစက်ရောဂါ ဖြစ်ပွားကျရောက်စေခြင်း မရှိစေရန်အတွက် ကာကွယ်ဆေးများ ပုံမှန်ထိုးနှံထားရန်၊
(၇) တိရစ္ဆာန်မွေးမြူထားရှိသော ခြံနှင့် အစာသိုလှောင်ထားသော နေရာများတွင် မီးဘေးအန္တရာယ် ကာကွယ်ရေးအတွက် မီးချိတ်၊ မီးကပ်၊ သဲနှင့် ရေပုံးများထားရှိရန်၊
(၈) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့်မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြား ပူးပေါင်းဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

## ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင်ပိတ်ပါ။

## ဘုံပိုင်ခေါင်းကို မသုံးဘဲ ဖွင့်ထားခြင်းမပြုပါနှင့်။

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ ဝိုင်းမော်မြို့၊ အမှတ်(၃)ရပ်ကွက်၊ ကွင်းအမှတ်(၁၂)၊ ဦးပိုင်အမှတ်(၂၂)၊ မြေဧရိယာ ၀ ဒသမ ၁၆၀ ဧကရှိ မြေကွက်သည် မူလက ဦးမာခေါ် အမည်ဖြင့် ခရိုင်အမှုတွဲအမှတ် ၇၁၃/V ၂၀၁၆-၂၀၁၇ အရ ၂၈-၅-၂၀၅၀ ရက်ထိ (၃၀)နှစ် မြေငှားဂရန်ရရှိခဲ့ပါသည်။ ဂရန်အမည်ပေါက်သူ ဦးမာခေါ်နှင့် ဇနီး ဒေါ်တောမာတား (၂)ဦးတို့သည် ကွယ်လွန်သွားခဲ့ပြီးဖြစ်၍ ၎င်းတို့၏ သားသမီးများဖြစ်သည့် ဦးယောဟန်၊ ဒေါ်ငွါးမေမီး၊ ဒေါ်ဆာလော်မီး၊ ဦးဆာမြူရယ်၊ ဦးယောနဆီ၊ ဒေါ်ဆီလီမီး (၆)ဦးတို့က တရားဝင်စာချုပ်စာတမ်းမှတ်ပုံတင်ဖြင့် အမွေဆက်ခံပိုင်ဆိုင်ခဲ့ပြီး အမွေဆိုင်(၆)ဦးအနက်မှ (၅)ဦးတို့က ၇-၃-၂၀၂၄ ရက်စွဲပါ စာချုပ်စာတမ်းမှတ်ပုံတင်အမှတ် (၃/၂၀၂၄)အရ မူလ မြေဧရိယာ ၀ ဒသမ ၁၆၀ ဧကအနက်မှ အနောက်ဘက်ခြမ်း ၀ ဒသမ ၀၈၀ ဧကအား ဦးပိုင်ခွဲစိတ်၍ ဦးဆာမြူရယ် ၁/ဝမန(နိုင်)၀၃၇၅၂၀ ထံသို့ အပြီးအပိုင်စွန့်လွှတ်ပေးခဲ့ပါသည်။ ယခုအခါ ဦးဆာမြူရယ် အမည်ဖြင့် မြေငှားဂရန် (ဦးပိုင်ခွဲ/အမည်ပြောင်း) လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူ မည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍(၁၅)ရက်ပြည့်မြောက်သည့်ရက်အထိ မြစ်ကြီးနားခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကော်လိတ္တော်အရာရှိ
ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
မြစ်ကြီးနားမြို့

## မော်တော်ယာဉ်မောင်းနှင်သူများ လောင်စာဆီထည့်ရာတွင် လိုက်နာရမည့်အချက်များ (နည်းဥပဒေ ၃၁၂)

မော်တော်ယာဉ်များ လောင်စာဆီထည့်နေစဉ် အောက်ပါတို့ကို လိုက်နာရမည်-

(က) မီးပိတ်၍ စက်သတ်ထားရမည်။
(ခ) မည်သူမျှ ဆေးလိပ်မသောက်ရ။
(ဂ) မည်သူမျှ လက်ကိုင်ဖုန်း အသုံးမပြုရ။
(ဃ) မော်တော်ယာဉ်ပေါ်တွင် ပါရှိသူများ အသက်ကယ်ထိုင်ခုံ ခါးပတ်ဖြုတ်ထားရမည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေနေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်ပြီး ဖြစ်ပါသည်။

## ၁-၅-၂၀၂၄ ရက်နေ့အထိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ကြည်ညိုဖူးမြော်စဉ် အလှူငွေများထည့်ဝင်လှူဒါန်းသည့်အလှူရှင်များစာရင်း

| စဉ် | နဝကမ္မ အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၈၇၄၅။ | နှစ်ဖက်သောမိဘ၊ အစ်ကို၊ အစ်မများအားအမှူးထား၍ ပြည်ထောင်စုဝန်ကြီး သီရိပုံချိုမြင့်ကြိုင်နှင့်ဇနီး ဒေါ်နန်းစိုးယဉ်မြင့်၊ သား၊ သမီး၊ မြေးတစ်စုကောင်းမှု | ၁၀၀၀၀၀၀ |
| ၈၇၄၆။ | ဗိုလ်ချုပ်ဇော်လွင်ဦးနှင့်ဇနီး ဒေါ်ယုယုလွင်မိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၈၇၄၇။ | ဒေါ်အေးသိန်းမိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၈၇၄၈။ | ဦးနေလင်းထွန်းနှင့်ဇနီး ဒေါ်အေးအေးဖြူ (သား)အောင်မြတ်ပိုင်ဟိန်း၊ မောင်အောင်ပြည့်စုံမိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၈၇၄၉။ | ဦးသိန်းထွန်းနှင့်ဇနီး ဒေါ်စန်းစန်းမြင့်မိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၈၇၅၀။ | ဦးကျော်သူရနှင့်ဇနီး ဒေါ်မေကြည်လှိုင်၊ (သား)မောင်ပြည့်စုံသိန်မိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၈၇၅၁။ | ဦးစိုးနိုင်သန်းနှင့်ဇနီး ဒေါ်ကြူကြူဝင်းမိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၈၇၅၂။ | စွန်းလွန်းဆရာတော် အရှင်ဉာဏောဘာသကောင်းမှု | ၁၅၀၀၀၀ |
| ၈၇၅၃။ | ကွယ်လွန်သူနှစ်ဖက်မိဘများအားရည်စူး၍ ဦးအောင်သွင်နှင့်ဇနီး ဒေါ်အေးအေးပြုံး၊ (သား)ဦးကျော်လွင်ဦး၊ (သမီး)ဒေါ်ဟေမာထွန်း၊ ဒေါ်အေးမြတ်မွန်၊ (မြေး)မောင်ဥက္ကာဖြိုးမိသားစုကောင်းမှု | ၁၅၀၀၀၀ |
| ၈၇၅၄။ | မယ်တော်ကြီး ဒေါ်သင်းမြိုင်၊ အရှင်ပညာစာရ(ကြခတ်နိုင်)နှင့်ရွှေတံခါးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၇၅၅။ | ဦးဘိုဝင်းနှင့်ဇနီး ဒေါ်ဌေးကြည်၊ သား၊ သမီး၊ မြေးတစ်စုကောင်းမှု | ၁၀၀၀၀၀ |
| ၈၇၅၆။ | ဗိုလ်ကြီးထွန်းထွန်းဦးနှင့်ဇနီး ဒေါ်သန်းသန်းဌေးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၇၅၇။ | ဒေါ်ငွေနု၊ (သမီး)မအောင်မြင့်ကြည်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၇၅၈။ | ကွယ်လွန်သူဖခင်ကြီး ဗိုလ်မှူးစိုးမြင့်အားရည်စူး၍ ဇနီး ဒေါ်ညွန့်ညွန့်သန်း၊ သား၊ သမီး၊ မြေးတစ်စုကောင်းမှု | ၁၀၀၀၀၀ |
| ၈၇၅၉။ | ကွယ်လွန်သူများအားရည်စူး၍ ဦးစန်းလွင်နှင့်ဇနီး ဒေါ်နုနုယဉ်၊ (သမီး)ဒေါ်ယမုံ၊ (သား)ဒေါက်တာထက်ထွန်းလွင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၇၆၀။ | ဦးစိုးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၇၆၁။ | မိခင်ကြီးဒေါ်သန်းစိန်ကောင်းမှု | ၁၀၀၀၀၀ |
| ၈၇၆၂။ | ဦးချိုလေးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၇၆၃။ | မိဘများအားအမှူးထား၍ ဦးသန်းထွန်းနှင့်ဇနီး ဒေါ်ခင်စန်းနွယ် (သား)မောင်အောင်မြင့်မြတ်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၇၆၄။ | ဦးတင်ထူးနှင့်ဇနီး ဒေါ်မိုးမိုး၊ (သား)ဗိုလ်ကြီးပိုင်စိုးနှင့်ဇနီး မထက်ထက်ဝေ၊ (သား)မောင်ဖိုးလပြည့်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၇၆၅။ | ဒေါ်မီမီချိုမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၇၆၆။ | ဦးလှငြိမ်းနှင့်ဇနီး ဒေါ်ကြည်ကြည်ချို၊ သား၊ သမီး၊ မြေး မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၇၆၇။ | ကိုတင်ထွန်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၇၆၈။ | ကွယ်လွန်သူတပ်ကြပ်ကြီးသံချောင်းအားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၇၆၉။ | ဦးအောင်နိုင်နှင့်ဇနီး ဒေါ်နိုင်ချိုမြင့်၊ (သား)မောင်ထွန်းလင်းဦး၊ မောင်ကျော်ဇင်ထွန်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၇၇၀။ | ကွယ်လွန်သူဦးသောင်းရွှေအားရည်စူး၍ ဒေါ်အေးလှိုင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၇၇၁။ | ဦးကျော်ကျော်လွင်နှင့်ဇနီး ဒေါ်လီလီကြူမိသားစုကောင်းမှု | ၈၀၀၀၀ |
| ၈၇၇၂။ | ဦးမြင့်ဦးနှင့်ဇနီး ဒေါ်ဌေးဌေးမိသားစုကောင်းမှု | ၆၀၀၀၀ |
| ၈၇၇၃။ | ဗိုလ်မှူးကြီးကျော်လွင်နှင့်ဇနီး ဒေါ်အေးအေးမူမိသားစုကောင်းမှု | ၆၀၀၀၀ |
| ၈၇၇၄။ | ဒေါ်စိုးနွယ်ဦးမိသားစုကောင်းမှု | ၅၄၀၀၀ |
| ၈၇၇၅။ | ဦးမောင်မောင်ဝင်းနှင့်ဇနီး ဒေါ်ခင်ထွေးဦးမိသားစုကောင်းမှု | ၅၄၀၀၀ |
| ၈၇၇၆။ | ကွယ်လွန်သူဦးသန်းဝင်းအားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၇၇၇။ | ဦးကျော်ဇေယျမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၇၇၈။ | နှစ်ဖက်မိဘများအားအမှူးထား၍ကိုဝင်းဇော်အေးနှင့်ဇနီး မဝင်းဝင်းဆွေ၊ (သား)မောင်ကောင်းဝင်းသန့်၊ မောင်ဉာဏ်ဝင်းသန့်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၇၇၉။ | ဦးဇော်ခင်အောင်နှင့်ဇနီး ဒေါ်ခတ်ခတ်မျိုးအေး၊ (သား)မောင်မျိုးသန့်ကျော်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၇၈၀။ | ဒေါ်အိအိထွန်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၇၈၁။ | ဦးကျော်စိန်လှိုင်နှင့်ဇနီး ဒေါ်မေဝင်းကြည်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၇၈၂။ | နှစ်ဖက်သောမိဘများအားအမှူးထား၍ မောင်ထက်နိုင်ထွန်းနှင့်ဇနီး မအိရတနာတိုးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၇၈၃။ | ဦးတင်ထွေးနှင့်ဇနီး ဒေါ်ရီရီဌေးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၇၈၄။ | ဦးမြင့်ဇော်နှင့်ဇနီး ဒေါ်ယဉ်ယဉ်မြင့်၊ (သား)ဒေါက်တာဘုန်းမြတ်ဇော်၊ ဒေါက်တာမြင့်မြတ်ဇော်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၇၈၅။ | ဦးတင်မောင်ဦးနှင့်ဇနီး ဒေါ်ခင်ခင်သိန်း၊ (သမီး)မလီမိုးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၇၈၆။ | ဒေါက်တာဝေယံကိုကိုနှင့်ဇနီး မထက်ထက်ဦးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၇၈၇။ | ဦးဝေဖြိုးလွင်နှင့်ဇနီး ဒေါ်အိရွှေသက်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၇၈၈။ | ဦးမောင်လေးနှင့်ဇနီး ဒေါ်တင်ဝင်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၇၈၉။ | မနှင်းကေသွယ်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၇၉၀။ | ဦးဆန်းဝင်းနှင့်ဇနီး ဒေါ်အားဖိန်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၇၉၁။ | ဦးခင်မောင်သွင်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၇၉၂။ | ကိုကောင်းမြတ်ထူးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၇၉၃။ | ကိုထွန်းမင်းလတ်နှင့်ဇနီး မအေးအေးသက်၊ (သား)မောင်လတ်မင်းနှင့် မောင်စိုးမင်းဟန်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၇၉၄။ | ကွယ်လွန်သူနှစ်ဖက်မိဘများနှင့်ခင်ပွန်း ဦးဝင်းလှိုင်တို့အားရည်စူး၍ ဒေါ်သန်းသန်း(ခ)ဒေါ်မြင့်မြင့်ကြည်မိသားစုကောင်းမှု | ၅၀၀၀၀ |

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဦးအောင်စည်သူ(မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဂေါပကအဖွဲ့ရုံး)** ၀၉-၆၆၄၀၀၀၀၄၁၊ ၀၉-၄၄၄၆၆၆၁၀၆

**(ခ) ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၆


### ပတ်စ်ပို့ပျောက်ဆုံးကြောင်း

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ ကုက္ကိုကုန်းကျေးရွာအုပ်စု၊ ကြက်ရိုးစမ်းကျေးရွာနေ (ဘ) ဦးညီလှ၏သား မောင်ဇင်မျိုးအောင် ၈/တတက(နိုင်)၁၇၇၇၅၄ ၏ နိုင်ငံကူးလက်မှတ်အမှတ် MD 460753 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၅၀၄၃၉၄၅၇

### ပတ်စ်ပို့ပျောက်ဆုံးကြောင်း

မကွေးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်၊ မြောင်လည်ကျေးရွာနေ (ဘ) ဦးအောင်စန်း၏သား မောင်ဇော်ဝင်းမောင် ၈/မလန(နိုင်)၀၇၆၉၂၁ ၏ နိုင်ငံကူးလက်မှတ်အမှတ် MC 548107 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၈၉၄၆၆၀၈၁၂

### ပတ်စ်ပို့ပျောက်ဆုံးကြောင်း

မကွေးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်၊ မြောင်လည်ကျေးရွာနေ (ဘ) ဦးတုပ်မြ၏သမီး မသန်းလှိုင် ၈/မလန(နိုင်)၀၉၃၃၄၆ ၏ နိုင်ငံကူးလက်မှတ်အမှတ် MD 526842 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၈၉၄၆၆၀၈၁၂

### ပတ်စ်ပို့ပျောက်

ကျွန်မ မပိုးအိဖြူ ၁/ပတအ(နိုင်) ၀၅၅၂၁၇ ၏ ပတ်စ်ပို့နံပါတ် (MC-279164) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၉၀၈၈၉၀၄၉

### အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ ရမ်ပူရပ်ကွက်၊ ကွင်းအမှတ်နှင့် အမည်(၁၉၊ ရမ်ပူရွာမ)၊ ဦးပိုင်အမှတ်(၁၅၀/၄)၊ မြေဧရိယာ ၀ ဒသမ ၁၀၉ ဧကရှိ မြေကွက်သည် ဦးကျော်နိုင်ဝင်း ၅/ရဘန(နိုင်)၁၄၀၂၆၇ အမည်ဖြင့် မြို့မြေခွန်ပြေစာ စည်းကြပ်လျက်ရှိပါသည်။ ယခုအခါ ဦးကျော်နိုင်ဝင်း အမည်ဖြင့် မြေငှားဂရန် (အသစ်) လျှောက်ထားလာမှုအပေါ် ကျိုးကြောင်း ဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူ မည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်ပြည့် မြောက်သည့်ရက်အထိ မြစ်ကြီးနားခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကော်လိတ္တော်အရာရှိ၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့

ပြည်တွင်းအခွန်များဦးစီးဌာန

# အောင်ဘာလေသိန်းဆုဌာနခွဲ

## (၆၂) ကြိမ်မြောက် ကျပ် (၁၀၀၀)တန် အောင်ဘာလေသိန်းဆုထီပေါက်စဉ် ၂၀၂၄ ခုနှစ် မေလ (၁) ရက်နေ့

အောင်ဘာလေသိန်းဆု ထီပေါက်စဉ်အား www.ird.gov.mm တွင် ကြည့်ရှုထုတ်ယူနိုင်ပါသည်။ *အခမဲ့ထုတ်ဝေသည်*

### အထူးဆုကြီး ကျပ်သိန်း (၅၀၀၀) ဆု
ဂ - ၁၈၅၆၇၇

ကံထူးရှင်(၁)ဦး

### အထူးဆုကြီး ကျပ်သိန်း (၂၀၀၀) ဆု
ဈ - ၉၂၆၅၇၈

ကံထူးရှင်(၁)ဦး

### အထူးဆုကြီး ကျပ်သိန်း (၁၀၀၀) ဆု
ခ - ၄၉၀၀၂၂

ကံထူးရှင်(၁)ဦး

### ဆုတစ်ဆုချင်းကျပ်သိန်း(၅၀၀)ဆုများ

| | |
|---|---|
| ဇ - ၁၃၇၀၃၃ | ဈ - ၇၂၆၇၁၇ |
| ဂ - ၃၁၃၀၄၃ | င - ၈၉၇၇၉၆ |

ကံထူးရှင်(၄)ဦး

### ဆုတစ်ဆုချင်းကျပ်သိန်း(၂၀၀)ဆုများ

| | |
|---|---|
| ဈ - ၃၄၀၆၉၀ | ဇ - ၆၆၄၆၃၇ |
| စ - ၆၁၇၃၂၁ | ဂ - ၆၉၀၂၉၂ |
| ဇ - ၆၆၃၇၆၈ | ဇ - ၈၄၂၂၇၈ |

ကံထူးရှင်(၆)ဦး

### ဆုတစ်ဆုချင်းကျပ်သိန်း(၁၀၀)ဆုများ

| | | |
|---|---|---|
| ခ - ၂၃၅၉၉၀ | ခ - ၃၁၁၁၉၁ | ဈ - ၄၃၉၄၈၆ |
| ဆ - ၂၅၃၂၆၃ | ဆ - ၃၄၁၉၀၄ | ဈ - ၄၈၈၇၇၂ |
| င - ၂၇၇၇၈၀ | ဇ - ၃၉၉၀၉၇ | က - ၆၅၂၆၂၄ |

ကံထူးရှင်(၉)ဦး

### ဆုတစ်ဆုချင်း ကျပ်သိန်း(၅၀)ဆုများ

| | |
|---|---|
| က - ၃၀၆၃၀၀ | ဆ - ၆၂၁၂၅၆ |
| ခ - ၃၂၅၂၂၅ | ဆ - ၆၄၈၇၃၀ |
| က - ၄၂၈၈၀၇ | စ - ၈၁၉၃၉၁ |
| င - ၄၇၈၁၉၈ | ဇ - ၈၄၂၀၂၈ |
| င - ၅၃၇၃၇၁ | က - ၈၅၈၃၅၄ |
| ဆ - ၅၅၆၂၄၂ | ဃ - ၈၆၉၆၈၅ |

ကံထူးရှင်(၁၂)ဦး

### ဆုတစ်ဆုချင်း ကျပ်သိန်း(၂၀)ဆုများ

| | | |
|---|---|---|
| င - ၁၁၄၇၈၁ | ဃ - ၄၈၆၄၄၆ | ခ - ၇၅၄၀၅၁ |
| ဇ - ၁၅၆၄၅၂ | ဃ - ၆၀၇၆၆၉ | ခ - ၇၆၄၁၅၈ |
| ဇ - ၃၁၂၇၈၁ | ခ - ၆၃၃၀၁၁ | ခ - ၇၆၄၁၆၆ |
| ဇ - ၃၂၇၄၅၅ | ဂ - ၆၄၁၁၆၃ | ဇ - ၈၀၀၀၉၂ |
| ဈ - ၃၇၀၅၁၃ | ခ - ၇၄၈၄၁၆ | ဆ - ၈၈၀၄၈၁ |
| ဂ - ၄၄၁၉၇၀ | | |

ကံထူးရှင်(၁၆)ဦး

### ဆုတစ်ဆုချင်း ကျပ်(၁၀)သိန်းဆုများ

| | |
|---|---|
| ဈ - ၂၂၈၆၈၂ | ခ - ၅၁၂၀၆၉ |
| ဃ - ၂၃၇၉၄၆ | က - ၅၈၁၀၃၆ |
| က - ၃၀၄၁၂၉ | စ - ၅၉၂၅၆၄ |
| ဂ - ၃၅၁၆၃၀ | ဂ - ၆၁၂၅၀၈ |
| ခ - ၃၅၅၁၉၃ | က - ၇၂၄၂၄၄ |
| ဇ - ၄၁၂၈၃၁ | ဈ - ၈၆၁၀၂၈ |
| ခ - ၄၆၁၁၁၂ | ခ - ၉၅၁၂၃၁ |

ကံထူးရှင်(၁၄)ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ(၃)ယူနစ်

စ - ၂၀၅၁၃

ဇ - ၅၆၅၂၀

င - ၈၀၄၇၀

အက္ခရာနှင့်ရှေ့ဂဏန်း(၅)လုံးအစဉ်လိုက်တူ - ကျပ်(၃)သိန်း

ကံထူးရှင်(၃၀)ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ(၃)ယူနစ်

င - ၃၀၅၁

င - ၄၀၀၅

င - ၅၄၄၁

အက္ခရာနှင့်ရှေ့ဂဏန်း(၄)လုံးအစဉ်လိုက်တူ - ကျပ်(၂)သိန်း

ကံထူးရှင်(၂၂၃)ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ(၉)ယူနစ်

| | | |
|---|---|---|
| ဂ - ၁၀၄ | ဂ - ၅၆၈ | င - ၇၅၅ |
| ခ - ၁၅၁ | ဈ - ၆၈၂ | ဆ - ၇၆၇ |
| ဂ - ၅၂၁ | ဆ - ၆၈၈ | ဂ - ၈၀၃ |

အက္ခရာနှင့်ရှေ့ဂဏန်း(၃)လုံးအစဉ်လိုက်တူကျပ်(၁)သိန်း

ကံထူးရှင်(၆၇၂၁)ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၅)သောင်းဆုများ(၃)ယူနစ်

ဆ - ၂၄ ဃ - ၈၀ က - ၈၃

အက္ခရာနှင့်ရှေ့ဂဏန်း(၂)လုံး အစဉ်လိုက်တူ - ကျပ်(၅)သောင်း

ကံထူးရှင်(၂၂၅၇၅)ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၁)သောင်းဆု(၁)ယူနစ်

ဇ - ၈

အက္ခရာနှင့်ရှေ့ဂဏန်း(၁)လုံး အစဉ်လိုက်တူ - ကျပ်(၁)သောင်း

ကံထူးရှင်(၇၄၉၇၅)ဦး

## ဘဏ္ဍာသိမ်းရငွေမှ ပြန်လည် ချီးမြှင့်သောဆုမဲများ

### ဆုတစ်ဆုချင်း ကျပ် (၁၀) သိန်းဆုများ

| | |
|---|---|
| င - ၁၁၆၄၉၉ | ဂ - ၅၃၅၄၂၉ |
| ဃ - ၅၂၉၅၇၈ | စ - ၇၈၄၁၇၉ |

ကံထူးရှင်(၄)ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ(၂)ယူနစ်

ဃ - ၃၆၂၈၁ ဇ - ၆၄၅၃၈

အက္ခရာနှင့်ရှေ့ဂဏန်း(၅)လုံးအစဉ်လိုက်တူ - ကျပ်(၃)သိန်း

ကံထူးရှင်(၂၀)ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ(၂)ယူနစ်

ခ - ၂၁၈၃ က - ၉၆၅၆

အက္ခရာနှင့်ရှေ့ဂဏန်း(၄)လုံးအစဉ်လိုက်တူ - ကျပ်(၂)သိန်း

ကံထူးရှင်(၂၀၀)ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ(၂)ယူနစ်

ဆ - ၄၄၈ ဂ - ၅၁၈

အက္ခရာနှင့်ရှေ့ဂဏန်း(၃)လုံးအစဉ်လိုက်တူ - ကျပ်(၁)သိန်း

ကံထူးရှင်(၁၄၅၀)ဦး

